# ဘဏ္ဍာစိုးဆိုင်ရာအကြံပေးချက်များ

## (အယ်လင်ဂျီဝှိုက်)

- ပေးကမ်းဖို့ရန်စုဆောင်းခြင်း
- ရှိသေဖွယ်ရာဖြစ်သောသစ္စာပြုခြင်းနှင့်ကတိခံဝန်ချက်များ
- သေတမ်းစာများနှင့်အမွေခံပစ္စည်းများ
- ကတိတည်သောဘဏ္ဍာစိုးဖြစ်ခြင်း၏ဆုလာဘ်

## မာတိကာ


၅၆။ လူတို့ကိုချီးမြှင့်မှုပြုဖို့ရန်စီမံထားခြင်း -------------- ၃
၅၇။ လူငယ်လူရွယ်တို့အားမှာကြားချက် -------------- ၁၃
၅၈။ ချွေတာရန်ပန်ကြားခြင်း ---------------------- ၂၆
၅၉။ ဘုရားသခင်အားကတိပေးထားခြင်းများတည်ရမည် --- ၄၁
၆၀။ အာနနိ၏အပြစ် --------------------------- ၄၇
၆၁။ ဘုရားသခင်နှင့်ပဋိညာဉ်စာချုပ် ---------------- ၅၄
၆၂။ မသေဆုံးမီပြင်ဆင်မှု ------------------------ ၆၄
၆၃။ ဘဏ္ဍာစိုးဖြစ်ခြင်းသည် ကိုယ်တိုင်နှင့်ဆိုင်သော
တာဝန်ဝတ္တရားဖြစ်ခြင်း ---------------------- ၈၂
၆၄။ တာဝန်ဝတ္တရားကိုအခြားသောသူများအား
ပြောင်းလွှဲပေးခြင်း -------------------------- ၈၉
၆၅။ ဆုလာဘ်၏နေရာသည်အမှုတော်ဆောင်ရွက်ခြင်း၏
အကြောင်းရင်းဖြစ်ခြင်း ----------------------- ၉၄
၆၆။ ကောင်းကင်ဘုံ၌ရှိသောဘဏ္ဍာ ---------------- ၁၀၀
၆၇။ သူ့အကျိုးကိုရှာလိုသောသူအဖို့ လောကနှင့်ဆိုင်သော
ကောင်းချီးမင်္ဂလာများ ---------------------- ၁၀၇
၆၈။ ကယ်တင်ခြင်းခံရသောသူတို့၏ပျော်ရွှင်ခြင်း၌
ပါဝင်ခြင်း ------------------------------ ၁၁၄

## (၁၆) လူတို့ကိုချီးမြှင့်မှုပြုဖို့ရန်စီမံထားခြင်း

ဘုရားသခင်၏အမှုတော်အဆက်မပြတ်တည်နေဖို့ရန် ဇဝ်ဂေလိတရားတော်ကချမှတ်ထားသော တစ်ခုတည်းသောအကြံအစည်သည် ကိုယ်တော်၏အမှုတော်ကိုထောက်ပံ့ဖို့ရန် လူတို့အားတာဝန်ပေးခြင်းပင်ဖြစ်သည်။ ဘုရားသခင်၏တန်ခိုးတော်ကိုသာကြည့်ရှု၍ လူသည် ဘုရားသခင်အား ကိုယ်တော်တောင်းဆိုတော်မူသောဝေပုံကျကိုသာ ပေးအပ်ရမည်။ ကရာနိကုန်းရှိလက်ဝါးကပ်တိုင်ကို မျက်မှောက်ပြုပြီးလျှင် ကမ္ဘာကြီး၏ကယ်ချွတ်သခင်ကိုကြည့်ရှု၍ ကိုယ်တော်ဆင်းရဲခံတော်မူခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကြွယ်ဝခြင်းသို့ရောက်ရှိဖို့ရန် ကိုယ်တော်သည် ကျွန်ုပ်တို့အဖို့ ဆင်းရဲခြင်းကိုခံတော်မူသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ကိုယ်အဖို့ ဤကမ္ဘာမြေကြီးပေါ်၌ ဘဏ္ဍာများကိုဆည်းပူးခြင်းမပြုဘဲ မည်သည့်အခါမျှမပျောက်ပျက်နိုင်သောကောင်းကင်နိုင်ငံတော်ဘဏ္ဍာတိုက်၌ ဘဏ္ဍာများကိုဆည်းပူးရမည်။ ဘုရားသခင်သည် သခင်ယေရှုကို ကျွန်ုပ်တို့၏ကမ္ဘာအတွက် စွန့်ပေးတော်မူသောကြောင့် မေးမြန်းရမည်မှာ ကိုယ်တော်၏မေတ္တာတော်ကိုနှစ်သက်သဘောကျသောအနေဖြင့် ကျွန်ုပ်တို့သည်





ဘုရားသခင်အား လက်ဆောင်ပဏ္ဏာများနှင့် အလှူငွေများအနေဖြင့် မည်သည့်အရာကိုပေးကမ်းနိုင်ကြသနည်း။ ရက်ရောစွာပေးလော့။

သစ္စာရှိသောဘဏ္ဍာစိုးသည် ဘုရားသခင်အား ပေးကမ်းရသောအလှူငွေ၌ လျှော့ပေါ့၍ပေးမည့်အစား အချိုးအစား၌မည်မျှတိုး၍ ဘုရားသခင်၏ဘဏ္ဍာတော်တိုက်ထဲသို့ ထည့်လှူမည်နည်း။ သူသည် မည်သူကိုအစေခံနေသနည်း။ သူသည် မည်သူ့အဖို့ အလှူငွေကိုပြင်ဆင်နေသနည်း။ အဖြေမှာ သူပျော်မွေ့နေသည့် ကောင်းသောအရာဟူသမျှကို ချပေးသနားတော်မူသောကိုယ်တော်အဖို့ပင်ဖြစ်သည်။ သို့ဖြစ်၍ သခင်ခရစ်တော်၏ကျေးဇူးတော်ကိုရရှိနေကြသော ကျွန်ုပ်တို့တစ်ဦးတစ်ယောက်မျှကျွန်ုပ်တို့အား ညီအစ်ကိုများဟုခေါ်သည်ကို ကောင်းကင်တမန်များသည်လည်းကောင်း၊ သခင်ခရစ်တော်အဖို့လည်းကောင်း ရှက်ကြောက်ဖွယ်ရာမဖြစ်ပါစေနှင့်။

ဘုရားသခင်၏အမှုတော်အတွက် ပေးကမ်းရသည်ကို ကျေးဇူးမတင်တတ်ခြင်းသဘောကိုပြမည်လား။ ၎င်းပြင် ကျွန်ုပ်တို့၏စေးနှဲခြင်းအလေ့အကျင့်များအားဖြင့်လည်း ဖော်ပြမည်လား။ ထိုသို့မဟုတ်ပေ။ ကျွန်ုပ်တို့ကိုယ်ကိုအသက်ရှင်နေသောပူဇော်သကာအနေဖြင့် အပ်ပေး၍ သခင်ယေရှုအား

ကျွန်ုပ်တို့၌ရှိသမျှကို အကုန်ပေးကမ်းကြစို့။ ကိုယ်တော်ပိုင်တော်မူသည့် ကျွန်ုပ်တို့သည် ကိုယ်တော်ဝယ်ယူထားသောသူများဖြစ်ကြသည်။ ကိုယ်တော်၏ကျေးဇူးတော်ကိုလက်ခံရရှိသောသူများ၊ ကရာနိလက်ဝါးကပ်တိုင်ကို အာရုံပြုသောသူများတို့သည် ပေးကမ်းရမည့်အချိုးအစားကို မေးမြန်းမည်မဟုတ်။ အဖိုးအထိုက်တန်ဆုံးအလှူငွေသည် အလွန်နည်းပါးလှ၏။ အကန့်အသတ်မရှိသော ဘုရားသခင်ပေးတော်မူသည့်ဆုလာဘ်ဖြစ်သော တစ်ပါးတည်းသောသားတော်နှင့်နှိုင်းယှဉ်ပါက အချိုးအစားမညီဖြစ်ခဲ့သည်။ မိမိကိုယ်ကိုငြင်းပယ်ခြင်းဖြင့် အဆင်းရဲဆုံးသောသူသည် ဘုရားသခင်ကိုပြန်၍ တစ်စုံတစ်ခုပေးကမ်းဖို့ရန် နည်းလမ်းတွေ့လိမ့်မည်။

## အချိန်၏ဘဏ္ဍာစိုး

အချိန်သည် ငွေဖြစ်သည်။ မိမိတို့၏လက်ဖြင့် ကောင်းသောအလုပ်ကိုလုပ်ကိုင်၍ အသုံးဝင်သောဆောင်ရွက်ခြင်းများလုပ်ကိုင်နိုင်သောအချိန်ကို အများသောသူတို့သည် ဖြုန်းတီးလျက်နေကြသည်။ ဘုရားသခင်သည် သူတို့ကိုကတိတည်သစ္စာရှိသောငယ်သားကောင်းဟု မည်သည့်အခါမျှ မိန့်တော်မူမည်မဟုတ်။



ဘုရားသခင်၏အဖိုးထိုက်တန်သောအစွမ်းသတ္တိများကိုရရှိသော်လည်း တိုးပွားဖို့ရန် ခွန်အားစိုက်ထုတ်ခြင်းမရှိ၊ လိုအပ်သူများကိုမစရန်နှင့် ဘုရားသခင်အား အလှူငွေများပေးဖို့ရန် ကြေးငွေရရှိအောင် မလုပ်နိုင်သောသူတို့ကိုလည်း သစ္စာရှိသောငယ်သားကောင်းဟု မိန့်တော်မူမည်မဟုတ်။

ကြွယ်ဝချမ်းသာသောသူတို့သည် အလှူငွေပေးကမ်းရုံဖြင့် ကျေနပ်လောက်ပြီဟု ထင်မြင်ခြင်းမရှိနိုင်ပေ။ သူတို့၏အစွမ်းသတ္တိစွမ်းဆောင်နိုင်ခြင်းရှိကြသည်။ သူတို့သည် ဘုရားသခင်ရှေ့တော်၌ ကိုယ်ကိုကိုယ်ဆက်သခြင်းငှါ ကြိုးစားအားထုတ်ကြရမည်။ အသုံးကျသောအရာ၌ မိမိတို့၏သားသမီးများကို သွန်သင်ဆုံးမပညာပေးရန် စိတ်အားထက်သန်သောဝိညာဉ်ရေးဆိုင်ရာကိုယ်စားလှယ်များဖြစ်ရမည်။ မိဘနှင့်ကလေးများတို့သည် မိမိတို့ကိုယ်ကို မိမိတို့ပိုင်ဆိုင်သည်ဟူ၍လည်းကောင်း၊ သူတို့၏အချိန်နှင့်ဥစ္စာပစ္စည်းကို သူတို့သဘောကျလုပ်ကိုင်နိုင်သည်ဟူ၍လည်းကောင်း ထင်မြင်ခြင်းမရှိရပေ။ သူတို့သည် ဘုရားသခင်ပိုင်ပစ္စည်းများဖြစ်၍ သူတို့၏ကိုယ်ခန္ဓာခွန်အားဖြင့်လုပ်ကိုင်၍ရသောအမြတ်ကို ဘုရားသခင်၏ဘဏ္ဍာတိုက်ထဲသို့သွင်းဖို့ရန်ခေါ်သည်။

## ကိုယ်ကိုငြင်းပယ်ခြင်းနှင့်လက်ဝါးကပ်တိုင်

ယခုရှိနေသည့် ထောင်ပေါင်းများစွာသောကိုယ်ကျိုးရှာဖွေခြင်းများကို ရပ်ဆိုင်းလိုက်၍ ကြေးငွေများကို မှန်ကန်သောလမ်းကြောင်းထဲသို့မတည်ပေးလိုက်လျှင် ဘဏ္ဍာတိုက်ထဲသို့ များစွာသောအလှူငွေများ စီးဝင်လာခဲ့လိမ့်မည်။ ဘုရားသခင်၏ အိမ်သို့ရောက်ရှိမည့်အလှူငွေဖြင့် လူအများအပြားတို့သည် မိမိတို့တပ်မက်သောအရာများကိုဝယ်ယူကြသည်။ မှန်ကန်သော ကိုယ်ကိုကိုယ်ငြင်းပယ်ခြင်းကို မကျင့်သုံးလျှင် မည်သူမျှ မှန်ကန်ကောင်းမြတ်သောစိတ်စေတနာကို ကျင့်သုံး၍ရမည်မဟုတ်။ ခရစ်တော်နောက်သို့ မှန်ကန်စွာလိုက်လျှောက်နေသော ခရစ်ယာန်တိုင်းတို့၏လမ်း၌ ကိုယ်ကိုငြင်းပယ်ခြင်းနှင့် လက်ဝါးကပ်တိုင်သည် ရှေ့တည့်တည့်၌ရှိနေသည်။ ယေရှုက "ငါ၌ဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်။ ကိုယ့်လက်ဝါးကပ်တိုင်ကိုထမ်း၍ ငါ့နောက်သို့လိုက်ရမည်။" ခရစ်ယာန်တပည့်တော်ဖြစ်ခြင်း၌ ကိုယ်ကိုကိုယ်ငြင်းပယ်ခြင်း၊ အနစ်နာခံခြင်း၊ အလိုရှိပါက လောကအတွက် မိမိအသက်ကိုပေးတော်မူသောကိုယ်တော်အဖို့ အသက်ကိုပင်ပေးရမည်ဖြစ်ကြောင်း အသက်ဝိညာဉ်တိုင်း စဉ်းစားရမည်မဟုတ်လော။



လက်ဝါးကပ်တိုင်ပေါ်၌ရှိသော ခရစ်တော်ကိုကြည့်မြင်သောသူတို့သည် အဖိုးမဖြတ်နိုင်သောခရစ်တော်ကို ဆုအဖြစ်ပေးတော်မူသောကြောင့် ဘုရားသခင်၌ သူတို့၏တာဝန်အရချည်နှောင်ထားလျက်ရှိကြသဖြင့် သူတို့အဖို့ မည်မျှပင်အဖိုးထိုက်တန်စေကာမူ သူတို့ပိုင်ဆိုင်သောအရာတစ်ခုမှမပေးဘဲမနေနိုင်ပေ။ ဤလောက၏အပြစ်သားတို့ကို ယူဆောင်သွားသောသိုးသငယ်၏အထံတော်သို့ အသက်ဝိညာဉ်များကိုဆွဲဆောင်ဖို့ရန် အသုံးပြုရာ၌ အလွန်ချမ်းသာသောသူတို့အဖို့ဖြစ်စေ၊ အလွန်ဆင်းရဲသောသူတို့အဖို့ဖြစ်စေ၊ လူတို့၌ရှိသောအရာတစ်စုံတစ်ခုသည် အသုံးချဖို့ရန်လိုအပ်ပါက ဤကိစ္စအတွက် သူတို့သဘောအတိုင်းအသုံးပြုနိုင်ကြသည်။ အပြစ်သားများကိုကယ်တင်ခြင်းပေးကမ်းရာ၌ ဘုရားသခင်သည် လူကို မိမိနှင့်လုပ်ဖော်ဆောင်ဖက်အနေဖြင့် အသုံးပြုတော်မူသည်။

လူမျိုးအသီးအသီးဘာသာစကားအမျိုးမျိုးကိုပြောဆိုသောသူတို့အား သမ္မာတရားအကြောင်းသိကျွမ်းဖို့ရန် ဟောပြောခြင်း၌ ကောင်းကင်တစ်ခုလုံးသည် လိုအပ်သောအရာများကိုပေးကမ်းလျက်ရှိသည်။ ဧကန်အမှန်ပြောင်းလဲလာကြသည်ဟုဝန်ခံသောသူတို့သည် အခြားသူများထံသို့ သူတို့၏အလင်းကို

မထွန်းလင်းပါက သူတို့သည် ခရစ်တော်၏စကားကို မထီလေးစားပြုလျက်ရှိကြသည်။

ဘုရားသခင်၏အမှုတော်အတွက် မည်ရွေ့မည်မျှပေးကမ်းပြီးပြီဟု ကျွန်ုပ်တို့သည် ပြောဆိုစရာအကြောင်းမရှိပေ။ ဘုရားသခင်၏ဘဏ္ဍာတော်တိုက်သို့မသွင်းဘဲ ကိုယ့်အလိုသို့လိုက်ခြင်းနှင့် ကိုယ်စိတ်ကြိုက်ပြုလုပ်လိုသောပျော်ရွှင်မှုများအတွက် မည်မျှမပေးကမ်းထားခဲ့သည့်အကြောင်းကို ကျွန်ုပ်တို့စဉ်းစားကြစို့။ ကိုယ်စားလှယ်များ မည်မျှစေလွှတ်ပြီးကြောင်းကို ရေတွက်နေဖို့ရန်မလိုပေ။ သို့သော် သူတို့၏အထူးထူးအထွေထွေအစွမ်းရှိသည်အတိုင်း သူတို့၏တာဝန်ဝတ္တရားကို သူတို့မတွေ့မြင်နိုင်ရန် သူတို့၏နားလည်ခြင်းသဘောကိုပိတ်ထားသောသူများ မည်ရွေ့မည်မျှရှိနေသည်ကို ပြန်၍ရေတွက်ရန်လိုသည်။

ဘဏ္ဍာတိုက်၌ငွေရှိ၍ သူတို့ကိုအမှုတော်ဆောင်ရွက်ခြင်းအလုပ်၌ ထောက်ပံ့ထားနိုင်ခဲ့လျှင် ယခုအချိန်၌ လူမည်ရွေ့မည်မျှအလုပ်ခွင်၌ရှိနေကြအံ့နည်း။ ကိုယ်တော်၏စီမံခြင်းဖြင့် လမ်းပွင့်သွားသည်နှင့်အမျှ အမှုတော်တိုးတက်စေနိုင်ဖို့ရန် မည်မျှလွှယ်ကူခြင်းများရှိအံ့နည်း။ နေရာမြောက်မြားစွာတို့၌ ကောင်းသောအလုပ်လုပ်ကိုင်ဖို့ရန် လူပေါင်းရာချီ၍ အသုံးပြုနိုင်သော်လည်း သူတို့သည် ထိုနေရာများ၌မရှိကြပေ။ အဘယ်အကြောင်း



ကြောင့်နည်း။ ကိုယ်ကျိုးရှာဖွေခြင်းသည် သူတို့ကိုအိမ်တွင်း၌ရှိနေစေသည်။ သူတို့သည် သက်သာသောအနေအထိုင်ကို နှစ်သက်ကြသည်။ သို့ဖြစ်၍ ဘုရားသခင်၏စပျစ်ဥယျာဉ်မှ ဝေးကွာ၍နေကြသည်။ အချို့သောသူတို့သည် ဝေးလံသောနေရာများသို့သွားလိုကြသည်။ သို့သော်လည်း သူတို့ကိုပို့ဆောင်ဖို့ရန် သူတို့၌ငွေမရှိပေ။ သူတို့လုပ်ကိုင်ရမည့်အလုပ်ကိုမပြီးစီးဘဲထားခဲ့ကြသည်။ သို့ဖြစ်၍ အချို့တို့မှာ ကောက်လှိုင်းအပြည့်တင်ထားသောလှည်းကဲ့သို့ ဝန်အပြည့်ထမ်းဆောင်ကြရ၍ အချို့တို့မှာ ဝန်ပေါ့လျက်ရှိကြသည်။ R & H, July 14, 1896.

## အသက်ဝိညာဉ်တစ်ခုကိုကယ်ဆယ်နိုင်သောငွေ

သမ္မာတရားသတင်းစကားသည် လူတိုင်းတို့ထံသို့ ရောက်ရှိနိုင်ရန် ဘုရားသခင်သည် စီမံထားတော်မူသည်။ သို့သော်လည်း ဤကိစ္စအတွက် ကိုယ်တော်၏ဘဏ္ဍာစိုးများလက်ထဲ၌ အပ်ထားသောငွေများကို သူတို့သည် မိမိတို့အလိုဆန္ဒပြည့်စုံဖို့ရန် သုံးဖြုန်းကြသည်။

ကျွန်ုပ်တို့၏လူငယ်လူရွယ်များသည်လည်း မလိုအပ်သောအရာများ၌လည်းကောင်း၊ ကိုယ့်အလိုသို့လိုက်၍ ပျော်ပါး

ခြင်းများ၌လည်းကောင်း၊ ကြွားဝါခြင်း၌လည်းကောင်း မစဉ်းစားမဆင်ခြင်ဘဲ ဖြုန်းတီးလိုက်ကြသည်။ ကျွန်ုပ်တို့ပိုင်ဆိုင်သောကြေးငွေတိုင်းသည် ဘုရားသခင်ပိုင်ငွေများဖြစ်သည်။ မလိုအပ်သောအရာများ၌ ကျွန်ုပ်တို့၏ငွေကို သုံးစွဲပစ်မည့်အစား အမှုတော်လုပ်ငန်းနှင့်စပ်ဆိုင်၍ တောင်းဆိုသောအခါ ပေးကမ်းနိုင်ရန်ရင်းနှီးထားရကြမည်။

နယ်သစ်များဖွင့်လာသည်နှင့်အမျှ ကြေးငွေမစဖို့ရန်တောင်းခံခြင်းသည်လည်း ပို၍များလာခဲ့သည်။ ချွေတာဖို့ရန်အချိန်သည် ဤအချိန်ဖြစ်သည်။ ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်သောသူတို့သည် ကယ်တင်သခင်၏ ကိုယ့်ကိုကိုယ်ငြင်းပယ်ခြင်းနှင့်ချွေတာခြင်းပုံသက်သေကို ကြည့်ရှု၍လုပ်ကိုင်ကြရမည်။ သူတို့လက်၌ရှိနေသောကြေးငွေသည် ဘုရားသခင်ပိုင်ဖြစ်၍ သူတို့လက်ထဲ၌အပ်နှံထားရာ ယင်းငွေကို သေချာစွာသုံးစွဲဖို့ရန်တာဝန်ရှိသည်။ ကြေးပြားစေ့တိုင်းကို အမြတ်တနိုးထားရမည်။ တစ်ပြားသည် မရေရာလောက်သောငွေဖြစ်သည်။ သို့သော် ပြားတစ်ရာရှိလာလျှင် ငွေတစ်ကျပ်နှင့်ညီမျှလာသည်။ ယင်းငွေကို မှန်ကန်စွာအသုံးပြုခြင်းသည် အသက်ဝိညာဉ်တစ်ခုကို သေခြင်းမှကယ်တင်ခြင်းဖြစ်ပေမည်။ ကျွန်ုပ်တို့၏လူများသည် မိမိတို့အလိုသို့လိုက်၍ သုံးစွဲသောငွေကို ဘုရားသခင်၏အမှုတော်အဖို့အသုံးပြုခဲ့လျှင် ငွေမရှိသောငွေတိုက်များရှိမည်မဟုတ်။



ဘုရားသခင်၏အမှုတော်လုပ်ငန်းဌာနများကို ကမ္ဘာတစ်ဝန်းလုံးရှိနေရာများစွာ၌ တည်ထောင်နိုင်လိမ့်မည်။

အသင်းတော်၏အသင်းသားများသည် သူတို့၏မာနထောင်လွှားခြင်းနှင့် တန်ဆာဆင်ယင်ခြင်းတို့ကို ပယ်ရှားကြစေ။ လူတိုင်း အမှုတော်အလှူငွေသေတ္တာကို လက်လှမ်းမီရာ၌ထား၍ မိမိအလိုသို့လိုက်မည့်ကြေးငွေတိုင်းကို အလှူငွေသေတ္တာထဲသို့ထည့်ကြစို့။ သို့သော်လည်း အပေါယံအလုပ်များကိုပယ်ရှားလိုက်ခြင်းထက် ပို၍လုပ်ကိုင်စရာရှိသည်။ ကိုယ့်ကိုကိုယ်ငြင်းပယ်ခြင်းကိုလေ့ကျင့်ပေးပါ။ ကျွန်ုပ်တို့၌ရှိသောသက်သာချောင်ချိခြင်းနှင့် တပ်မက်မောနေသောအရာများကို အနစ်နာခံရမည်။ တရားဟောဆရာများသည် သူတို့၏သတင်းစကား၌ထိရောက်ခြင်းရှိရန် ပြင်ဆင်ရမည်။ ကိုယ့်အလိုသို့လိုက်ခြင်းနှင့်အဝတ်အစား၌မာနရှိခြင်းများကို ချိုးနှိမ်ရမည့်အပြင် မိမိကိုယ်ကိုငြင်းပယ်၍ အနစ်နာခံသောသခင်ယေရှုကိုဖော်ပြရမည်။ စိတ်နှလုံးထဲ၌ ချစ်ခြင်းမေတ္တာ၊ ဘုရားသခင်ကိုရိုသေလေးစားခြင်းနှင့်ယုံကြည်ခြင်းများကို အမြတ်တနိုးထားပါ။ အဖိုးထိုက်တန်သောအသီးများသည် အသက်တာ၌ပေါ်လာလိမ့်မည်။ “Historical Sketches of the Foreign Missions of the Seventh-day Adventists,” p. 293.

–၀–

## (၅၇) လူငယ်လူရွယ်တို့အားမှာကြားချက်

ဘုရားသခင်၏အမှုတော်အတွက် ချွေတာခြင်းနှင့် ကိုယ့်ကိုကိုယ်ငြင်းပယ်ခြင်းသင်ခန်းစာများကို သင်ကြားဖို့ရန် လူငယ်တို့၌ အခွင့်အရေးများရှိကြောင်းကို များစွာပြောဆိုရန်ရှိပါသည်။ အများသောလူငယ်လူရွယ်တို့၏စိတ်၌ သူတို့သည် ပျော်ရွှင်မှုအမျိုးမျိုးတို့ကိုလိုက်စားကြမည်ဖြစ်၍ သူတို့၌ရရှိသောဝင်ငွေအားလုံးကို ထိုသို့သောပျော်ရွှင်မှုများ၌ သုံးစွဲကြလေသည်။ ဤကိစ္စမျိုး၌ ဘုရားသခင်သည် ကျွန်ုပ်တို့အား သာ၍ကောင်းမွန်သောအရာကို လုပ်ကိုင်စေလိုသည်။ ကျွန်ုပ်တို့၌ စားဝတ်နေရေးလုံလောက်၍ ကျေနပ်နေသောအချိန်တွင် ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို အပြစ်ကျူးလွန်တတ်ကြသည်။ ကျွန်ုပ်တို့အဖို့ ဤအရာထက်သာ၍ မြင့်မားသောအရာကို ဘုရားသခင်သည် ကျွန်ုပ်တို့ရှေ့၌ထားတော်မူသည်။ ကျွန်ုပ်တို့သည် ကိုယ်ကျိုးရှာဖွေလိုသောဆန္ဒများကို ဖယ်ရှားပစ်ရန်အလိုရှိ၍ စိတ်နှလုံးနှင့်စိတ်၏တန်ခိုးခွန်အားများကို ဘုရားသခင်၏အမှုတော်အဖို့ ပေးအပ်ခဲ့လျှင် ကောင်းကင်တန်ခိုးများသည် ကျွန်ုပ်တို့နှင့်ပူးပေါင်း၍ လူသားတို့အဖို့ ကောင်းချီးမင်္ဂလာဖြစ်စေလိမ့်မည်။





လူငယ်လူရွယ်သည် ဆင်းရဲသောသူတစ်ယောက်ဖြစ်ပေမည်။ သို့သော်လည်း ကြိုးစားမှုရှိ၍ ချွေတာတတ်သောလူငယ်သည် ဘုရားသခင်၏အမှုတော်အတွက် အနည်းငယ်စုဆောင်းနိုင်သည်။ ကျွန်ုပ်သည် အသက်တစ်ဆယ့်နှစ်နှစ်အရွယ်သို့ရောက်ချိန်၌ ချွေတာရမှန်းကိုသိသည်။ ကျွန်ုပ်၏ညီမနှင့်အတူ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်တစ်ခုကို သင်ကြားပေးခဲ့ပါသည်။ ကျွန်ုပ်သည် တစ်နေ့လျှင် သုံးကျပ်ပင်ရရှိသော်လည်း ဤဝင်ငွေမှ အနည်းငယ်ကိုစုဆောင်း၍ အမှုတော်လုပ်ငန်းများအဖို့ ပေးကမ်းနိုင်ခဲ့ပါသည်။ အနည်းအကျဉ်းဖြင့် စုဆောင်းလာခဲ့ရာ နောက်ဆုံးကျွန်ုပ်၌ ကျပ်တစ်ရာ့ရှစ်ဆယ်ခန့်စုဆောင်းမိခဲ့ပါသည်။ သခင်ယေရှုများမကြာမီကြွလာတော်မူမည့်သတင်းစကားသည် ကျွန်ုပ်တို့ထံသို့ရောက်ရှိလာခဲ့ပါသည်။ ထိုအချိန်မှာပင် အမှုဆောင်များနှင့် ကြေးငွေများပါလိုအပ်နေကြောင်း ကြားရပါသည်။ မှောင်မိုက်၌ရှိနေသောသူတို့ထံသို့ သတင်းစကားရောက်ရှိဖို့ရန် စာပေနှင့်ဝေစာများ၌ ရင်းနှီးထားရှိရေးအတွက် ဖခင်အား ကျပ်တစ်ရာ့ရှစ်ဆယ်ပေးအပ်လိုက်ပါသည်။ ဤကဲ့သို့ပြုလုပ်ရခြင်းကိုလည်း ကျွန်ုပ်၏အခွင့်အရေးဟုယူဆခဲ့ပါသည်။

အချိန်နှင့်ငွေကို ချွေတာဖို့ရန် သင်ကြားရခြင်းသည် ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်နေသော သူတိုင်းတို့၏

တာဝန်ဝတ္တရားပင်ဖြစ်သည်။ အလုပ်လုပ်ကိုင်ခြင်းမရှိ၊ ပျင်းရိနေသောသူများသည် ကျွန်ုပ်တို့အားအပ်ပေးထားသည့် မွန်မြတ်သောသမ္မာတရားကို အနည်းငယ်မျှအရေးမကြီးကြောင်း ဖော်ပြနေကြသည်။ သူတို့၏ကြိုးစားမှုရှိခြင်းအကြောင်းနှင့်စပ်ဆိုင်၍ ပညာရှိဖို့ရန်လိုသည့်အပြင် ဘုရားသခင်၏အမှုတော်ကို မျက်ခြည်မပြတ်စေဘဲ လုပ်ကိုင်ရန်သင်ကြားရမည်။

## မိမိကိုယ်ကိုငြင်းပယ်၍ အစွမ်းသတ္တိကို တိုးတက်အောင်ပြုလုပ်ခြင်း

အချိန်နှင့်ငွေကိုအသုံးချရာ၌ ကောင်းမွန်စွာပိုင်းခြားဝေဖန်တတ်ခြင်းမရှိသောသူသည် ဗဟုသုတရှိသောသူထံမှ အကြံဉာဏ်ကိုတောင်းရမည်။ ကျွန်ုပ်တို့၏အလုပ်အကိုင်မှရရှိသောငွေဖြင့် ကျွန်ုပ်၏ညီမနှင့် ကျွန်ုပ်အဖို့အဝတ်များဝယ်ယူပါသည်။ ကျွန်ုပ်သည် မိခင်အား ပိုက်ဆံပေး၍ “အမေ၊ ဒီမှာကျန်ရှိနေခဲ့တဲ့ငွေကို အမှုတော်ဆောင်ရွက်ဖို့အတွက် ပေးလှူပါ” ဟုပြောပါသည်။ ကျွန်ုပ်ပြောဆိုသည့်အတိုင်း မိခင်သည် ပြုလုပ်၍ ကျွန်ုပ်အား အမှုတော်ဆောင်ရွက်ဖို့ စိတ်ဓာတ်မျိုးရှိရန် အားပေးပါသည်။



ကိုယ့်ကိုကိုယ်ငြင်းပယ်ခြင်း၏အသီးဖြစ်သော ပေးလှူခြင်းသည် ပေးလှူသောသူအား အံ့သြဖွယ်ရာကောင်းလောက်အောင် အကူအညီပေးသည်။ ကိုယ့်ကိုကိုယ်ငြင်းပယ်ခြင်းသည် ပညာတစ်ရပ်ဖြစ်၍ ယင်းပညာမှာ ဒုက္ခခံစားနေရသောသူများကို သက်သာစေခြင်း၊ စေတနာကောင်းဖြင့်လုပ်ကိုင်ပေးခြင်း၊ ချို့တဲ့နေသောသူများကိုပေးကမ်းခြင်း အစရှိသောအလုပ်များကို လုပ်ဆောင်နေသည့် ကိုယ်တော်ကို ပို၍နားလည်စေဖို့ရန် ကျွန်ုပ်တို့အား မစခြင်းပင်ဖြစ်သည်။ ကယ်တင်ရှင်သည် မိမိကိုယ်ကိုနှစ်သက်အားရစေဖို့ရန် အသက်ရှင်နေသည်မဟုတ်။ ကိုယ်တော်၏အသက်တာ၌ ကိုယ်ကျိုးရှာဖွေခြင်းတစိုးတစိမျှ မတွေ့ရပေ။ Y.I, Sept. 10, 1907.

## ကလေးများသည် ကိုယ့်ကိုကိုယ်ငြင်းပယ်ခြင်း၌ သင်ကြားနိုင်သည်

ဘုရားသခင်၏အမှုတော်တိုးတက်ဖို့ရန် မိဘများသည် အနစ်နာခံနေကြစဉ် သူတို့၏ကလေးများကို ဤအလုပ်တွင် ပါဝင်ဆောင်ရွက်ရန် သင်ကြားပေးသင့်သည်။ သားသမီးများသည် မလိုအပ်သောအရာများကို ဝယ်ခြမ်းသောကြောင့် သူတို့

လက်တွင်းမှထွက်သွားသောငွေများကို ပိတ်ပင်လိုက်ခြင်းဖြင့် သူတို့သည် ခရစ်တော်ကိုချစ်ကြောင်း ပြသနိုင်ကြသည်။ အိမ်ထောင်တိုင်း၌ ဤအလုပ်မျိုးကိုလုပ်ကိုင်ပြီးစီးရပေမည်။ ဤအလုပ်ကိုလုပ်ကိုင်ရာ၌ နေရာတကျပြောဆိုတတ်ခြင်းနှင့် နည်းလမ်းလိုပေသည်။ သို့သော်လည်း သားသမီးတို့အဖို့ အကောင်းဆုံးသောပညာရရှိနိုင်ပေသည်။ အားလုံးသောသားငယ်သမီးငယ်တို့သည် သူတို့၏အလှူငွေကို ဘုရားသခင်အား ပေးကမ်းခဲ့လျှင် သူတို့၏လက်ဆောင်များသည် မြစ်ငယ်ကလေးများကဲ့သို့ဖြစ်၍ ပူးပေါင်းလိုက်သောအခါ စီးဆင်းသောမြစ်ကြီးတစ်သွယ်ကဲ့သို့ ကြီးသွားလိမ့်မည်။

ကိုယ်တော်အား အလှူငွေပေးကမ်းနိုင်ဖို့ရန် မိမိတို့ကိုယ်ကို ငြင်းပယ်သောကလေးငယ်များတို့ကို ကိုယ်တော်သည် နှစ်သက်တော်မူခြင်းဖြင့် ကြည့်ရှုတော်မူသည်။ ကြေးနီဒင်္ဂါးနှစ်ပြားကို အလှူပေးသောမုဆိုးမကို ကိုယ်တော်သည် နှစ်သက်တော်မူသည်။ အကြောင်းမှာ သူမသည် စေတနာပြည့်ဝသောစိတ်နှလုံးဖြင့် ပေးကမ်းသည်။ သူမ၌ရှိသောအရာအားလုံးကိုပေးကမ်းခဲ့သော ကြောင့် အနစ်နာခံဖို့ရန်မလိုဘဲ မြောက်မြားစွာပေးကမ်းခဲ့သော သူဌေးများထက်ပို၍အဖိုးတန်သည်ဟု ကယ်တင်ရှင်သည် ထင်မြင်တော်မူသည်။ သူတို့ကို ကိုယ်တော်သည် ချစ်ခင်၍ လက်တော်ဖြင့်



ပွေ့ပိုက်ကောင်းချီးပေးတော်မူခဲ့သော ကလေးများသည် ကိုယ်တော်နှင့်အတူလုပ်ဆောင်သောသူများဖြစ်ဖို့ရန် မိမိတို့ကိုယ်ကိုငြင်းပယ်လိုသောကြောင့် ကိုယ်တော်သည် ဝမ်းသာတော်မူသည်။ R & H, Dec. 25, 1900.

## ငွေဝင်နှင့်ငွေထွက်စာရင်းထားခြင်း

ဂဏန်းအရေအတွက်ကိုလေ့လာရာ၌ အလုပ်သည် လက်တွေ့ဖြစ်ရမည်။ လူငယ်လူရွယ်တိုင်းတို့ကို စိတ်၌ထင်မြင်သောအခက်အခဲများကိုသာရှင်းလင်းဖို့ရန် သင်မပေးဘဲ သူတို့၏ ဝင်ငွေနှင့်ထွက်ငွေများကို တိကျသောစာရင်းထားရှိဖို့ရန်လည်း သင်ကြားပေးရမည်။ လူငယ်သည် ငွေကိုမှန်ကန်စွာသုံးစွဲတတ်ဖို့ရန် သုံးစွဲနည်းကိုသင်ကြားပါစေ။ မိဘက ပေးသည်ဖြစ်စေ၊ (သို့မဟုတ်) သူတို့ကိုယ်တိုင်လုပ်အားမှရသောငွေဖြစ်စေ၊ ယောက်ျားကလေးနှင့်မိန်းကလေးများသည် သူတို့လိုအပ်သောအဝတ်အထည်၊ စာအုပ်များနှင့် အခြားလိုအပ်သောအရာများကို သူတို့ကိုယ်တိုင်ဝယ်ခြမ်းပါစေ။ သူတို့၏သုံးငွေကို သူတို့ကိုယ်တိုင်စာရင်းပြုလုပ်ထားခြင်းဖြင့် ငွေ၏တန်ဖိုးနှင့် သုံးစွဲခြင်းကိုသိကြမည်။

ဤလေ့ကျင့်ခြင်းသည် တစ်ဖက်၌မှန်ကန်သောချွေတာခြင်း၊ စေးနှဲခြင်းမဟုတ်ကြောင်းနှင့် နောင်တစ်ဖက်၌ ဖြုန်းတီးခြင်းပင်ဖြစ်ကြောင်း ခွဲခြားသိမြင်နိုင်ရန် အထောက်အကူပေးလိမ့်မည်။ မှန်ကန်စွာညွှန်ကြားခဲ့လျှင် ကောင်းမှုပြုလိုသောအကျင့်ဓလေ့များကို အားပေးလိမ့်မည်။ လူငယ်တို့၏စိတ်၌ အခိုက်အတန့်အားဖြင့် ဖြစ်ပေါ်လာသောကြောင့် ပေးကမ်းခြင်းမဟုတ်ဘဲ အမြဲတမ်းစည်းကမ်းတကျပေးကမ်းခြင်းဖြစ်ဖို့ရန် ကူညီလိမ့်မည်။ Ed 238, 239.

## စာတန်၏အကြံပေးခြင်းများကိုလိုက်နာခြင်း

လောကနှင့်ဆိုင်သောအရာများကို ဝိညာဉ်နှင့်ဆိုင်သောအရာများထက် ဦးစားပေးနေရာ၌ထားရှိရန် စာတန်သည် များစွာကြိုးစားခဲ့ပြီ။ များစွာသောအိမ်ထောင်တို့သည် ဘုရားသခင်၏အမှုတော်အတွက် အနည်းငယ်သောအပိုအလျှံရှိသော်လည်း အဖိုးတန်သောအိမ်ထောင်ပရိဘောဂများနှင့် ခေတ်မီအဝတ်အထည်များအတွက် ငွေကိုဖေါဖေါသီသီသုံးစွဲကြသည်။ အစားအစာအတွက် မည်မျှသုံးစွဲခဲ့ကြပြီနည်း။ ဘေးအန္တရာယ်ရှင်းသောအလိုလိုက်ခြင်းပင်ဖြစ်သည်။ မည်သူ့ကိုမျှအကျိုးမပြုသောလက်ဆောင်များကို ပေးကမ်းကြသည်။



အများသောသူတို့သည် မိတ်ဆွေများကိုပေးဖို့ရန် ပိုက်ဆံအတော်အတန်အကုန်ခံ၍ ဓာတ်ပုံရိုက်ကြသည်။ ဓာတ်ပုံရိုက်ခြင်းကို လွန်လွန်ကျူးကျူးပြုလုပ်ရာ၌ မှားသောကိုးကွယ်ခြင်းတစ်မျိုးကိုအားပေးခြင်းပင်ဖြစ်သည်။ ဤကိစ္စအတွက် ကုန်ကျမည့်ကြေးငွေများဖြင့် ဝိညာဉ်များကို ခရစ်တော်ထံသို့ပို့ဆောင်ပေးနိုင်သည့် ဤခေတ်နှင့်ဆိုင်သော သမ္မာတရားစာပေနှင့်ဝေစာများ၌သာ ရင်းနှီးထားခဲ့လျှင် ဘုရားသခင်သည် မည်မျှနှစ်သက်တော်မူလိမ့်မည်နည်း။ မလိုအပ်သောအရာများ၌ သုံးစွဲသောငွေဖြင့် ခေတ်နှင့်ဆိုင်သောဓမ္မစာပေများကို စားပွဲပေါ်၌တင်ထားခြင်းဖြင့် အသက်ရှင်စေသောအမွေးအကြိုင်ကဲ့သို့ဖြစ်စေလိမ့်မည်။

စာတန်၏အကြံပေးခြင်းအတိုင်း များစွာသောအရာတို့၌လုပ်ကိုင်နေကြသည်။ ကျွန်ုပ်တို့၏နှစ်ပတ်လည်မွေးနေ့များ၊ ခရစ္စမတ်ပွဲများနှင့် ကျေးဇူးတင်ချီးမွမ်းခြင်းပွဲများကို ကိုယ်ကျိုးကိုယ့်ဆန္ဒပြည့်ဝဖို့ရန် ပြုလုပ်ကြသည်။ ယင်းအချိန်၌ စိတ်သည်ဘုရားသခင်၏ချစ်ကြင်နာခြင်းကိုသာ စဉ်းစားနေရန်အချိန်ဖြစ်သည်။ ဤနှစ်ပတ်လည်အချိန်များ၌ ကိုယ်တော်၏ကောင်းမြတ်ခြင်း၊ ကိုယ်တော်အစဉ်စောင့်ရှောက်ခြင်း၊ ကိုယ်တော်၏အစဉ်မပြတ်ရှိသောချစ်ခြင်းမေတ္တာအကြောင်းများကို အောက်မေ့ဖို့ရန်

မပြုလုပ်ကြသောကြောင့် ဘုရားသခင်သည် နှစ်သက်တော်မူခြင်း မရှိ။

မလိုလားအပ်သောအရာများတို့အတွက် လွန်မင်းစွာ သုံးဖြုန်းခဲ့သောငွေကို ဘုရားသခင်၏ဘဏ္ဍာတိုက်ထဲ၌သာ ထည့်လှူထားခဲ့ပါက များစွာသောဝိညာဉ်တို့သည် မိမိတို့ကိုယ်ကို ခရစ်တော်ထံ၌ပေးကမ်းကြ၍ သူတို့သည် ခရစ်တော်နှင့်လည်းကောင်း၊ ကောင်းကင်တမန်များနှင့်လည်းကောင်း ပေါင်းဖက်၍ အမှုတော်ဆောင်ရွက်ကြလိမ့်မည်။ ဘုရားသခင်၏အကြွယ်ဝဆုံးသောကောင်းချီးမင်္ဂလာများသည် ကျွန်ုပ်တို့၏အသင်းတော်သို့ သက်ရောက်လာ၍ မြောက်မြားစွာသောဝိညာဉ်များသည် သမ္မာတရား၌ပြောင်းလဲလာကြလိမ့်မည်။ R & H, Dec. 23, 1890.

## မွေးနေ့များနှင့်အားလပ်သည့်နေ့များ

မိဘများသည် သူတို့၏သားသမီးများကို ကိုယ့်ကိုကိုယ်ထိန်းသိမ်းခြင်းနှင့် ကိုယ့်ကိုကိုယ်ငြင်းပယ်ခြင်းတို့၌ ပညာပေး၍ သွန်သင်ပေးရမည်။ သူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုနားထောင်၍ သခင်ယေရှု၏အစေကိုခံခြင်း၌သာ အသက်ရှင်ရခြင်းသည် သူတို့၏တာဝန်ဝတ္တရားဖြစ်ကြောင်းကို အစဉ်



သတိရနေရမည်။ သူတို့၏နေ့စဉ်အသက်တာ၌ ရိုးရိုးအလေ့အကျင့်များ စည်းကမ်းအတိုင်းနေထိုင်ဖို့ရန်လိုအပ်ကြောင်းကို သားသမီးများအား ပညာပေးရမည်။ အဖိုးတန်သောအဝတ်အထည်များ၊ အဖိုးတန်သောအစားအစာများ၊ အဖိုးထိုက်တန်သောအိမ်များနှင့် အဖိုးထိုက်တန်သောအိမ်ထောင်ပရိဘောဂများကို ရှောင်ရှားရမည်။ ကျွန်ုပ်တို့အဖို့ ထာဝရအသက်တာကို အောက်ပါစည်းကမ်းချက်အတိုင်းထားသည်။ “သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ဉာဏ်ရှိသမျှနှင့်ချစ်လော့။ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့။”

ဘုရားသခင်သည် သူတို့အား မိန့်မှာထားတော်မူသည်အတိုင်း မိဘများသည် သူတို့၏သားသမီးတို့အား တရားတော်၏ကျင့်ဝတ်များကို သွန်သင်ပေးခြင်းမရှိခဲ့ပေ။ သူတို့သည် သူတို့၏သားသမီးတို့အား ကိုယ်အကျိုးကိုသာကြည့်ရှုသည့်အကျင့်များကို သင်ကြားပေးကြသည်။ လောက၏ထုံးစံအတိုင်းလိုက်၍ မိမိတို့အတွက်လက်ဆောင်ရရှိဖို့ရန် သူတို့၏မွေးနေ့များနှင့်ပွဲနေ့များကို အလေးထားရန် သွန်သင်ပေးကြသည်။ ဤအချိန်အခါမျိုး၌ ဘုရားသခင်ကိုသိကျွမ်းခြင်း၌ တိုးပွားခြင်းရှိရမည်။ နောက်တစ်နှစ်အတွက် သူတို့၏အသက်တာကိုကြည့်ရှုတော်မူသောကြောင့် ကိုယ်တော်၏သနားကြင်နာမှုကို ကျေးဇူးတင်ဖို့ရန်

အချိန်ကို မိမိတို့အဖို့ပျော်မွေ့ရာအချိန်၊ သားသမီးတို့ကို ချီးမွမ်းအမွမ်းတင်သောအချိန်အခါမျိုးအဖြစ်သို့ ပြောင်းလဲလိုက်ကြသည်။ သူတို့၏အသက်တာအချိန်တိုင်းကို ဘုရားသခင်၏တန်ခိုးတော်အားဖြင့် ချီပင့်ထားသည်။ သို့သော်လည်း မိဘများသည် မိမိတို့၏သားသမီးများအား ဤအကြောင်းအရာများကို သင်ကြားပေးခြင်းမပြုပေ။ သူတို့အပေါ်၌ရှိသော ဘုရားသခင်၏သနားကြင်နာမှုကိုလည်း ကျေးဇူးတင်ရမှန်းမသိကြပေ။

သားသမီးများနှင့်လူငယ်လူရွယ်များကို ဤအချိန်၌ မှန်ကန်စွာသင်ကြားထားခဲ့လျှင် သူတို့၏နှုတ်မှ ဘုရားသခင်ကို ချီးမွမ်းခြင်းနှင့် ကျေးဇူးတင်ခြင်းစကားများထွက်ပေါ်လာမည်။ သားသမီးငယ်တို့သည် သူတို့၏လက်တွင်း၌ လက်ဆောင်များကို ယူလာလျက် ကိုယ်တော်၏ဘဏ္ဍာတိုက်ထဲသို့ ကျေးဇူးတင်အလှူငွေအဖြစ်ထည့်ကြမည်။ ဘုရားသခင်ကိုမေ့လျော့မည့်အစား သတိရကြမည်။

မွေးနေ့ရောက်သောအခါ၌သာလျှင် မိဘများနှင့်သားသမီးများသည် ဘုရားသခင်၏သနားကြင်နာမှုများကို အထူးအနေဖြင့် သတိရဖို့ရန်မဟုတ်၊ ခရစ္စမတ်နေ့နှင့် နှစ်သစ်ကူးနေ့များ၌လည်း အိမ်ထောင်တိုင်း မိမိတို့၏ဖန်ဆင်းရှင်နှင့်ကယ်တင်ရှင်ကို သတိရသောအချိန်အခါဖြစ်သင့်သည်။ လူအချင်းချင်းတို့အား



လက်ဆောင်နှင့်အလှူငွေအမြောက်အမြားပေးကမ်းမည့်အစား၊ ဘုရားသခင်အားရှိသေခြင်း၊ ချီးမွမ်းခြင်းနှင့် ကျေးဇူးတင်ခြင်းကို ပြသ၍ လက်ဆောင်ပဏ္ဏာနှင့်အလှူငွေများသည် မြင့်မြတ်တော်မူသောသခင်၏လမ်းကြောင်းထဲသို့ စီးဆင်းသွားစေရမည်။ ကိုယ်တော်ကို ဤနည်းဖြင့်အောက်မေ့ပါက ကိုယ်တော်သည် နှစ်သက်တော်မူမည်မဟုတ်လော။ ဤအချိန်အခါမျိုး၌ ဘုရားသခင်ကိုမေ့လျော့နေကြပြီ။

သင်သည် နေ့အားရသောအခါ သင်၏သားသမီးများအတွက် သာယာပျော်မွေ့ဖွယ်ရာနေ့ဖြစ်ပါစေ။ ဆင်းရဲသောသူများနှင့် မကျန်းမမာသောသူတို့အဖို့လည်း သာယာသောနေ့ဖြစ်ပါစေ။ သခင်ယေရှုထံသို့ ကျေးဇူးတင်ခြင်းနှင့် ကျေးဇူးတင်အလှူငွေမယူလာဘဲ နေ့ကိုမကုန်လွန်ပါစေနှင့်။ ယခုအချိန်၌ မိဘများနှင့်သားသမီးများသည် အချိန်ကိုရွေးယူရန် ကြိုးစားအားထုတ်၍ လွန်ခဲ့သောအချိန်၌ ပျက်ကွက်ခဲ့ခြင်းများကို ပြင်ဆင်ပါ။ လောကသားများလိုက်သောလမ်းသို့မလိုက်ဘဲ ခြားနားသောဆောင်ရွက်မှုကိုပြုပါ။

ကျွန်ုပ်တို့သည် သားသမီးများနှင့်ဆွေမျိုးများအား အဖိုးထိုက်တန်သောလက်ဆောင်များပေးခြင်းဖြင့် အိမ်ထောင်၌ သာယာခြင်းကိုဖြစ်စေတတ်ကြသည်။ ဤမလိုအပ်သော

လက်ဆောင်များပေးခြင်းကို တစ်နည်းအားဖြင့် ပြုပြင်ပြောင်းလဲနိုင်ပေသည်။ သင်သည် သင်၏သားသမီးများအား မည်သည့်အကြောင်းကြောင့် ပေးသောလက်ဆောင်၏တန်ဖိုး၌ ပြောင်းလဲရကြောင်းပြောပြနေစဉ် ပညာလည်းပေးနိုင်သည်။ သင်သည် တစ်ချိန်က သူတို့၏ပျော်ရွှင်ခြင်းကို ဘုရားသခင်၏တန်ခိုးတော်ထက် ဦးစားပေးခဲ့မိကြောင်းကို ပြောပြနိုင်သည်။ ထို့အပြင် လောက၏ထုံးအတိုင်းလိုက်နာ၍ မလိုအပ်သောသူတို့ကို လက်ဆောင်များပေးခဲ့ကြောင်း ဘုရားသခင်၏အမှုတော်တိုးတက်စေရန်ထက် ဤအရာများကိုပြုလုပ်ခဲ့ကြောင်း ပြောပြပါ။

ရှေးအချိန်က ပညာရှိများကဲ့သို့ သင်သည် ဘုရားသခင်အား သင်၏အကောင်းဆုံးသောလက်ဆောင်ပဏ္ဏာများကို ပေးကမ်းနိုင်သည်။ သင်၏အလှူငွေများအားဖြင့် ကိုယ်တော်၏ဆုလာဘ်ကိုသဘောကျနှစ်သက်ကြောင်း ပြသနိုင်သည်။ သင်၏သားသမီးများ၏အကြံအစည်များသည် ကိုယ်ကျိုးမရှာသောလမ်းကြောင်းသို့ဦးတည်ပေး၍ ဘုရားသခင်သည် မိမိ၏တစ်ပါးတည်းသောသားတော်ကို ဆုလာဘ်အနေဖြင့် ပေးကမ်းသောကြောင့် ဘုရားသခင်အား အလှူငွေများစွန့်ကြဲပေးကမ်းရန် တိုက်တွန်းနှိုးဆော်ပါ။ R & H, Nov. 13, 1894.

–၀–

## (၅၈) ချွေတာရန်ပန်ကြားခြင်း

လှပသောအိမ်များကို ဆောက်လုပ်ခြင်း၊ အဖိုးထိုက်တန်သောအိမ်ထောင်ပရိဘောဂများကိုဝယ်ခြင်း၊ လောကဆန်သောအဝတ်တန်ဆာများကိုဝတ်ဆင်ရန် (သို့မဟုတ်) အထက်တန်းကျသောအစားအစာများအတွက် လွန်ကျူးခြင်းများမရှိအပ်ပေ။ အရာခပ်သိမ်းတွင် ခရစ်တော်အသေခံတော်မူသောအသက်ဝိညာဉ်များအကြောင်းကို ကျွန်ုပ်တို့စဉ်းစားကြစို့။ မိမိတို့၏မိတ်ဆွေများထံသို့ပို့ဖို့ရန် ဓာတ်ပုံရိုက်ခြင်း၌ ကြေးငွေကိုအကုန်မခံပါနှင့်။ ကျွန်ုပ်တို့တတ်နိုင်သမျှ တစ်ကျပ်ပင်ဖြစ်စေ စုဆောင်းသိမ်းဆည်းထားစို့။ ပျက်စီးနေသောအသက်ဝိညာဉ်ရှေ့၌ ခရစ်တော်၏မနှိုင်းယှဉ်နိုင်သောမေတ္တာတော်ကို ပြသရမည်။

သင်၏ငွေကိုသုံးဖြုန်းဖို့ရန် စာတန်သည် နည်းအမျိုးမျိုးကိုအကြံပေးမည်။ သို့သော် ကိုယ့်အလိုပြည့်ဖို့ရန်နှင့် မလိုအပ်သောအရာများ၌သုံးစွဲခဲ့လျှင် ယင်းသို့သောပစ္စည်း၏အဖိုးသည် မည်မျှပင်နည်းပါးသော်လည်း ထိုသို့သောသုံးစွဲခြင်းသည် ဘုရားသခင်၏တန်ခိုးတော်ကို ထင်ရှားစေခြင်းမပြုပေ။ ကျွန်ုပ်တို့သည် ဤအကြောင်းအရာကိုသိမှတ်၍ ကျွန်ုပ်တို့ကိုယ်ကိုငြင်းပယ်သင့်သည့်အတိုင်း ပြုလုပ်နေထိုင်ခြင်းရှိမရှိကို ကြည့်ရှုကြစို့။

ပျောက်ဆုံးနေသောသူတို့ထံသို့ သမ္မာတရားအလင်းကိုပို့ပေးဖို့ရန် ကျွန်ုပ်တို့သည် အနစ်နာခံနေကြသလား။

အသင်းတော်၌ စိတ်ဝင်စားခြင်းတစ်ခုသာရှိသင့်သည်။ တစ်ခုသောဆန္ဒသည် အားလုံးတို့ကိုအုပ်စိုးရမည်။ ထိုဆန္ဒမှာ ခရစ်တော်၏ရုပ်သဏ္ဌာန်နှင့်တူအောင် ပြုလုပ်ခြင်းဖြစ်သည်။ အသီးအသီး မိမိတို့တတ်နိုင်သမျှ ကိုယ်တိုင်ကြိုးစားခြင်းအားဖြင့်လည်းကောင်း၊ လက်ဆောင်ပဏ္ဏာအားဖြင့်လည်းကောင်း၊ အနစ်နာခံခြင်းအားဖြင့်လည်းကောင်း သခင်ယေရှုအဖို့ ကြိုးစားလုပ်ဆောင်ရမည်။ ကိုယ်တော်၏အိမ်တော်၌ စားစရာရှိရမည်။ အဓိပ္ပါယ်မှာ ပြည့်ဝနေသောဘဏ္ဍာတိုက်ဖြစ်၍ နေရာတိုင်းမှလာသော မာကေဒေါနိခေါ်သံများကို တုံ့ပြန်ခြင်းပြုလုပ်ရပေမည်။ မစဖို့ရန် တောင်းခံသောသူတို့အား "သင်တို့ထံသို့ ကျွန်ုပ်တို့သည် ငွေကိုလည်းကောင်း၊ လူကိုလည်းကောင်း မပို့ပေးနိုင်ပါ။ ကျွန်ုပ်တို့၏ဘဏ္ဍာတိုက်၌ ငွေမရှိပါ" ဟုပြောဆိုဖို့ရန် မည်မျှရင်နာစရာကောင်းသနည်း။

ကိုယ်ကျိုးရှာသောပျော်ရွှင်ခြင်း၌လည်းကောင်း၊ လောက၏အဆင့်အတန်းကိုမီလိုသောဆန္ဒကြောင့်လည်းကောင်း၊ သက်သာချောင်ချိစွာနေလိုသောကြောင့်လည်းကောင်း ပျောက်ဆုံးသွားခဲ့သောကြေးငွေများကို ဘုရားသခင်၏ဘဏ္ဍာတိုက်ထဲသို့ စီးဝင်သွားသောလမ်းကြောင်းထဲသို့ပေးသွင်းကြစို့။ ချောင်းငယ်ကလေးမြောက်မြားစွာတို့သည် တစ်ခုတည်းသောချောင်းထဲသို့ စီးဝင်သွားကြရာ မြစ်ဖြစ်လာခဲ့သည်။ ကျွန်ုပ်တို့သည် ဖြောင့်မှန်သောခရစ်ယာန်များဖြစ်ကြစို့။ ဘုရားသခင်နှင့် လုပ်ဖော်ဆောင်ဖက်များဖြစ်ကြစို့။



နယ်သစ်အလုပ်သစ်များဖွင့်ရမည်။ အသက်ဝိညာဉ်များကို ယုံကြည်ခြင်းသို့ပို့ဆောင်ရမည်။ နာမည်သစ်များ အသင်းတော်၏ မှတ်တမ်းစာအုပ်၌ရေးမှတ်၍ ကောင်းကင်နိုင်ငံတော်၏မပျက်စီးနိုင်သောမှတ်တမ်းများ၌ အက္ခရာတင်မည့်နာမည်ဖြစ်ရမည်။ ကျွန်ုပ်တို့အလိုဆန္ဒကိုပြည့်ဝဖို့ရန် သုံးစွဲသောငွေများကို မည်ကဲ့သို့ ပြုလုပ်ဖို့ရန် ကျွန်ုပ်တို့သိရှိရန်လိုပေသည်။ R & H, Jan. 27, 1891.

## ဘုရားသခင်၏အလုပ်အကိုင်၌အစုစပ်တစ်ယောက်ဖြစ်ခြင်း

ဘုရားသခင့်အမှုတော်သည် အစဉ်လိုလျက်ရှိသည်။ ဘုရားသခင်အား ထိုက်သင့်သောပြန်ဆပ်ခြင်းရှိဖို့ရန် အလှူအသီးသီးတွင်ရှိနေသောသူများ၊ ကြွယ်ဝသောသူနှင့် ဆင်းရဲသောသူအားလုံးတို့၌ ကြိုးစားမှုရှိဖို့ရန် လိုအပ်ပေသည်။ ထိုက်သင့်သောပြန်ဆပ်ခြင်းရရှိမှသာလျှင် ကိုယ်တော်၏အိမ်တော်၌ "စားစရာ" ရှိ၍ပျက်စီးနေသောလောကကြီးကို သမ္မာတရားနှင့်

ဆက်သွယ်ပေးဖို့ရန် ကိုယ်တော်စေခိုင်းထားသောသူတို့ကို ထောက်ပံ့နိုင်လိမ့်မည်။

ဘုရားသခင်သည် ဆယ်ဖို့တစ်ဖို့ကိုသာ အလိုရှိတော်မူသည်မဟုတ်၊ ကျွန်ုပ်တို့၌ရှိသမျှသောအရာအားလုံးကို ကိုယ်တော်၏တန်ခိုးတော်ထင်ရှားစေခြင်း၌ အသုံးပြုရမည်။ ငွေဖြုန်းတီးသောအလေ့အထမရှိစေရ၊ ကျွန်ုပ်တို့အသုံးပြုနေသောငွေသည် ဘုရားသခင်၏ပစ္စည်းဖြစ်သည်။ တစ်ကျပ် (သို့မဟုတ်) ငါးပြားသည် ကျွန်ုပ်တို့၏ကိုယ်ပိုင် (သို့မဟုတ်)၊ စည်းစိမ်ခံစားဖို့ရန် ငွေကိုသုံးဖြုန်းခြင်းသည် ဆင်းရဲသားတို့၌ ဝတ်ရမည့်အဝတ်နှင့် စားရမည့်အစားအစာကို ကင်းမဲ့စေသည်။ ကိုယ်အလိုဆန္ဒပြည့်ဝဖို့ရန် အဝတ်အထည်၊ အဆောက်အအုံများ၊ အိမ်ထောင်ပရိဘောဂများ၊ တန်ဆာဆင်ယင်ခြင်းများ၌ ဝါကြွားလို၍ သုံးဖြုန်းလိုသောငွေသည် ဆင်းရဲဒုက္ခအတိရောက်နေသောအိမ်ထောင်များစွာတို့၏အခြေအနေကို သက်သာစေနိုင်သည်။ ဘုရားသခင်၏ဘဏ္ဍာစိုးများသည် ဆင်းရဲနွမ်းပါးနေသောသူများကို ကြည့်ရှုရမည်။ ဤအရာသည် သန့်ရှင်း၍ ညစ်ညူးခြင်းကင်းစင်သောဘာသာတရားအကျိုးဖြစ်သည်။ သူတို့၏ဘဝတူလူများသည် အစားအစာနှင့်အဝတ်အထည်မရှိသောကြောင့် ဒုက္ခခံနေရစဉ် ကိုယ်ကျိုးအတွက် အာရုံခံစားနေသောသူကို ဘုရားသခင်သည် အပြစ်စီရင်တော်မူမည်။



ဘုရားသခင်သည် မိမိ၏သားသမီးတစ်ယောက်မျှမကျန် အားလုံးတို့အား ကောင်းကင်၏အလင်းဖြစ်သော မိမိ၏ကိုယ်ကျိုးကင်းမဲ့သောမေတ္တာအလင်းကို ဆုတ်ယုတ်နေသော ဤလောကကြီး၏မှောင်မိုက်၌လင်းဖို့ရန် ခေါ်တော်မူသည်။ သင်နှင့် သင်၏ဥစ္စာပစ္စည်းများသည် ကိုယ်တော်ပိုင်ပစ္စည်းများဖြစ်သည်ဟု ဝန်ခံကြောင်းကို ကိုယ်တော်တွေ့မြင်လျှင် သင့်အား ပေးအပ်ထားသောကြေးငွေများကို သင်သည် သစ္စာရှိသောဘဏ္ဍာစိုးတစ်ယောက်အနေဖြင့် အသုံးပြုသည်ကို ကိုယ်တော်တွေ့မြင်လျှင် သင်သည် ကိုယ်တော်နှင့်အတူလုပ်ဆောင်သောသူ၊ ကိုယ်တော်၏ကုန်တိုက်ကြီး၌ အစုစပ်ပါဝင်သောသူတစ်ယောက်ဖြစ်၍ အချင်းချင်းအဖို့ လုပ်ကိုင်ဆောင်ရွက်နေသောသူတစ်ယောက်ဖြစ်ကြောင်း ကောင်းကင်ဘုံ၏စာရင်းများ၌ မှတ်တမ်းတင်ထားမည်။ ကြေးငွေများကို သူတစ်ပါးအားမစခြင်း၌ လိမ္မာစွာသုံးစွဲခဲ့သောကြောင့် နောက်ဆုံးနေ့များ၌ ပျော်ရွှင်ခြင်းသည် သင့်အဖို့ဖြစ်လိမ့်မည်။ R & H, Dec. 8, 1896.

## ပိုက်ဆံများကိုထိန်းသိမ်းခြင်း

ကျွန်ုပ်တို့သဘောကျအလိုရှိသောအရာများကို ဘုရားသခင်၏ငွေဖြင့်ဝယ်ယူခြင်း၌ အလွန်ဆိုးသောအပြစ်ရှိကြောင်းကို

ကျွန်ုပ်တို့သည် လူတိုင်းတို့၏စိတ်နှလုံးပေါ်၌ အထင်အရှားသိမြင်စေလိုသည်။ သေးငယ်သောအရာဟု ထင်မြင်သုံးစွဲလိုက်ခြင်း၌ ထာဝရကာလရောက်သည့်တိုင်အောင် အဖြစ်အပျက်အရာများနောက်လိုက်ပါလာသည်ကို တွေ့မြင်ရသည်။ တရားစီရင်ခြင်းအစပြုပြီဖြစ်၍ စာရင်းများကိုဖွင့်ထားသည်။ အရှုံးဘက်၌ သင်တို့တွေ့မြင်ဖို့ရန်ပြထားမည်။ ကိုယ်ကျိုးအတွက်များစွာသုံးစွဲခဲ့သောကြေးငွေအမြောက်အမြားနှင့် သူတစ်ပါးအကျိုးအတွက်သုံးစွဲခဲ့သောကြေးငွေအနည်းငယ်မျှကို ဖော်ပြထားမည်။

သခင်ယေရှုသည် လူအား တကယ်တမ်းအနစ်နာခံဖို့ရန်မစေခိုင်းပေ။ ကျွန်ုပ်တို့၌ရှိသောအရာကို ပေးအပ်ဖို့ရာ၌ ထိုအရာမရှိလျှင် ပို၍ပြီးကောင်းမည်ဖြစ်၍သာ တောင်းဆိုခြင်းဖြစ်သည်။ သာ၍အဖိုးထိုက်တန်ကောင်းမွန်သောအရာကိုရသောကြောင့် တန်ဖိုးမရှိသောအရာကို လက်လွှတ်လိုက်ရသည်။ လောကနှင့်ဆိုင်သောအရာအားလုံးသည် ကောင်းကင်နှင့်ဆိုင်သောအရာ၏လက်အောက်၌ရှိရမည်။ R & H, Aug. 11, 1891.

## ထို့နောက်သတင်းစကားသည်တန်ခိုးနှင့်သွားလိမ့်မည်

ဘုရားသခင်၏လူများသည် ဘုရားသခင်၏အထံတော်သို့ တစ်စုံတစ်ခုယူလာ၍ ကိုယ်တော်အား ကိုယ်တော်ပိုင်ဆိုင်သော



အရာကို ကျွန်ုပ်တို့ကိုယ်တော်အားပေးအပ်ပါသည်ဟု ပြောဆိုနိုင်ဖို့ရန် ကြေးငွေကိုရင်းနှီးရာ၌ တင်းကျပ်သောချွေတာခြင်းကိုကျင့်သုံးရမည်။ ဤနည်းဖြင့် သူတို့သည် ကိုယ်တော်ထံမှရရှိသောကောင်းချီးမင်္ဂလာများအတွက် ကိုယ်တော်အား ကျေးဇူးတင်ကြောင်း ပြောဆိုရကြမည်။ ဤနည်းဖြင့် သူတို့သည် ဘုရားသခင်၏စင်မြင့်အနီး၌ သူတို့အဖို့ ဘဏ္ဍာကိုသိုထားလိမ့်မည်။

လောကသားတို့သည် အဝတ်အစားတို့၌ ငွေမြောက်မြားစွာအကုန်ခံ၍ သုံးဖြုန်းကြသည်။ ထိုငွေဖြင့် အခက်အခဲတွေ့နေသောသူတို့အား အစားအစာနှင့်အဝတ်အစားများဖြင့် ထောက်ပံ့သင့်ပေသည်။ ခရစ်တော်သည် မိမိအသက်ကို လူတို့အဖို့စွန့်တော်မူခဲ့ရာ၌ အများသောသူတို့တွင် ဈေးအပေါဆုံးရိုးရိုးအဝတ်အစားပင်မရှိကြသော်လည်း အချို့သောသူတို့သည် မတင်းတိမ်နိုင်သောခေတ်မီဝတ်စားဆင်ယင်မှုကိုလိုက်စား၍ ငွေပေါင်းထောင်ချီ၍ သုံးဖြုန်းနေကြသည်။

ဘုရားသခင်သည် မိမိလူတို့အား လောကမှထွက်လာ၍ အသီးအခြားနေရန် မိန့်တော်မူသည်။ အချိန်ကာလ၏နောက်ဆုံးသောနေ့၌ နေထိုင်ကြသောသူတို့အဖို့ ပြောင်းလဲ၍ အဖိုးထိုက်တန်သောအဝတ်အစားများသည် သင့်လျော်ခြင်းမဖြစ်ပေ။

တမန်တော်ပေါလုရေးသားရာ၌ "သို့ဖြစ်၍ အရပ်ရပ်တို့၌ ယောကျ်ားတို့သည် အမျက်ထွက်ခြင်း၊ ငြင်းခုံခြင်းမရှိဘဲ သန့်ရှင်းသောလက်ကိုချီ၍ ဆုတောင်းပေးစေခြင်းငှာ ငါအလိုရှိ၏။ ထိုနည်းတူ မိန်းမတို့သည် ကျစ်သောဆံပင်၊ ရွှေတန်ဆာ၊ ကျောက်ပုလဲ၊ အဖိုးထိုက်တန်သောအဝတ်နှင့် ကိုယ်ကိုမဆင်ဘဲ ရှက်ကြောက်ခြင်း၊ ဣန္ဒြေစောင့်ခြင်းအားဖြင့် လျောက်ပတ်သောအဝတ်နှင့်လည်းကောင်း၊ ဘုရားသခင်အား ရိုသေလေးမြတ်ခြင်းကို ဝန်ခံပြုစုသောမိန်းမဆင်သင့်သည်အတိုင်း ကောင်းသောအကျင့်နှင့်လည်းကောင်း ကိုယ်ကိုတန်ဆာဆင်စေခြင်းငှာ ငါအလိုရှိ၏။"

ဘုရားသခင်၏သားသမီးများဖြစ်သည်ဟု ဝန်ခံသောသူများတို့တွင် အဝတ်အစားကိုလိုအပ်သည်ထက် ပိုမိုဝယ်ယူသုံးစွဲကြသည်။ ကျွန်ုပ်တို့သည် သေသပ်ယဉ်ကျေးစွာဝတ်ဆင်ရမည်။ သို့သော်လည်း ကျွန်ုပ်၏ချစ်သောညီမများတို့၊ သင်တို့သည် သင်တို့၏သားသမီးများအဖို့ အဝတ်အစားများကိုချုပ်သောအခါ ဘုရားသခင်၏စပျစ်ဥယျာဉ်၌ မပြီးစီးသေးသောလုပ်ငန်းကိုသတိရပါ။ ကောင်းသောအထည်ကိုဝယ်ယူ၍ သေချာစွာချုပ်လုပ်ခြင်းသည် မှန်ကန်သည်။ ဤကဲ့သို့ပြုလုပ်ခြင်းသည် ရှောတာခြင်းဖြစ်သည်။ သို့သော်လည်း အဖိုးတန်သောအမွှမ်းတန်ဆာတပ်ဆင်ခြင်းသည် မလိုအပ်ပေ။ ထိုကဲ့သို့အဖိုးတန်သောအမွှမ်းတန်ဆာဆင်ခြင်းသည် ကိုယ်အလိုဆန္ဒကို



လိုက်စားခြင်းဖြစ်၍ ကုန်ကျမည့်ငွေကို ဘုရားသခင်၏အမှုတော်ဆောင်ခြင်း၌ အသုံးချရမည်။

ဘုရားသခင်၏ရှေ့တော်၌ သင်၏တန်ဖိုးရှိခြင်းသည် သင်၏အဝတ်အစားကြောင့်မဟုတ်။ အတွင်း၌တန်ဆာဆင်ခြင်း၊ စိတ်ကောင်းမြတ်ခြင်း၊ ကြင်နာသောစကား၊ အခြားသူများအဖို့ သိတတ်ခြင်းများကို ဘုရားသခင်ကတန်ဖိုးထားသည်။ မလိုအပ်သောအမွှမ်းတန်ဆာဆင်ခြင်းများကို ဘုရားသခင်၏အမှုတော်တိုးတက်ရေးအတွက် ဖယ်ရှားပစ်လိုက်ရမည်။ ဤနည်းဖြင့် ငွေစု၍ရသည်။ ကိုယ့်ကိုကိုယ်ငြင်းပယ်ခြင်းသင်ခန်းစာကိုလေ့လာ၍ သင်၏သားသမီးတို့အား သွန်သင်ပေးပါ။ အမှုတော်ပြီးစီးဖို့ရန် ယခုအချိန်၌ ကိုယ့်ကိုကိုယ်ငြင်းပယ်ဖို့ရန် လိုအပ်၍ တတ်နိုင်သမျှစုဆောင်းရမည်။ ဒုက္ခခံစားနေရသောသူတို့ကို သက်သာစေရမည်။ အဝတ်အချည်းစည်းရှိသောသူကို ဝတ်ဆင်ပေးရမည်။ ဆာမွတ်နေသောသူကို ကျွေးမွေးရမည်။ ယခုခေတ်နှင့်ဆိုင်သောသမ္မာတရားကို မသိသေးသောသူတို့အား ဟောပြောရမည်။ ကျွန်ုပ်တို့သည် ကိုယ့်အဖို့မလိုအပ်သောအရာကို ငြင်းပယ်ခြင်းဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏အမှုတော်အလုပ်ကြီး၌ ဝင်ရောက်လုပ်ကိုင်ခွင့်ရရှိမည်။

ကျွန်ုပ်တို့သည် ခရစ်တော်၏သက်သေခံချက်များဖြစ်ကြသည်။ အသက်တာ၌ ပထမနေရာ၌ထားရမည်ဟု ဘုရားသခင်

မိန့်တော်မူသောအရာကို ပျက်ပြားသွားစေမည့် လောကအရာများကို ကျွန်ုပ်တို့၌ စိတ်ဝင်စားခြင်းဖြစ်စေဖို့ရန် ကျွန်ုပ်တို့သည် ခွင့်မပြုရပေ။ သာ၍မြင့်မားသောစိတ်ဝင်စားခြင်းများစွန့်စားဖို့ရန် ရှိသည်။ "ဘုရားသခင်၏နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားကို ရှေးဦးစွာရှာကြလော့။" သခင်ယေရှုသည် ကြွရောက်လာ၍ လုပ်ဆောင်ရမည့်အလုပ်အား မိမိ၌ရှိသမျှကို ကိုယ်တော်သည် ပေးတော်မူသည်။ ကျွန်ုပ်တို့အား ကိုယ်တော်မိန့်တော်မူသည်မှာ "ထိုအခါယေရှုက၊ ငါ၌ဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ့်ကိုကိုယ်ငြင်းပယ်ရမည်။ ကိုယ့်လက်ဝါးကပ်တိုင်ကိုထမ်း၍ ငါ့နောက်သို့လိုက်ရမည်။" "သင်တို့သည်လည်း ငါ၏တပည့်မှန်ကြလိမ့်မည်။"

ဘုရားသခင်၏အလိုတော်အတိုင်း ဆောင်ရွက်ဖို့ရန် ခရစ်တော်သည် မိမိကိုယ်တိုင်သဘောတူ၍ ဝမ်းမြောက်ဝမ်းသာစွာပေးအပ်တော်မူသည်။ ကိုယ်တော်သည် လက်ဝါးကပ်တိုင်၌ အသေခံရသော်လည်း သေသည်တိုင်အောင် နားထောင်တော်မူသည်။ ကျွန်ုပ်တို့သည် ကိုယ်ကိုငြင်းပယ်ရခြင်းသည် ခက်ခဲသည်ဟုပြောဆိုကြမည်လား။ ကိုယ်တော်၏ဒုက္ခကိုဆက်ဆံသောသူအဖြစ်မှ ကျွန်ုပ်တို့သည် နောက်ဆုတ်သွားကြမည်လား။ ကိုယ်တော်၏သေဆုံးခြင်းသည် ကျွန်ုပ်တို့ကိုယ်ကိုထကြွစေ၍ ကျွန်ုပ်တို့သည် ကိုယ်တော်၏အမှုတော်ကိုဆောင်ရွက်ခြင်း၌



ပေးအပ်ဖို့ရန် ဆန္ဒရှိခြင်းနှင့် ရှိသမျှသောအရာအားလုံးတို့ကို ပေးအပ်ခြင်းရှိရမည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အဖို့လုပ်ဆောင်ခဲ့ခြင်းကို စဉ်းစား၍ ကျွန်ုပ်တို့၏စိတ်နှလုံးသည် ချစ်ခြင်းမေတ္တာဖြင့်ပြည့်ဝနေရမည်။

သမ္မာတရားကိုသိသောသူတို့သည် ကိုယ့်ကိုကိုယ်ငြင်းပယ်ခြင်း၌ လေ့ကျင့်၍ ဘုရားသခင်၏နှုတ်ကပတ်တော်၌ဆင့်ဆိုသောအခါ အသက်ဝိညာဉ်များပြောင်းလဲခြင်းရှိဖို့ရန် ကျွန်ုပ်တို့၏ဆုတောင်းခြင်းကို ဘုရားသခင်သည် ကြားတော်မူလိမ့်မည်။ ဘုရားသခင်၏လူများသည် သူတို့၏အလင်းကိုထွန်းလင်းစေ၍ မယုံကြည်သောသူတို့သည် သူတို့၏ကောင်းသောအလုပ်ကိုတွေ့မြင်သောအခါ ကောင်းကင်ဘုံ၌ရှိတော်မူသော ကျွန်ုပ်တို့အဘ၏တန်ခိုးတော်ကို ထွန်းတောက်စေလိမ့်မည်။ ကိုယ့်ကိုကိုယ်အနစ်နာခံသောနားထောင်ခြင်းဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်ကို ဘုရားသခင်နှင့်တော်စပ်ကြစို့။ R & H, Dec. 1, 1910.

## ဆင်းရဲသော်ငြားလည်းတိုးတက်နေခြင်း

ပထမအစပြုချိန်၌ အမှုတော်ကို ရှေ့သို့တိုးတက်ဆောင်ရွက်ဖို့ရန် ကျွန်ုပ်တို့တွင် လူအနည်းငယ်သာရှိသည်။ သို့ဖြစ်၍

အမှုတော်သည် အစီအစဉ်နှင့်တညီတညွတ်တည်းရှိဖို့ရန် ကျွန်ုပ်တို့၌ စိတ်တစ်သဘောတည်းရှိဖို့ရန်လိုအပ်ပေသည်။ ကျွန်ုပ်တို့၌ ယုံကြည်ခြင်းတွင် စည်းလုံးညီညွတ်ခြင်းရှိဖို့ရန် အရေးကြီးကြောင်း မြင်လာသောအခါ ကျွန်ုပ်တို့၏ဆုတောင်းခြင်းများကို နားညောင်းတော်မူမည်။ ခရစ်တော်သည် အဖခမည်းတော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်သကဲ့သို့ ကျွန်ုပ်တို့သည်လည်း ကိုယ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်ဖို့ရန် သခင်ခရစ်တော်၏ဆုတောင်းခြင်းကို နားညောင်းတော်မူခဲ့သည်။ ဥပရောပတိုက်နိုင်ငံများတွင် နေထိုင်သောသူတို့၌ ကြေးငွေကင်းမဲ့နေကြသကဲ့သို့ ကျွန်ုပ်တို့သည်လည်း ကြေးငွေ၌ဆင်းရဲ၍ ခိုကိုးရာမဲ့ဖြစ်နေသည်။ ကျွန်ုပ်တို့သည် ဆာလောင်လျက်ရှိကြသည်။ သင့်လျော်သောအဝတ်အစားမရှိ၍ အအေးဒဏ်ခံနေရသည်။ သို့သော်လည်း သမ္မာတရားသည် ရှေ့သို့တိုးတက်သွားရမည်ကို ကျွန်ုပ်တို့တွေ့မြင်ရသည်။ ရှေ့သို့တိုးတက်သွားနိုင်ဖို့ရန် ကျွန်ုပ်တို့၌ ကြေးငွေရှိရမည်။ ထိုနောက် ကျွန်ုပ်တို့သည် ဘုရားသခင်အထံတော်၌ စိတ်ထက်သန်စွာတောင်းခံပါသည်။ တောင်းခံသည့်အရာမှာ မြို့ကြီးအများအပြားတို့၌ နေထိုင်ကြသောသူတို့ထံသို့ရောက်ရှိဖို့ရန် လမ်းဖွင့်ပေးဖို့ရန်ဖြစ်ပါသည်။ ကျွန်မနှင့်ကျွန်မ၏ခင်ပွန်းသည် တစ်နေရာမှတစ်နေရာသို့သွား၍ ယုံကြည်ခြင်းရတနာများကို အခြားသူများအားဖွင့်ပြနိုင်ရန် စရိတ်ကြေးငွေရရှိရေးအတွက် ကိုယ်လက်ဖြင့်လုပ်ဆောင်၍ ရှာဖွေရကြမည်။ ဤအလုပ်တွင် ကောင်းကင်၌ရှိသောဘုရားသခင်သည် ကျွန်မတို့ရှေ့၌ လမ်းကိုပြင်ဆင်ပေးလျက်ရှိကြောင်း တွေ့မြင်ရပါသည်။



ကျွန်မ၏ခင်ပွန်းသည် ကျောက်အလုပ်ကိုလုပ်ကိုင်လျက်ရှိခဲ့ရာ လက်များ၌ရှိသောအရေခွံကို ကျောက်စားသွားခဲ့သည်။ အနာများမှ သွေးများပင်ယိုစီးကျခဲ့သည်။ ဤအလုပ်မျိုးကိုလုပ်ကိုင်ရခြင်းမှာ တစ်နေရာမှတစ်နေရာသို့သွား၍ လူအပေါင်းတို့အား သမ္မာတရားကိုဟောပြောရာ၌ စရိတ်ရရှိဖို့ရန်ဖြစ်သည်။ ဤနည်းဖြင့် အမှုတော်ကို ပထမဦးဆုံးအချိန်၌ အစပြုလုပ်ကိုင်ခဲ့သည်။ သမ္မာတရားသည် လူအပေါင်းတို့၏စိတ်နှလုံးသို့ရောက်ရှိဖို့ရန် ကျွန်မတို့သည် ကိုယ်တော်ထံဆုတောင်းခံခဲ့ပါသည်။ ရွှေနှင့်ငွေသည် ဘုရားသခင်ပိုင်ပစ္စည်းများဖြစ်သည်။ ထောင်ချီ၍ တောင်များပေါ်၌ရှိကြသောတိရစ္ဆာန်များသည် ကိုယ်တော်ပိုင်ဖြစ်သည်။ သို့သော်လည်း သင်သည် ယုံကြည်ခြင်းဖြင့် ရှေ့သို့တိုးတက်၍ လျင်မြန်နိုင်သလောက်လျင်မြန်အောင်သွားရောက်ဖို့ရန် ကိုယ်တော်အလိုရှိတော်မူသည်။ မိမိတို့ခွန်အားဖြင့် အကောင်းဆုံးဆောင်ရွက်သောသူတို့အပေါ်၌ ဘုရားသခင်၏ကောင်းချီးမင်္ဂလာသည် တည်နေလိမ့်မည်။

ပီဒီမောင်ချိုင့်ဝှမ်းဒေသ၌ သမ္မာကျမ်းစာကိုဖွင့်ပြဟောပြောသောအခါ ဤလောက၏ပစ္စည်း၌ အလွန်ဆင်းရဲသောသူတို့သည် သမ္မာတရားကိုရှေ့သို့ဆောင်ကြဉ်းသွားကြသည်။ သမ္မာကျမ်းစာနှင့်စပ်ဆိုင်၍ သမ္မာတရားရှိသောသူတို့ကို လူထုရှေ့သို့သွားခွင့်မပြုပေ။ အိမ်ထောင်များသို့ သမ္မာကျမ်းစာကိုယူဆောင်သွား၍မရပေ။ သို့ဖြစ်၍ သူတို့သည် ကုန်သည်ယောင်ဆောင်၍ ကုန်စည်ရောင်းချလျက် သမ္မာကျမ်းစာအပိုဒ်များကို သူတို့နှင့်အတူယူဆောင်သွားကြသည်။ အခါအခွင့်သာခဲ့လျှင် သူတို့သည် သမ္မာကျမ်းစာကိုဖတ်ပြသည်။ သမ္မာတရားကိုငတ်မွတ်သောသူများနှင့်တွေ့ဆုံသောအခါ ဤနည်းဖြင့် သူတို့သည် အလင်းကိုရရှိကြသည်။ ဤလူများသည် ဖိနပ်မပါ၊ သွေးယိုစီးနေသောခြေထောက်ဖြင့် ကြမ်းတမ်းသောကျောက်တောင်များပေါ်၌သွားလာလျက် အသက်နှင့်ယှဉ်သောတရားစကားကို ဖွင့်ဟဟောပြောကြလေသည်။ ထိုစဉ်အခါ၌ ထိုလူများစိတ်တွင်ရှိသောစိတ်အားကြီးခြင်းသည် ယခုအချိန်သမ္မာတရားကိုယုံကြည်ကြပါသည်ဟု ဝန်ခံသောသူတို့၌လည်းရှိဖို့ရန် ကျွန်မဆုတောင်းပါသည်။

ဘုရားသခင်ပေးအပ်သောအရာကို ကျွန်ုပ်တို့သည် လက်ခံလိုပါက ကျွန်ုပ်တို့တစ်ယောက်မကျန် တစ်စုံတစ်ခုကိုလုပ်နိုင်ကြသည်။ အခြားသူများအလင်းရရှိဖို့ရန် သင်သည် လှုပ်ရှား



သောအခါတိုင်း သင်သည် ကောင်းကင်ရှိဘုရားသခင်၏စိတ်တော်နှင့်တွေ့လာမည်။ သင်သည် ထိုင်ပြီး သင့်ကိုယ်ကိုပြန်၍ပြောဆိုပါ။ ကျွန်ုပ်သည် ကျွန်ုပ်အိမ်ထောင်ကို ဘယ်ကဲ့သို့ထောက်ပံ့ရမလဲဟုပြောနေလျှင် သင်သည် မည်သည့်အရာမျှလုပ်ကိုင်နိုင်လိမ့်မည်မဟုတ်။ သို့သော်လည်း သင်က ကျွန်ုပ်သည် သမ္မာတရားအတွက် တစ်ခုခုလုပ်မည်၊ ရှေ့ကိုတိုးတက်အောင်လုပ်မည်၊ ကျွန်ုပ်တတ်နိုင်သလောက်ကြိုးစားမည်ဟုပြောပါက ဘုရားသခင်သည် လမ်းကိုဖွင့်ပေး၍ သင်သည် တစ်စုံတစ်ခုကိုလုပ်ကိုင်နိုင်လိမ့်မည်။ သင်သည် သမ္မာတရားကိုပေးကမ်းခြင်း၌ တစ်ယောက်အပါအဝင်ဖြစ်ကြောင်း ခံစားနိုင်ဖို့ရန် သမ္မာတရားအလုပ်၌ ရင်းနှီးထားသင့်သည်။

အစွမ်းသတ္တိတစ်ခုပေးထားသောသူထံမှ ဘုရားသခင်သည် တစ်ခုအပေါ်၌သာ အတိုးတောင်းတော်မူသည်။ ဆယ်ခုအပေါ်၌ အတိုးမတောင်းပါ။ အစွမ်းသတ္တိတစ်ခုတည်းကိုသာရသောသူသည် အသုံးမပြုဘဲဝှက်ထားသည်။ သင်သည် ဘုရားသခင်ပေးသောအစွမ်းသတ္တိသြဇာတန်ခိုးနှင့်ကြေးငွေများကိုအသုံးချ၍ ဤအမှုတော်တွင် တစ်စိတ်တစ်ဒေသပါဝင်သင့်သည်။

R & H, July 8, 1890.

–၀–

# (၁၉) ဘုရားသခင်အားကတိပေးထားခြင်းများ တည်ရမည်

ဘုရားသခင်သည် လူများမှတစ်ဆင့် ဆောင်ရွက်တော်မူသည်။ လူတို့၏အသိစိတ်ကိုနှိုးဆော်၍ ဘုရားသခင်၏အမှုတော်တိုးတက်ခြင်း၌ အစစ်အမှန်စိတ်ဝင်စားခြင်းဖြစ်ပေါ်လာစေခြင်းသည် သူကိုယ်တိုင်ပြုလုပ်သောကြောင့်မဟုတ်။ ဘုရားသခင်၏ဝိညာဉ်တော်သည် သူ့အထဲ၌လုပ်ဆောင်သောကြောင့်ဖြစ်သည်။ ဤအခြေအနေ၌ ပေးသောကတိခံဝန်ချက်များသည် ရှိသေဖွယ်ရာဖြစ်၍ ဘုရားသခင်၏ဝိညာဉ်တော်ဆောင်ရွက်ခြင်းအသီးများဖြစ်သည်။ ဤကတိခံဝန်ချက်များကို ဖြည့်စွက်လိုက်သောအခါ ကောင်းကင်နိုင်ငံတော်သည် အလှူငွေကိုလက်ခံသည်။ ဤရက်ရောသောအမှုတော်ဆောင်များတို့သည် ကောင်းကင်နိုင်ငံတော်ဘဏ္ဍာတိုက်၌ ထိုမျှရတနာများကိုရင်းနှီးထားသည်ဟု စာရင်းသွင်းဖော်ပြထားသည်။ သူတို့သည် လာမည့်အချိန်အဖို့ ကောင်းသောအုတ်မြစ်ကိုချ၍ ထာဝရအသက်ကိုကိုင်စွဲကြသည်။





## ရိုးသားဖြောင့်မှန်မှုလိုနေခြင်း

ယနေ့ခရစ်ယာန်လောကကြီး၌ အကြီးဆုံးသောအပြစ်တစ်ခုမှာ ဘုရားသခင်နှင့်စပ်ဆိုင်သောအရာ၌ ကွယ်ဝှက်ခြင်းနှင့် တပ်မက်မောခြင်းဖြစ်သည်။ အများသောသူတို့သည် အဖွဲ့အစည်းများနှင့် ဘာသာရေးဆိုင်ရာလုပ်ငန်းများ၌ ထားသောကတိခံဝန်ချက်များကိုဆပ်ပေးဖို့ရန် ပေါ့လျော့နေခြင်းပင်ဖြစ်သည်။ အများသောသူတို့သည် ကတိခံဝန်ချက်ကိုပေးရာ၌ ပေးဖို့ရန် တာဝန်မရှိသကဲ့သို့နေကြသည်။ အကယ်၍ သူတို့သည် သူတို့၏ငွေကိုဘဏ်အစုစပ် (သို့မဟုတ်) ကူးသန်းရောင်းဝယ်ခြင်း၌ ရင်းနှီးငွေမှများစွာသောအမြတ်ငွေရရှိမည်ဖြစ်ပါက အဖွဲ့အစည်းတစ်ခုမှ အားကိုးအားထားလောက်သောသူက လိုအပ်နေခြင်းကို မစပါမည်ဟု ကတိခံဝန်ချက်ရရှိလျှင် သူတို့၏ကြေးငွေကို သူတို့သဘောကျအသုံးချဖို့ရန် အခွင့်ရှိသည်ဟုထင်ကြမည်။ သူတို့၏ကယ်တင်ရှင်သည် မကြာမီကြွလာတော်မူမည်ကိုစောင့်မျှော်၍ ပညတ်တော်များကို စောင့်ရှောက်နေကြသောသူတို့တွင် ဤရိုးသားဖြောင့်မှန်သောသဘောကင်းမဲ့နေသောသူအများအပြားရှိနေသည်ကိုတွေ့မြင်ရသည်။

## အသင်းတော်တစ်ခု၏တာဝန်ဝတ္တရား

အသင်းတော်တစ်ခုသည် ယင်းအသင်းသားများတို့၏ ကတိခံဝန်ချက်များကို တာဝန်ယူရသည်။ ညီအစ်ကိုတစ်ယောက်သည် မိမိထားသောကတိခံဝန်ချက်ကိုဆပ်ပေးဖို့ရန် ပျက်ကွက်နေလျှင် သူ့ကိုအတိအလင်းကြင်နာစွာပြောဆိုရမည်။ သူကတိခံဝန်ချက်ထားသည်အတိုင်း အခြေအနေအရ သူ၌ပေးနိုင်စွမ်းမရှိသော်လည်း သူသည် အသရေရှိသောအသင်းသားတစ်ယောက်ဖြစ်၍ စိတ်ကောင်းနှလုံးကောင်းရှိသူဖြစ်ခဲ့သော် အသင်းတော်သည် သူ့ကိုကြင်နာသောသဘောဖြင့် ကူညီမစခြင်းပေးနိုင်သည်။ ဤနည်းဖြင့် သူ၏အခက်အခဲကို လွန်မြောက်စေ၍ သူ၏အဖို့ ကောင်းချီးမင်္ဂလာများကိုရရှိမည်။

သူတို့သည် ကုန်သည် (သို့မဟုတ်) ဈေးဆိုင်ရှင်တို့အား အကြွေးပေးတာဝန်ရှိသကဲ့သို့ ကိုယ်တော်၏အသင်းတော်ရှိ အသင်းသားများသည်လည်း ကိုယ်တော်အားစွန့်ကြဲပေးကမ်းဖို့ရန် တာဝန်ရှိကြောင်းစဉ်းစားစေလိုသည်။ လူတိုင်း မိမိတို့၏ နောက်ကြောင်းကိုပြန်ကြည့်ရှု၍ ထားခဲ့သောကတိခံဝန်ချက်များ အတိုင်းမပေးဘဲ ပျက်ကွက်ခြင်းရှိခဲ့လျှင် အကြွေးမှာတစ်ပြားမကျန် ပြန်လည်ပေးဆပ်ဖို့ရန် ကြိုးစားအားထုတ်ရမည့်



အကြောင်းမှာ နောက်ဆုံးသောနေ့၌ ကျွန်ုပ်တို့၏ရိုးသားဖြောင့်မှန်ခြင်းကိုစစ်ဆေးသောအခါ ဤသေးငယ်သောအရာကလေးများသည် ကျွန်ုပ်တို့တစ်ဖက်၌ရှိနေလိမ့်မည်။ 4T 473-476.

## ဆင်းရဲအခက်အခဲတွေ့ခြင်း၏အကြောင်းတစ်ရပ်

သင်တို့ထဲမှ အချို့တို့သည် သင်တို့ထားသောကတိခံဝန်ချက်များ၌ ခလုတ်တိုက်မိလျက်ရှိကြသည်။ ဆုတောင်းရာ၌ နားညောင်းသောအနေဖြင့် ဘုရားသခင်၏ဝိညာဉ်တော်သည် စည်းဝေးခန်းသို့ဆင်းသက်ခဲ့ပါသည်။ ဝိညာဉ်တော်၏ပျော့ပျောင်းစေတတ်သောသြဇာတန်ခိုးကြောင့် သင်သည် ကတိခံဝန်ချက်ပေးသည်။ ကယ်တင်ခြင်း၏စမ်းရေသည် သင်၏စိတ်နှလုံးအပေါ်သို့သွန်းလောင်းနေသောအချိန်၌ ကောင်းမှုကို သွားလာလုပ်ကိုင်နေ၍ လူတို့ကိုအပြစ်မှရွေးနုတ်ဖို့ရန် မိမိအသက်ကိုဝမ်းမြောက်ဝမ်းသာစွာစွန့်တော်မူခဲ့သော ကိုယ်တော်၏ပုံသက်သေအတိုင်းလိုက်လျှောက်မည်ဟု သင်၌ဖြစ်ခဲ့သည်။ ကောင်းကင်နိုင်ငံတော်၏နှိုးဆော်ခြင်းသြဇာအောက်၌ ကိုယ်ကျိုးရှာဖွေခြင်းနှင့် လောကဆန်ခြင်းသည် ခရစ်ယာန်အကျင့်နှင့်ညီညွတ်ခြင်းမရှိကြောင်းကို သင်တွေ့မြင်သည်။ ၎င်းပြင် သင်သည် သင့်အဖို့သာ

အသက်ရှင်နေ၍ ခရစ်တော်နှင့်မတူနိုင်ကြောင်းကိုလည်းတွေ့မြင်သည်။ သို့သော်လည်း ခရစ်တော်၏ကြွယ်ဝသောချစ်ခြင်းမေတ္တာနှင့်သနားကြင်နာမှုသည် သင်၏စိတ်နှလုံး၌ ပြောပြလောက်အောင်ထိခိုက်ခြင်းမရှိ။ သင်သည် ဘုရားသခင်အားအလှူငွေမပေးကမ်းသောကြောင့် ဘုရားသခင်သည်လည်း မိမိ၏ကောင်းချီးမင်္ဂလာကို သင့်ထံမှပြန်သိမ်းယူလိုက်သည်။

အချို့သောသူတို့အပေါ်၌ အခက်အခဲဆင်းရဲခြင်းကျရောက်သည်။ သူတို့၏သီးနှံများသည် အောင်မြင်ခြင်းမရှိသောကြောင့် သူတို့၏ကတိခံဝန်ချက်များကို မရွေးယူနိုင်ပေ။ အချို့တို့၌ ကျဉ်းကျပ်သောအခြေအနေသို့ရောက်ကြသည်။ ဤကဲ့သို့ဖြစ်လာသောအခါ ပေးနိုင်ဖို့ရန် ခက်ခဲလာသည်။ သို့သော်လည်း သူတို့သည် ညည်းညူခြင်းမပြုဘဲ သူတို့ကတိခံဝန်ထားသောငွေများမှ သူတို့၏စိတ်နှလုံးများကို ရုပ်သိမ်းခြင်းမပြုလုပ်ခဲ့လျှင် ဘုရားသခင်သည် သူတို့အဖို့ဆောင်ရွက်၍ လမ်းဖွင့်ပေးခြင်းဖြင့် သူတို့သည် ကတိထားသောအလှူငွေကိုရွေးယူနိုင်ကြလိမ့်မည်။ ဘုရားသခင်သည် လမ်းဖွင့်ပေး၍ သူတို့၏ကတိခံဝန်ချက်များကို ရွေးယူနိုင်ဖို့ရန် သူတို့သည် ယုံကြည်ခြင်းဖြင့်မစောင့်ဆိုင်း၊ ဘုရားသခင်၌ကိုးစားခြင်းလည်းမရှိကြပေ။



အချို့တို့၌ ကြွေးငွေရှိကြသည်။ သူတို့ကတိခံဝန်ချက်ပေးသောအချိန်၌ရှိသောစိတ်ဓာတ်မျိုးရှိနေ၍ ဘုရားသခင်က သူတို့အား ချေးငှားထားသောအလှူငွေများကို စေတနာစိတ်ဖြင့် ဘုရားသခင်အထံတော်သို့ပြန်၍ပေးအပ်ပါက သူတို့သည် ကောင်းချီးမင်္ဂလာမြောက်မြားစွာခံစားရကြမည်။ သို့သော်လည်း စာတန်သည် သူ၏စုံစမ်းနှောင့်ယှက်ခြင်းများနှင့်ဝင်လာ၍ လူအချို့တို့၏စိတ်တွင် ဘုရားသခင်၏လူများတောင်းခံသော ကြွေးငွေအကြောင်းသဘောတရားကို မေးမြန်းစရာများဖြစ်ပေါ်လာစေသည့် အချို့သောသူတို့သည် လိမ်လည်လှည့်ဖြားခြင်းခံရသည်ဟု ယူဆကြသည်။ စိတ်အားဖြင့် သူတို့ထားသောကတိသစ္စာကို ငြင်းပယ်လိုက်ကြ၍ နောင်အချိန်၌ သူတို့လုပ်ကိုင်လေသမျှတို့၌ တွန့်တိုခြင်းရှိသောကြောင့် သူတို့သည် ကောင်းချီးမင်္ဂလာကိုမခံစားရတော့ပေ။ 5T 281, 282.

–ဝ–

## (၆၀) အာနနိ၏အပြစ်

သူတို့၏ညီအစ်ကိုများပေးလှူသကဲ့သို့ သူတို့၏ပစ္စည်းများကိုပေးလှူဖို့ရန် ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်သည် အာနနိနှင့်သူ၏ဇနီးစိတ်ကိုနှိုးဆော်သည်။ သို့သော်လည်း သူတို့သည် ကတိခံဝန်ချက်ပေးပြီး နောက်သို့ဆုတ်၍ ကတိအတိုင်းမလိုက်နာရန် စိတ်ပိုင်းဖြတ်လိုက်ကြသည်။ အားလုံးပေးသည့်သဘောဖြင့် ရရှိသောငွေအချို့ကို သိမ်းဆည်းထားလိုက်ကြလေသည်။ သူတို့သည် ဘုရားသခင်ကိုလိမ်လည်ခဲ့ကြသည်။ သန့်ရှင်းသောဝိညာဉ်တော်ကိုလှည့်စား၍ ပြောဆိုလုပ်ကြသည်။ သူတို့၏အပြစ်ကြောင့် လျင်မြန်၍ ကြောက်မက်ဖွယ်ရာကောင်းသောတရားစီရင်ခြင်းကိုခံရကြသည်။ သူတို့သည် ယခုအသက်တာ၌သာ ပျောက်ဆုံးသွားခဲ့သည်မဟုတ်။ ထာဝရအသက်ကိုပါ ဆုံးရှုံးခဲ့လေသည်။

အခြားသောသူများသည် ဤကဲ့သို့သောပြစ်မှုမျိုးကို မပြုမိစေနိုင်ရန် ဘုရားသခင်သည် ဤတစ်ခုတည်းသောစီရင်ခြင်းကို ဖော်ပြခဲ့လေသည်။ လူသည် ဘုရားသခင်ကို လိမ်လည်၍မရကြောင်း သက်သေခံသည်။ ကိုယ်တော်သည် စိတ်နှလုံး၌





ဝှက်ထားသောအပြစ်များကို ရှုံ့ရှာတော်မူသည်။ ကိုယ်တော်သည် ပြောင်လှောင်ခြင်းကိုသည်းခံတော်မမူ။ ငယ်ရွယ်သောအသင်းတော်ကိုသတိပေးလိုသောအကြံအစည်ဖြစ်သည်။ သူတို့၏လှုပ်ရှားခြင်းများကိုစစ်ဆေး၍ ကိုယ်ကျိုးရှာဖွေခြင်းကိုသတိပြုရန်နှင့် ဘုရားသခင်ကိုလုယူခြင်းမပြုရန်ဖြစ်သည်။

အာနနိကိစ္စ၌ ဘုရားသခင်အားလိမ်လည်ခြင်းကို ချက်ချင်းတွေ့မြင်၍ ဒဏ်ခတ်လိုက်သည့် ဤဘုရားသခင်၏တရားစီရင်ခြင်းပုံစံနမူနာသည် နောင်လာနောက်သားများအတွက် ဘေးအန္တရာယ်အချက်ပြခြင်းပင်ဖြစ်သည်။ ဤအပြစ်မျိုးကို အသင်းတော်၏နောက်ရာဇဝင်၌ ခဏခဏပြန်၍ကျူးလွန်ခဲ့ကြသည်။ ကျွန်ုပ်တို့အချိန်၌လည်း လူတို့သည် ကျူးလွန်လျက်ပင်ရှိကြသည်။ ဘုရားသခင်နှစ်သက်တော်မူခြင်းမရှိကြောင်းကို မျက်မြင်မတွေ့ရသော်လည်း တမန်တော်များအချိန်၌ ဤအပြစ်သည် အလွန်ဆိုးသွမ်းသကဲ့သို့ ယခုအချိန်၌လည်း အလွန်ဆိုးသွမ်းခြင်းရှိသည်။ သတိပေးခဲ့ပြီ။ ဤအပြစ်ကို ဘုရားသခင်သည် ရှုံ့ရှာတော်မူကြောင်း ရှင်းလင်းစွာဖော်ပြခဲ့ပြီ။ ဤအဖြစ်မျိုးအတိုင်းလိုက်နာလုပ်ကိုင်နေသောသူများသည် သူတို့၏အသက်ဝိညာဉ်များကို ဖျက်ဆီးလျက်နေကြသည်။

ခရစ်ယာန်၏လှူပ်ရှားခြင်းများသည် ပြည့်စုံစွာအသိအမှတ်ပြုသောအခါနှင့် အသိစိတ်သည် ဝတ္တရားဆောင်ရွက်ဖို့ရန် နိုးကြားလာသောအခါ ဘုရားသခင်၏အလင်းသည် စိတ်နှလုံးနှင့်အကျင့်အပေါ်၌စွဲလမ်းခြင်းဖြစ်စေသောကြောင့် ကိုယ်ကျိုးရှာဖွေခြင်းကိုအောင်မြင်၍ ခရစ်တော်စိတ်သဘောမျိုးကို စံပြပြု၍ ဖော်ပြလေသည်။ လူတို့၏စိတ်နှလုံးများနှင့် အကျင့်များပေါ်၌ လုပ်ဆောင်နေသောသန့်ရှင်းသောဝိညာဉ်တော်သည် တပ်မက်ခြင်းကိုဖြစ်စေသောသဘောပါခြင်းနှင့် လိမ်လည်လှည့်ဖြားခြင်းများကို ထုတ်ပယ်ပစ်လိုက်လိမ့်မည်။ ရံဖန်ရံခါ ဘုရားသခင်သည် လောကဆန်၍ ကိုယ်ကျိုးရှာသောသူတို့အပေါ်၌ ပြတ်သားစွာပြုတော်မူသည်။ သူတို့၏စိတ်များသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် တောက်ပခြင်းရှိ၍ သူတို့၏စိတ်နှလုံးသည် ၎င်း၏ဖြည်းညင်းနိုင်နင်းသောတန်ခိုးကိုခံစားရသည်။ ကြွယ်ဝစွာသောဘုရားသခင်၏သနားကြင်နာမှုနှင့် ကျေးဇူးတော်ကိုသိမြင်လာသောကြောင့် ဘုရားသခင်၏အမှုတော်တိုးတက်ဖို့ရန်နှင့် ကိုယ်တော်၏နိုင်ငံတော်တည်ဆောက်ဖို့ရန် အလုပ်သည် သူတို့၏တာဝန်ဖြစ်သည်ဟု ယူဆကြသည်။ သူတို့သည် ဘုရားသခင်၏နိုင်ငံတော်၌ ဝေစုရဖို့ရန် ဆန္ဒရှိကြသည်။ ဘုရားသခင်၏



အမှုတော်နှင့်စပ်ဆိုင်၍ ရင်းနှီးထားသောအချို့လုပ်ငန်းများတို့၌ သူတို့၏ကြေးငွေများဖြင့်ထောက်ပံ့ရန် ကတိခံဝန်ပြုကြသည်။ ထိုကတိခံဝန်ချက်ကို လူတို့နှင့်မပြုလုပ်ပေ။ ဤကိုယ်ကျိုးရှာ၊ ငွေမက်မောသောသူတို့၏စိတ်နှလုံးကို လှုပ်ရှားပေးသော ဘုရားသခင်နှင့်ကောင်းကင်တမန်တို့ရှေ့၌ ကတိခံဝန်ချက်ပြုကြသည်။

ကတိခံဝန်ချက်ကိုထားကြရာ၌ သူတို့သည် ကောင်းချီးမင်္ဂလာများစွာခံစားရကြသည်။ သို့သော်လည်း သူတို့သည် သာမန်အခြေအနေ၌ရှိသောအခါ သူတို့၏သက်ဝင်ခြင်းများသည် လျင်မြန်စွာပြောင်းလဲသွားခဲ့လေသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ရုတ်ခြည်းစွဲလမ်းစေခြင်းများမထင်ရှားဖြစ်လာသောအခါ စိတ်နှင့်စိတ်နှလုံးသည် လောကနှင့်စပ်ဆိုင်သောအလုပ်၌ ဝင်စားသွားသောအခါ ဘုရားသခင်အား သူတို့ကိုယ်တိုင်နှင့် ပစ္စည်းဥစ္စာများကိုပေးအပ်ထားခြင်း၌ တည်မြဲနေဖို့ရန် အလွန်ခက်ခဲလာခဲ့သည်။ စာတန်သည် သူ၏စုံစမ်းနှောင့်ယှက်ခြင်းဖြင့် သူတို့ကိုတိုက်ခိုက်လေသည်။ "သင်သည် ထိုငွေကိုပေးလှူဖို့ရန် ကတိခံဝန်ချက်ပေးခြင်း၌ အလွန်မိုက်မဲ၏။ ထိုငွေကိုရင်းနှီးထားရန် သင်လို၏။ ကတိခံဝန်ချက်အတိုင်း သင်သည်မပေးလိုက်ပါက အရှုံးနှင့်တွေ့ရလိမ့်မည်။"

ယခုအချိန်၌ သူတို့သည် နောက်ဆုတ်သွားကြသည်။ ဘုရားသခင်၏သတင်းစကားနှင့် ကိုယ်တော်၏စေတမန်များကို ပြစ်တင်ညည်းတွားကြသည်။ ကိစ္စအဝဝတို့၌ အမှန်ကိုမတွေ့ရ။ အကြောင်းအရာကိုသေချာစွာမသိ၍ ငွေပေးဖို့ရန် ကတိခံဝန် ချက်ပေးလိုက်ပါသည်။ လက်ရှိဖြစ်ပျက်နေသည့်အခြေအနေထက် ပို၍ပြောကြားသည်ကို စိတ်တွင်ထိခိုက်သောကြောင့် ဤကဲ့သို့ သောကတိခံဝန်ချက်ကိုပေးလိုက်ရပါသည်ဟု သူတို့ပြောကြသည်။ သူတို့ပြောပုံကိုထောက်ရှုခြင်းအားဖြင့် သူတို့ခံစားရသော အဖိုးတန်ကောင်းချီးမင်္ဂလာသည် ဓမ္မဆရာက သူတို့အား လိမ်လည်၍မျက်လှည့်ပြလိုက်သောကြောင့်ဟု ပြောဆိုကြသည်။ သူတို့၏စိတ်သည် ပြောင်းလဲသွား၍ သူတို့သည် ဘုရားသခင်အား ထားရှိသောကတိခံဝန်ချက်ကို ဖြည့်စွက်ပေးဖို့ရန် တာဝန်မရှိတော့ဟုပြောဆိုကြသည်။ ဘုရားသခင်ကို အလွန်ကြောက်မက်ဖွယ်ရာကောင်းအောင်လုပ်ယူကြပြီ။ သန့်ရှင်းသောဝိညာဉ်တော်ကို ငြင်းပယ်ရာ၌ မရေရာသောဆင်ခြေများကိုပေးကြသည်။ အချို့တို့သည် သူတို့၌ငွေအလွန်အသုံးလိုနေ၍ ပေးဖို့ရန်ခဲယဉ်းကြောင်းပြောဆိုကြသည်။ ငွေနှင့်မည်သည့်အရာကိုလုပ်ကြမည်နည်း။ အိမ်၊ မြေ (သို့မဟုတ်) ငွေဝင်လမ်းတစ်ခုခု၌ မြှုပ်နှံဖို့



ဖြစ်သည်။ သူတို့ထားခဲ့သောကတိခံဝန်ချက်သည် ဘာသာရေးဆိုင်ရာကို ရည်မှန်းချက်ဖြစ်သောကြောင့် တရားဥပဒေအရ အတင်းအကျပ်မတောင်းနိုင်ဟု သူတို့ထင်မြင်ကြသည်။ သူတို့၌ ငွေကိုတပ်မက်ခြင်းသည် အလွန်ပြင်းထန်လျက်ရှိရာ သူတို့၏ကိုယ်ကိုပြန်လှည့်စား၍ ဘုရားသခင်ကိုလုယူရန်ကြံစည်ကြသည်။ “သင်သည် အခြားသောသူတို့ကို ဤမျှလောက်နာကျင်အောင်မပြု” ဟု အများသောသူတို့ကိုပြောဆိုရပေမည်။

အာနနိနှင့်ရှဖိရေတို့ကျူးလွန်ခဲ့သောအပြစ်များကို ကျူးလွန်နေကြသောလူအရေအတွက်သည် တိုးတက်လျက်ရှိနေသည်။ လူအချင်းချင်းမလိမ်လည်ကြပေ။ သို့သော် သန့်ရှင်းသောဝိညာဉ်တော်လှုပ်ရှားခြင်းအားဖြင့် ဘုရားသခင်အား စွန့်ကြဲပေးကမ်းမည်ဟု ကတိခံဝန်ချက်ထားခြင်းများကို မရိုသေမလေးစားဘဲနေကြသည်။ မကောင်းသောအလုပ်ကိုလုပ်သော်လည်း အာနနိနှင့်ရှဖိရေတို့ကဲ့သို့ ချက်ချင်းအပြစ်ဒဏ်မခံရသောကြောင့် လူသားတို့၏စိတ်နှလုံးများသည် ဘုရားသခင်၏ဝိညာဉ်တော်ကိုဆန့်ကျင်ပြီးလျှင် မကောင်းမှုကိုပြုလုပ်ရန် အစွမ်းကုန်ပြင်ဆင်အားထုတ်နေကြသည်။ ဤလူများသည် တရားစီရင်ရာနေ့၌ မည်ကဲ့သို့ရပ်တည်ကြအံ့နည်း။ ဤမေးခွန်းကို သင်သည်

ရင်ဆိုင်နိုင်မည်လော။ ဗျာဒိတ်ကျမ်း၌ ဖော်ပြသောမြင်ကွင်းများ၌ သင်မည်ကဲ့သို့ရပ်တည်နေလိမ့်မည်နည်း။ "တစ်ဖန်တုံဖြူသော စင်မြင့်ကြီးကိုလည်းကောင်း၊ စင်မြင့်ပေါ်မှာထိုင်တော်မူသော သူကိုလည်းကောင်း ငါမြင်၏။ ကောင်းကင်နှင့်မြေကြီးသည် မျက်နှာတော်ရှေ့မှာရပ်နေကြသည်ကို ငါမြင်၏။ စာစောင် များကိုဖွင့်ထား၏။---လူအသီးအသီးတို့သည် မိမိတို့အကျင့် အတိုင်း တရားစီရင်ခြင်းကိုခံရကြ၏။" R & H, May 23, 1893.

–o–

# (၆၁) ဘုရားသခင်နှင့်ပဋိညာဉ်စာချုပ်

ကျွန်ုပ်တို့၏ညီအစ်ကိုများရှေ့၌ နှုတ်ဖြင့်ဖြစ်စေ၊ အက္ခရာ တင်၍ဖြစ်စေ၊ မည်ရွေ့မည်မျှပေးမည်ဟု ကတိခံဝန်ချက်ပြုသော အခါဖြစ်စေ ကျွန်ုပ်တို့နှင့်ဘုရားသခင်စပ်ကြား ပဋိညာဉ်စာချုပ် ချုပ်ဆိုရာ၌ သူတို့သည် သက်သေများဖြစ်ကြသည်။ ကတိခံဝန် ချက်သည် လူနှင့်မပြုလုပ်ဘဲ ဘုရားသခင်နှင့်ပြုလုပ်ခြင်းဖြစ်၍ အိမ်နီးနားချင်းနှင့်ကတိစာချုပ်ပြုသကဲ့သို့ဖြစ်သည်။ ခရစ်ယာန် တစ်ယောက်သည် ဘုရားသခင်အား စွန့်ကြဲပေးကမ်းရန် ကတိ ခံဝန်ချက်ထက် ပို၍အခြားမည်သို့တရားဝင်ခံဝန်ချက်မရှိပေ။

ဤနည်းဖြင့် လူအချင်းချင်းပေးထားသောကတိခံဝန်ချက်မှ လွတ်ငြိမ်းခွင့်ရရှိရန် မည်သူမျှစဉ်းစားကြမည်မဟုတ်ပေ။ အလုံးစုံ သောအရာများအားဖြင့် ကျေးဇူးပြုနေသောဘုရားသခင်အား ကတိ ခံဝန်ထားခြင်းသည် သာ၍ပင်အရေးကြီးသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ဘုရားသခင်အား ကတိထားခြင်း၌ အဘယ်ကြောင့် လွတ်ငြိမ်းခွင့်ရရှိရန် ရှာကြံနေသနည်း။ ဘုရားသခင်အား ကတိ ခံဝန်ချက်ပေးသောကြောင့် ချည်နှောင်ခြင်းနည်းပါးသည်ဟု ယူဆရမည်လား။ အကြောင်းမှာ ဤချည်နှောင်ခြင်းကို တရားရုံး၌ တင်၍ စုံစမ်းစစ်ဆေးမည်မဟုတ်၊ ခိုင်လုံခြင်းမရှိသောကြောင့်

ဖြစ်သလား။ သခင်ခရစ်တော်၏အသေခံခြင်းအသွေးအားဖြင့် ကယ်တင်ခြင်းခံစားရမည်ဟု ဝန်ခံသောသူတစ်ယောက်သည် ဘုရားသခင်ကို "လုယူမည်လား။" သူ၏ကတိခံဝန်ချက်များနှင့် လှူပ်ရှားခြင်းများကို ကောင်းကင်ဘုံရှိ ဖြောင့်မှန်တရားသော ချိန်ခွင်များ၌ ချိန်စက်မည်မဟုတ်လော။

ကျွန်ုပ်တို့အသီးအသီးကောင်းကင်ဘုံတရားရုံးတွင် အမှုဆိုင်ရန်ရှိကြသည်။ ကျွန်ုပ်တို့၏ကျင့်ကြံပြုမူခြင်းသည် ကျွန်ုပ်တို့တစ်ဖက်၌ရှိသော သက်သေထွက်ချက်နှင့်ညီမျှခြင်း ဖြစ်စေနိုင်မည်လား။ အာနနိနှင့်ရှဖိရေတို့၏ကိစ္စသည် အလွန်ကြီးလေးသောအမှုသဘောသက်ဝင်သည်။ အဖိုး၏ထက်ဝက်ကို မပေးဘဲ ထိမ်ဝှက်ထားခြင်းဖြင့် သူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်ကိုလိမ်လည်ကြသည်။ ဤကဲ့သို့သောပြစ်မှုမျိုးကို လွန်ကျူးသောသူအပေါင်းတို့အပေါ်၌ ပြစ်မှု၏အချိုးအစား အတိုင်း ပြစ်ဒဏ်သင့်နေသည်။

ဘုရားသခင်၏ဝိညာဉ်တော်လှုပ်ရှားခြင်းအားဖြင့် လူတို့၏ စိတ်နှလုံးများသည် ပျော့ပျောင်းသွားသောအခါ သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ခံစားမှုကို ပို၍တွေ့သိလာသော ကြောင့် ကိုယ့်ကိုကိုယ်ငြင်းပယ်၍ ဘုရားသခင်၏အမှုတော် အတွက် အနစ်နာခံရန် စိတ်ပြဋ္ဌာန်းကြသည်။ ဘုရားသခင်၏



အလင်းသည် စိတ်၏အခန်းကလေးများထဲ၌ ထူးခြားသော ကြည်လင်ခြင်းနှင့် တန်ခိုးဖြင့်ထွန်းလင်းခဲ့သောအချိန်၌ ဇာတိပကတိလူ၏ခံစားခြင်းများကို အောင်နိုင်ခဲ့လေသည်။ စိတ်နှလုံး အပေါ်၌ ကိုယ်ကျိုးရှာဖွေခြင်းတန်ခိုးသည်လျော့နည်းခဲ့၍ ကိုယ်ကို ငြင်းပယ်ခြင်းနှင့် သူတစ်ပါးအား ကောင်းမှုပြုလိုသောခရစ်တော် ၏စိတ်သဘောမျိုးကိုအတုယူရန် ဆန္ဒများသည် နိုးကြားခဲ့လေ သည်။ ယင်းနောက် ဇာတိပကတိအားဖြင့် ကိုယ်ကျိုးကိုသာ ကြည့်တတ်သောသူသည် ပျောက်ဆုံးနေသောအပြစ်သားများ အပေါ်၌ ကြင်နာသနားခြင်းစိတ်ဖြစ်လာ၍ အာဗြဟံနှင့်ယာကုပ် တို့ကဲ့သို့ သူသည် ဘုရားသခင်အား အရေးကြီးသောကတိ ခံဝန်ချက်ကိုပေးသည်။ ထိုသို့သောအချိန်အခါမျိုး၌ ကောင်းကင် တမန်များသည်ရှိကြသည်။ ဘုရားသခင်ကိုချစ်ခြင်းနှင့် အသက် ဝိညာဉ်များကိုချစ်ခြင်းသည် ကိုယ်ကျိုးရှာဖွေခြင်းနှင့် လောကကို ချစ်ခြင်းအပေါ်၌ ဖုံးလွှမ်းသွားခဲ့လေသည်။ အထူးသဖြင့် ဤကိစ္စ ကို စကားပြောသောသူသည် ဘုရားသခင်၏ဝိညာဉ်တော်နှင့် တန်ခိုးဖြင့်ကယ်တင်ခြင်းအကြံအစည်တော်အကြောင်းကို တင်ပြ သည်။ လက်ဝါးကပ်တိုင်၌ သက်တော်စွန့်ခြင်းကို ကောင်းကင် ဘုံရှင်ဘုရားသခင်ကိုယ်တော်တိုင် ခင်းကျင်းထားတော်မူခဲ့သည်။ အောက်ပါကျမ်းချက်များကိုဖတ်ရှုခြင်းဖြင့် ဘုရားသခင်သည်

ကတိခံဝန်ချက်များကို မည်ကဲ့သို့ကြည့်ရှုတော်မူကြောင်း သိနိုင်သည်။

"တစ်ဖန်ထာဝရဘုရားသခင်မိန့်တော်မူသောစကားကို မောရှေသည် ဣသရေလအမျိုးသားတို့တွင် အမျိုးအနွယ်တို့၌ မင်းဖြစ်သောသူတို့အား ဆင့်ဆိုသည်ကား၊ လူယောကျ်ားသည် ထာဝရဘုရားသခင်အား သစ္စာကတိပြုသော်လည်းကောင်း၊ ကိုယ်စိတ်ဝိညာဉ်၌ချည်နှောင်၍ ကျိန်ဆိုခြင်းကိုပြုသော်လည်းကောင်း မိမိပြောသောစကားကိုမဖျက်ဘဲ မိမိနှုတ်ထွက်ရှိသည်အတိုင်းပြုရမည်။" တောလည်ရာ ၃၀း၁၊ ၂။

"သင်၏နှုတ်သည် သင်၏ကိုယ်ခန္ဓာ၌ အပြစ်မရောက်စေနှင့်။ အကျွန်ုပ်မှားပါပြီဟု တမန်တော်ရှေ့မှာပြောရသောအကြောင်းမရှိစေနှင့်။ ဘုရားသခင်သည် သင်၏စကားသံကို အမျက်တော်ထွက်၍ ပြုစုသောအမှုကို အဘယ်ကြောင့်ဖျက်ဆီးတော်မူရသနည်း။" ဒေသနာ ၅း၆။

"မီးရှို့ရသောယဇ်ပါလျက် အိမ်တော်ကိုအကျွန်ုပ်သွားပါမည်။ ဆင်းရဲခံရစဉ်အခါ အကျွန်ုပ်သည် နှုတ်ကိုဖွင့်၍ မြွက်ဆိုသည်အတိုင်း သစ္စာဝတ်ကိုဖြေပါမည်။" ဆာလံ ၆၆း၁၃၊ ၁၄။

"ဘုရားသခင်အမှု၌ စကားလွန်မိသောသူ၊ ကတိထားပြီးမှ မေးမြန်းသောသူသည် ကျော့ကွင်းနှင့်တွေ့မိပြီ။" သုတ္တံ ၂၀း၂၅။



သင်၏ဘုရားသခင်ထာဝရဘုရားအား ကတိထားလျှင် ထားသည်အတိုင်း မပြုဘဲမနေရ။ သင်၏ဘုရားသခင်ထာဝရဘုရားသည် ဧကန်အမှန်တောင်းတော်မူမည်။ သင်သည် မပြုဘဲနေလျှင် အပြစ်ရောက်လိမ့်မည်။ ကတိမထားနေလျှင် အပြစ်မရောက်။ သင်သည် သင်၏ဘုရားသခင်ထာဝရဘုရားအား ကိုယ်အလိုအလျောက် ကတိထား၍ ကိုယ်နှုတ်နှင့်မြွက်ဆိုသောစကားကိုတည်စေ၍ ကတိရှိသည်အတိုင်းပြုရမည်။" တရားဟော ၂၃း၂၁–၂၃။

"ကတိပြုကြလော့။ သင်တို့၏ဘုရားသခင်ထာဝရဘုရားအား ကတိဝတ်ကိုလည်းဖြေကြလော့။ ကိုယ်တော်၏ပတ်လည်၌နေသောသူအပေါင်းတို့သည် ကြောက်ရွံ့ရိုသေဖွယ်သော ဘုရားသခင်ထံတော်သို့ လက်ဆောင်ကိုဆောင်ခဲ့ကြလော့။" ဆာလံ ၇၆း၁၁။

"သင်တို့က၊ ထာဝရဘုရားသခင်၏စားပွဲတော်သည် ညစ်ညူး၏။ တင်ထားသောဘောဇဉ်ပူဇော်သကာသည် ယုတ်မာ၏ဟုဆိုသောကြောင့် စားပွဲတော်ကိုရှုတ်ချကြပြီ။ တစ်ဖန်သင်တို့က၊ အမှုတော်ကိုဆောင်ရွက်၍ ပင်ပန်းစွတကားဟုဆိုလျက် ကဲ့ရဲ့သံကိုပြုတတ်ကြသည်ဟု ကောင်းကင်ပေါ်ရှိ ထာဝရဘုရားသခင်မိန့်တော်မူ၏။ လုယူသောအကောင်၊ ခြေဆွံ့သောအကောင်၊ နာသောအကောင်ကို ဆောင်ခဲ့ကြပြီ။ ထိုသို့သော

ပူဇော်သကာကိုဆောင်ခဲ့ကြပြီတကား။ သင်တို့လက်မှငါခံရမည်လောဟု ထာဝရဘုရားသခင်မေးတော်မူ၏။ ကတိထားပြီးမှ မိမိသိုးစု၌ အထီးရှိလျက်ပင် လှည့်စား၍ ထာဝရဘုရားသခင်အား ချို့တဲ့သောအကောင်ကို ယဇ်ပူဇော်သောသူသည် ဆိုးကျိုးရှိစေသတည်း။ ငါသည် ကြီးမြတ်သောသခင်ဘုရင်ဖြစ်၏။ ငါ၏နာမတော်သည် လူအမျိုးမျိုးတို့တွင် ကြောက်မက်ဖွယ်ဖြစ်ရမည်ဟု ကောင်းကင်ပေါ်ရှိထာဝရဘုရားသခင်မိန့်တော်မူ၏။" မာလခိ ၁း၁၂–၁၄။

"ဘုရားသခင်ထံတော်၌ ကတိပြုမိလျှင် ကတိဝတ်ကို မဖြေဘဲမနေနှင့်။ မိုက်သောသူတို့ကို အားရနှစ်သက်တော်မမူ။ ကတိပြုသည်အတိုင်း ဝတ်ကိုဖြေလော့။ ကတိပြု၍ ဝတ်ကို မဖြေဘဲနေသည်ထက် ကတိအလျှင်းမပြုဘဲနေသော် သာ၍ကောင်း၏။" Eccl. ၅း၄၊ ၅။ 4T 470-472.

## ဘုရားသခင်၏ကတိတော်များကိုရရှိဖို့ရန်စည်းကမ်းများ

အထူးပရိသတ်အစည်းအဝေးများ၌ ဘုရားသခင်၏အမှုတော်အတွက် ခရစ်တော်၏နောက်လိုက်များဖြစ်သည်ဟု ဝန်ခံသောသူတို့ကို ပန်ကြားသောအခါ အများသောသူတို့၌



စိတ်လှုပ်ရှားခြင်းဖြစ်၍ အမှုတော်ကိုထောက်ပံ့ရန် အများသောသူတို့သည် ကတိခံဝန်ချက်ပေးကြသည်။ သို့သော်လည်း ကတိခံဝန်ချက်ပေးသောသူအများအပြားပင် ဘုရားသခင်၌ ကတိမတည်ဖြစ်ကြသည်။ သူတို့၌ပျက်ကွက်ခြင်းရှိ၍ သူတို့၏ဖန်ဆင်းရှင်အား ထားသောကတိများကို ရွေးယူခြင်းမပြုကြပေ။ လူသည် ဘုရားသခင်၌ထားသောကတိကို အလေးမမူဂရုမစိုက်ဘဲနေ၍ စောင့်ထိန်းဖို့ရန် ပေးထားသောစည်းကမ်းများကိုမစောင့်ဘဲ ဘုရားသခင်အထံတော်မှ ကတိတော်ပြည့်စုံဖို့ရန် မျှော်လင့်နိုင်သလား။ သင်တို့အချင်းချင်းနှင့်လည်းကောင်း၊ ဘုရားသခင်နှင့်လည်းကောင်း ရိုးသားစွာဆက်ဆံပါက အကောင်းဆုံးဖြစ်သည်။ R & H, Dec. 17, 1889.

## စာတန်၏ကန့်ကွက်ခြင်း

လူကိုအပ်နှံထားသောကြေးငွေများမှ ဘုရားသခင်သည် တစ်စုံတစ်ခုကိုတောင်းဆိုသည်။ ဆယ်ပုံတစ်ပုံဖြစ်သည်။ ဤအရေအတွက်ထက် ပို၍ပေးသင့်မပေးသင့်ကို လူတို့ကိုယ်တိုင်ဆုံးဖြတ်ရန်ထားသည်။ သို့သော်လည်း စိတ်နှလုံးသည် သန့်ရှင်းသောဝိညာဉ်တော်၏ဩဇာသက်ရောက်ခြင်းဖြင့် လှုပ်ရှားခြင်း

ဖြစ်ခဲ့၍ တစ်စုံတစ်ရာပေးမည်ဟု ကတိခံဝန်ချက်ထားပြီးသော အခါ ပေးအပ်ထားသောအပိုင်းကို ကတိခံဝန်ချက်ပေးထားသော သူသည် သုံးစွဲဖို့ရန်အခွင့်မရှိတော့ပေ။ လူအချင်းချင်း ဤကဲ့သို့ ပေးသောကတိခံဝန်ချက်သည် ချည်နှောင်လျက်ရှိသည်။ ဘုရား သခင်ကိုပေးသောကတိခံဝန်ချက်သည်လည်း ပို၍ချည်နှောင် ခြင်းရှိသည်မဟုတ်လော။ အသိစိတ်၏တရားရုံး၌ စစ်ဆေး သောကတိများသည် လူတို့အချင်းချင်းချုပ်ဆိုသောစာချုပ်ထက် နိမ့်ကျသလား။

မြင့်မြတ်သောအလင်းသည် စိတ်နှလုံးထဲသို့ ထူးခြား သောကြည်လင်ခြင်းတန်ခိုးဖြင့် ထွန်းလင်းနေပါက အလေ့ အကျင့်ဖြစ်နေသော ကိုယ်ကျိုးရှာခြင်းစိတ်များသည် လျော့နည်း၍ ဘုရားသခင်၏အမှုတော်အဖို့ ပေးကမ်းလိုသောသဘော သက်ရောက်ခဲ့သည်။ သို့သော်လည်း စာတန်၏ကန့်ကွက်ခြင်းကို ကျော်လွန်၍ ကတိကိုဖြည့်စွက်နိုင်လိမ့်မည်ဟု မည်သူမျှမထင် ပါနှင့်။ ကယ်တင်ရှင်၏နိုင်ငံတော်ကို ဤမြေကြီးပေါ်၌ တည်ဆောက်ဖို့ရန် စာတန်သည် နှစ်သက်ခြင်းမရှိ။ ပေးထား သောကတိခံဝန်ချက်သည် များလွန်းအားကြီးသည်ဟု စာတန် အကြံပေးသည်။ သူတို့သည် ဥစ္စာပစ္စည်းစုဆောင်းရာ၌လည်း ကောင်း၊ အိမ်ထောင်များအဖို့ ဆန္ဒပြည့်ဝစေရန် ကြိုးစားရာ၌



လည်းကောင်း သူတို့ကိုဒုက္ခရောက်စေလိမ့်မည်ဟု ပြောဆိုသည်။
AA 74, 75.

## ထကြွသောအသိစိတ်လိုအပ်ခြင်း

ဤအကြောင်းအရာနှင့်စပ်ဆိုင်၍ ကျွန်ုပ်တို့၏လူများ၌ နိုးကြားခြင်းရှိရမည်။ သူတို့သည် သူတစ်ပါးအား စွန့်ကြဲပေးကမ်း သောအမှု၌ ပျက်ကွက်နေကြပါက အသိစိတ်၌ ထိခိုက်ခြင်း ဖြစ်နေသောသူအနည်းအကျဉ်းသာရှိကြသည်။ သူတို့သည် နေ့စဉ်နေ့တိုင်း ဘုရားသခင်ကိုလုယူနေသောကြောင့် အနည်းငယ်မျှလောက်သာ သတိရကြသည်။

ခရစ်ယာန်သည် မိမိ၏အိမ်နီးချင်းကို တမင်သက်သက် ဖြစ်စေ၊ မတော်တဆဖြစ်စေ ပေးရမည့်အတိုင်းအဆထက် လျော့နည်း၍ပေးလျှင် (သို့မဟုတ်) မှန်ကန်သောအကြွေးကို ပေးဆပ်ဖို့ရန်ငြင်းဆိုလျှင် စိတ်ခိုင်မာခြင်းမရှိပါက သူသည် စိတ်ဒုက္ခခံစားရလိမ့်မည်။ တခြားမည်သူမျှမသိသော်လည်း သူ၏အသိစိတ်သည် တည်ငြိမ်ခြင်းမရတော့ပေ။ ပျက်ကွက် သောကတိခံဝန်ချက်များနှင့် မဖြည့်စွက်ရသေးသောကတိပြုချက် များစွာရှိသည်။ သို့သော်လည်း ဤမတရားမှုများစွာပြုထားသော

ကိစ္စအတွက် လူအနည်းငယ်မျှသာ စိတ်၌မသာမယာဖြစ်နေကြသည်။ ဝတ္တုရားကို ပျက်ကွက်လျက်ရှိနေသော်လည်း လူဘယ်နှစ်ယောက်က သူတို့၌အပြစ်ရှိသည်ဟု ထင်မြင်ကြသနည်း။

ဤအကြောင်းအရာနှင့်စပ်ဆိုင်၍ ကျွန်ုပ်တို့၌ သစ်လွင်၍နက်ရှိုင်းသောပြစ်မှုထင်ရှားခြင်းရှိရမည်။ အသိစိတ်ကိုထကြွစေရမည်။ ဤကိစ္စကို အထူးဂရုတစိုက်သတိပြုရမည်။ အကြောင်းမှာ နောက်ဆုံးသောနေ့၌ ဘုရားသခင်နှင့်စာရင်းရှင်းရမည်။ ကိုယ်တော်တောင်းဆိုသောအရာကို ပြီးပြတ်အောင်ရှင်းရမည်။ 4T 468.

–၀–

# (၆၂) မသေဆုံးမီပြင်ဆင်မှု

ကျွန်ုပ်တို့တွင် အသက်ကြီးရင့်သောသူအများရှိကြရာ သူတို့၏ဘဝအသက်တာသည် ကုန်ဆုံးလုနီးအချိန်သို့ရောက်ခဲ့ပြီ။ သို့သော်လည်း ဘုရားသခင်၏အမှုတော်အတွက် ထောက်ပံ့ခြင်းကိုရရှိနိုင်ဖို့ရန် နီးကြားလျက်ရှိသောအမှုတော်ဆောင်များမရှိသဖြင့် သူတို့၏လက်တွင် ဥစ္စာပစ္စည်းများစွာရှိသော်လည်း ဤကြေးငွေများသည် စာတန်၏အစေကိုခံသောသူများတို့၏လက်တွင်းသို့ရောက်ရှိသွားခဲ့သည်။ ဤကြေးငွေများကို ဘုရားသခင်သည် သူတို့ကိုချေးငှားထားခြင်းဖြစ်ရာ ပြန်၍ ဘုရားသခင်ထံပေးအပ်ရမည်ဖြစ်သည်။ သို့သော်လည်း ဤညီအစ်ကိုများထဲမှ ဆယ်ယောက်တို့တွင် ကိုးယောက်သောသူတို့သည် ဤလောကကြီးကို စွန့်ခွာရသောအချိန်၌ ဘုရားသခင်၏ပစ္စည်းကို ဘုရားသခင်၏တန်ခိုးတော်မထွန်းတောက်နိုင်သောအရာများအတွက် သီးခြားအသုံးပြုကြလေသည်။ ထိုငွေထဲမှတစ်ကျပ်မျှပင် ဘုရားသခင်၏ဘဏ္ဍာတော်တိုက်ထဲသို့မရောက်ရှိခဲ့ပေ။ အချို့အခြေအနေများ၌ သူတော်ကောင်းများအနေဖြင့် ယူဆရမည့် ဤညီအစ်ကိုများ၌ ဘုရားသခင်တွင်ပေးအပ်ခြင်းမရှိသော

အကြံဉာဏ်ပေးသောသူများရှိရာ ဘုရားသခင်စိတ်တော်အတိုင်း မဟုတ်ဘဲ သူတို့ထင်မြင်သလိုအကြံပေးကြသည်။

ဥစ္စာပစ္စည်းများကို သားသမီးများနှင့်မြေးငယ်များတို့အား အမွေပေးခဲ့ရာ ထိုလူငယ်များအတွက် ဘေးအန္တရာယ်သာဖြစ်သည်။ သူတို့သည် ဘုရားသခင်ကိုလည်းမချစ်၊ သမ္မာတရားကိုလည်းမနှစ်သက်သောသူများဖြစ်ကြ၍ ဤကြေးငွေသည် ဘုရားသခင်ပိုင်ပစ္စည်းဖြစ်သော်လည်း စာတန်ပိုင်ဆိုင်ဖို့ရန် သူ၏တပည့်လက်သားများလက်တွင်းသို့ ဆင်းသက်သွားခဲ့လေသည်။ ကျွန်ုပ်တို့၏ညီအစ်ကိုများသည် ဘုရားသခင်ပိုင်ငွေကို ကိုယ်တော်၏အမှုတော်၌အသုံးပြုရန် ယူနိုင်သည်ထက် စာတန်သည် မိမိအတွက်ကြေးငွေများကိုရရှိဖို့ရန် နည်းလမ်းများကိုရှာဖွေရာ၌ ပို၍နိုးကြားခြင်း၊ မြင်တွေ့တတ်ခြင်းနှင့် ကျွမ်းကျင်လိမ္မာခြင်းရှိသည်။

အချို့သေတမ်းစာများသည် မရေမရာချုပ်ဆိုထားရာ တရားဥပဒေနှင့်စစ်ချက်ထုတ်လိုက်သောအခါ အရာမဝင်ဖြစ်ခဲ့၍ ဘုရားသခင်၏အမှုတော်အဖို့ ငွေပေါင်းထောင်ချီ၍ အရှုံးဖြစ်ခဲ့သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့၏ညီအစ်ကိုများသည် ကိုယ်တော်၏အမှုတော်၌ သစ္စာရှိသောအစေခံများဖြစ်ကြရာ ဤကိစ္စနှင့်



ပတ်သက်၍ အမြော်အမြင်ရှိပြီးလျှင် ဘုရားသခင်အား ကိုယ်တော်ပိုင်သောကြေးငွေကို ရယူအောင်ဆောင်ရွက်ပေးရမည်။

အများသောသူတို့သည် ဤအချက်၌မလိုလားအပ်သောစိတ်ထားပျော့ညံ့ခြင်းကိုပြကြသည်။ အသက်အိုမင်းသောသူများ (သို့မဟုတ်) ရောဂါနှိပ်စက်ခံနေရသောသူများတို့အား "သူတို့ပိုင်ပစ္စည်းများကို မည်သို့မည်ပုံပြုလုပ်ရန် သဘောထားရှိသနည်း" ဟူသောမေးခွန်းကိုမေးမြန်းဖို့ရန် သူတို့အဖို့မလုပ်အပ်သောအလုပ်ကို လုပ်ကိုင်နေသည်ဟုယူဆကြသည်။ အသက်ဝိညာဉ်များကိုကယ်တင်ခြင်းရရှိဖို့ရန် ဟောပြောသောအလုပ်သည် အရေးကြီးသကဲ့သို့ ဤအလုပ်သည်လည်း အရေးကြီးသောအလုပ်ဖြစ်သည်။ ဤနေရာ၌ ဤလူလက်ထဲတွင် ဘုရားသခင်၏ကြေးငွေ (သို့မဟုတ်) ဥစ္စာပစ္စည်းရှိနေသည်။ သူသည် ဘဏ္ဍာစိုးရာထူးကို လွှဲပြောင်းယူရတော့မည်။ ကိုယ်တော်၏အမှုတော်အတွက်အသုံးချဖို့ရန် ဘုရားသခင်သည် သူ့အားအပ်နှံထားသောကြေးငွေကို သူ၏မိတ်ဆွေများဖြစ်သောမယုံကြည်သောသူတို့၏လက်ထဲ၌အပ်ထားမည်လား။ ခရစ်ယာန်အမျိုးသားများသည် ဘုရားသခင်၏အမှုတော်အတွက် စိုးရိမ်ကြောင့်ကြခြင်းရှိသကဲ့သို့ ဤလူ၏နောင်ရေးကောင်းစားရေးအတွက် စိတ်ဝင်စားခြင်းနှင့် စိတ်ပူပန်ခြင်းရှိသင့်သည်မဟုတ်

လော။ ဘုရားသခင်၏အမှုတော်အတွက် ကောင်းသောတိုးတက်ခြင်းများရရှိဖို့ရန် ကြေးငွေအစွမ်းသတ္တိကို သူ၌ပေးအပ်ထားသည်အတိုင်း သူသည် ဘုရားသခင်၏ငွေကို မှန်ကန်စွာစီမံခန့်ခွဲခြင်းပြုလုပ်အပ်သည်မဟုတ်လော။ သူ၏ညီအစ်ကိုများသည် သူ့အနား၌ရပ်နေ၍ သူသည် ဤအသက်တာမှစုတေသွားနေစဉ်တစ်ချိန်တည်းမှာပင် သူသည် ဘုရားသခင်၏ဘဏ္ဍာတော်ကို ကြည့်ရှု၍နေကြမည်လား။ ဖြစ်ရပ်သည် ထိုသူအဖို့နှင့် အမှုတော်အဖို့ပါ ကြောက်မက်ဖွယ်ရာကောင်းသောဆုံးရှုံးခြင်းပင်ဖြစ်ပေသည်။ အကြောင်းမှာ ထိုသူသည် ကြေးငွေအစွမ်းသတ္တိများကို ဘုရားသခင်၏သမ္မာတရားတော်၌ ရှိသေခြင်းမရှိသော မယုံကြည်သောလူတို့၏လက်တွင်း၌ထားခဲ့သောကြောင့် မြေကြီးထဲ၌ဝှက်ထားဖို့ရန် ရည်ရွယ်ကြံစည်ခြင်းပင်ဖြစ်သည်။

## သာ၍ကောင်းသောလမ်း

ကိုယ်တော်၏နောက်လိုက်များသည် သူတို့ကိုယ်တိုင်စီမံခန့်ခွဲနိုင်စွမ်းရှိချိန်တွင် သူတို့၏ကြေးငွေများကို ခွဲဝေပေးကမ်းဖို့ရန် ဘုရားသခင်အလိုရှိတော်မူသည်။ ကျွန်ုပ်တို့ကိုယ်တိုင် “ကျွန်ုပ်တို့ပိုင်ဖြစ်သည်ဟု ပြောဆိုသောပစ္စည်းအားလုံးတို့ကို စွန့်လွှတ်ရမည်လား” ဟု အချို့တို့သည် မေးမြန်းကြမည်။ ယခု



အချိန်လုပ်ကိုင်ဖို့ရန် လိုအပ်မည်မဟုတ်ပေ။ သို့သော်လည်း ခရစ်တော်အဖို့ပြုလုပ်ရန် ကျွန်ုပ်တို့၌ဆန္ဒရှိရမည်။ ကျွန်ုပ်တို့ပိုင်ဆိုင်သောပစ္စည်းများသည် လုံးဝကိုယ်တော်ပိုင်ဖြစ်၍ ကိုယ်တော်၏အမှုတော်အတွက် အသုံးပြုရန်လိုအပ်သောအခါ ရက်ရောစွာအသုံးပြုရမည်။ နိုင်ငံခြားသို့ ခရစ်ယာန်သာသနာပြုဆရာများစေလွှတ်၍ ကမ္ဘာတစ်ဝန်းလုံး၌ သမ္မာတရားနှင့်စပ်ဆိုင်သောစာပေများကို ပုံနှိပ်စိတ်ဝင်စားခြင်းနှင့်စိတ်ပူပန်ခြင်းရှိသင့်သည်မဟုတ်လော။ ဘုရားသခင်၏အမှုတော်အတွက် ကောင်းသောတိုးတက်ခြင်းများရရှိဖို့ရန် ကြေးငွေအစွမ်းသတ္တိကို သူ၌ပေးအပ်ထားသည်အတိုင်း သူသည် ဘုရားသခင်၏ငွေကို မှန်ကန်စွာစီမံခန့်ခွဲခြင်းပြုလုပ်အပ်သည်မဟုတ်လော။ သူ၏ညီအစ်ကိုများသည် သူ့အနား၌ရပ်နေ၍ သူသည် ဤအသက်တာမှစုတေသွားနေစဉ်တစ်ချိန်တည်းမှာပင် သူသည် ဘုရားသခင်၏ဘဏ္ဍာတော်ကို လုယူနေသည်ကိုကြည့်ရှု၍နေကြမည်လော။ ဖြစ်ရပ်သည် ထိုသူအဖို့နှင့်အမှုတော်အဖို့ပါ ကြောက်မက်ဖွယ်ရာကောင်းသောဆုံးရှုံးခြင်းပင်ဖြစ်ပေသည်။ အကြောင်းမှာ ထိုသူသည် ကြေးငွေအစွမ်းသတ္တိများကို ဘုရားသခင်၏သမ္မာတရားတော်၌ ရှိသေခြင်းမရှိသောမယုံကြည်သူတို့၏လက်တွင်း၌ထားခဲ့သောကြောင့် မြေကြီးထဲ၌ဝှက်ထားဖို့ရန် ရည်ရွယ်ကြံစည်ခြင်းပင်ဖြစ်သည်။

## သာ၍ကောင်းသောလမ်း

ကိုယ်တော်၏နောက်လိုက်များသည် သူတို့ကိုယ်တိုင် စီမံခန့်ခွဲနိုင်စွမ်းရှိချိန်တွင် သူတို့၏ကြေးငွေများကို ခွဲဝေပေးကမ်းဖို့ရန် ဘုရားသခင်အလိုရှိတော်မူသည်။ ကျွန်ုပ်တို့ကိုယ်တိုင်ကျွန်ုပ်တို့ပိုင်ဖြစ်သည်ဟု ပြောဆိုသောပစ္စည်းအားလုံးတို့ကိုစွန့်လွှတ်ရမည်လောဟု အချို့တို့သည် မေးမြန်းကြမည်။ ယခုအချိန်လုပ်ကိုင်ဖို့ရန် လိုအပ်မည်မဟုတ်ပေ။ သို့သော်လည်းခရစ်တော်အဖို့ပြုလုပ်ရန် ကျွန်ုပ်တို့၌ ဆန္ဒရှိရမည်။ ကျွန်ုပ်တို့ပိုင်ဆိုင်သောပစ္စည်းများသည် လုံးဝကိုယ်တော်ပိုင်ဖြစ်၍ကိုယ်တော်၏အမှုတော်အတွက်အသုံးပြုရန် လိုအပ်လာသောအခါရက်ရောစွာအသုံးပြုရမည်။ နိုင်ငံခြားသို့ ခရစ်ယာန်သာသနာပြုဆရာများစေလွှတ်၍ ကမ္ဘာတစ်ဝန်းလုံး၌ သမ္မာတရားနှင့်စပ်ဆိုင်သောစာပေများကို ပုံနှိပ်ထုတ်ဝေဖြန့်ဖြူးရန် ကြေးငွေများကိုတောင်းခံသောအခါ အချို့သောသူတို့သည် သူတို့၏နားကိုပိတ်ထားကြသည်။

သူတို့သေဆုံးသောအခါ၌ အမှုတော်အတွက် စွန့်ကြဲပေးကမ်းရန် အစီအစဉ်ပြုလုပ်ခဲ့ကြောင်းကို သင့်အားအသိပေးမည်ဟု သူတို့ပြောဆိုသည်။ ဤနည်းဖြင့် သူတို့၏တပ်မက်



ခြင်းကို ဆင်ခြေပေးကြသည်။ သူတို့သည် ဘုရားသခင်၏အမှုတော်အကြောင်းကို သူတို့၏သေတမ်းစာ၌သာစဉ်းစားထားခဲ့ကြသည်။ သို့ဖြစ်၍ သူတို့သည် လောဘအသက်တာ၌နေထိုင်၍ဘုရားသခင်၏ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေများကိုလုယူကြသည်။ သူတို့၏သေတမ်းစာ၌ ဘုရားသခင်က သူတို့အား ချေးငှားထားသောငွေများအနည်းအကျဉ်းလောက်သာပြန်ပေးအပ်၍အများစုကို သမ္မာတရား၌ စိတ်ဝင်စားခြင်းမရှိသောဆွေမျိုးများအား ဝေခြမ်းပေးခဲ့လေသည်။ ဤအတင်းအကျပ်ယူခြင်းမျိုးသည် အလွန်ဆိုးသည်။ သူတို့သည် ဘုရားသခင်အား ပေးသင့်ပေးထိုက်သောအရာကို သူတို့၏အသက်တာတစ်လျှောက်လုံး၌အတင်းအကျပ်ယူရုံမျှမက သေသောအခါ၌လည်း အတင်းအကျပ်ယူသွားခဲ့ကြသည်။

## ကြောက်မက်ဖွယ်ရာကောင်းသောစွန့်စားခြင်းတစ်ရပ်

ယခုအသက်တာ၏သေလုဆဲအချိန်ရောက်မှနောင်သံသာရာအဖို့ပြင်ဆင်ခြင်းသည် လုံးဝမိုက်မဲခြင်းဖြစ်သည်။ ၎င်းပြင် ကိုယ်တော်၏အမှုတော်အတွက် ရက်ရောခြင်းရှိရန်တောင်းဆိုခြင်းကို သင်၏ဘဏ္ဍာစိုးအလုပ်ကို အခြားသူ

တစ်ယောက်အားလွှဲပေးချိန်ကျရောက်သည့်တိုင်အောင် ဆိုင်းငံ့ထားခြင်းသည် အမှားကြီးတစ်ခုပင်ဖြစ်သည်။ သင်သည် သင်၏ကြေးငွေအစွမ်းသတ္တိကို အခြားသူများအားပေးအပ်ခြင်းဖြင့် သူတို့သည် သင်လုပ်ကိုင်ပြီးစီးနိုင်သကဲ့သို့ ပြီးစီးနိုင်ကြမည်မဟုတ်ပေ။ သူဌေးသူကြွယ်များသည် မည်ကဲ့သို့ကြီးသောစွန့်စားခြင်းကိုလုပ်ဝံ့ကြသနည်း။ သူတို့၏ပစ္စည်းများကို သူတို့သေဆုံးခါနီးရောက်သည်အချိန်တိုင်အောင် စီမံထားခြင်းမရှိသောသူတို့သည်ဘုရားသခင်ကိုပေးအပ်သည်ထက် သေမင်းလက်၌ပေးအပ်ကြသည်။ ဤကဲ့သို့ပြုလုပ်ပေးခြင်းအားဖြင့် အများသောသူတို့သည်ကိုယ်တော်၏နှုတ်ကပတ်တော်၌ ရှင်းလင်းစွာဖော်ပြထားသောအချက်နှင့်တိုက်ရိုက်ဆန့်ကျင်ဘက်ပြုလုပ်နေကြသည်။ သူတို့သည် ကောင်းသောအရာကိုပြုလုပ်လိုပါက ယခုအချိန်၌လက်လှမ်းမီနေသောအခွင့်အရေးများကိုဆုပ်ကိုင်၍ မလွတ်တမ်းရရှိနေနိုင်ရန် ကြိုးစား၍ လုပ်ကိုင်ဆောင်ရွက်ရမည်။

ဤအသက်တာ၌ ဘုရားသခင်သည် သူတို့အပေါ်၌ တောင်းဆိုခြင်းများကိုအဖြေမပေးဘဲ ပျက်ကွက်နေသောသူများ၊ သူတို့၏အသိစိတ်ချမ်းသာခြင်းဖြစ်ဖို့ရန် သေဆုံးခါနီးအချိန်ရောက်လာသောအခါမှ သေတမ်းစာနှင့်အမွေပေးသောသူတို့သည် သူတို့၏ဘုရားသခင်ထံမှ ချီးမွမ်းခြင်းခံရမည်မဟုတ်။ ဆုလာဘ်



ကိုလည်းရရှိကြမည်မဟုတ်။ သူတို့သည် မိမိတို့ကိုယ်ကိုငြင်းပယ်ခြင်းမပြုကြ။ သူတို့သည် ကိုယ်ကျိုးကိုကြည့်ရှု၍ သူတို့၏ကြေးငွေများကို တတ်နိုင်သမျှလက်မလွှတ်ဘဲထားကြရာ သေမင်းလာခေါ်သောအချိန်ကျမှ ပေးအပ်ကြသည်။

သေဆုံးဖို့ရန်အချိန်ကျရောက်သည့်တိုင်အောင် ဆိုင်းငံ့ထားရန် အကြံပေးသောသူများစွာတို့သည် အကယ်၍ သူတို့သည် ခရစ်ယာန်များဖြစ်လျှင် သူတို့အသက်ရှင်ကျန်းမာနေစဉ်တွင် ၎င်းပိုင်ပစ္စည်းများကို အမှုတော်အတွက်ခွဲဝေထားပေလိမ့်မည်။ သူတို့သည် သူတို့ကိုယ်တိုင်နှင့် မိမိတို့၏ပစ္စည်းကို ဘုရားသခင်အားပေးအပ်၍ ကိုယ်တော်၏ဘဏ္ဍာစိုးများအနေဖြင့် လုပ်ကိုင်နေကြစဉ် သူတို့၏အလုပ်တာဝန်ကို ထမ်းဆောင်နေခြင်း၌ စိတ်ကျေနပ်ခြင်းရှိကြမည်။ သူတို့ကိုယ်တိုင် အလှူစာချုပ်ကိုအတည်ပြုသောသူများဖြစ်လာ၍ အခြားသူများအပေါ်သို့ တာဝန်ဝတ္တရားကို လွှဲပြောင်းပေးမည့်အစား မိမိတို့ကိုယ်တိုင် ဘုရားသခင်၏တောင်းဆိုတော်မူခြင်းကို ဖြည့်စွက်ပေးသောသူများဖြစ်လိမ့်မည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ပစ္စည်းများကို ထိန်းသိမ်းသောသူများဟုယူဆ၍ ဘုရားသခင်သည် ကြီးမြတ်တော်မူသောပိုင်ရှင်ဖြစ်ပြီးလျှင် ကိုယ်တော်အလိုရှိသောအခါ ကျွန်ုပ်တို့သည်

ကိုယ်တော်ပိုင်ပစ္စည်းကို ပြန်လည်ပေးအပ်ကြရမည်။ ကိုယ်တော်သည် ကြွလာတော်မူ၍ မိမိပိုင်ပစ္စည်းကို အတိုးနှင့်တောင်းသောအခါ သူတို့၌အပ်နှံထားသောအစွမ်းသတ္တိများသည် တိုးပွားလာရမည့်အစား အမြတ်မရသောကျေးကျွန်များခံစားရသည့် ပြစ်ဒဏ်မျိုး မိမိတို့ခံစားရမည်ကို တပ်မက်သောသူများတို့သည် တွေ့မြင်ကြလိမ့်မည်။

## အသက်ရှင်သောကောင်းမှုပြုခြင်း (သို့မဟုတ်) သေနေသော အမွေပစ္စည်းများ

ကိုယ်တော်၏ကျွန်များသေဆုံးခြင်းသည် ဆုံးရှုံးခြင်းတစ်ရပ်ဖြစ်သည်ဟုယူဆရန် ဘုရားသခင်မှတ်သားဖော်ပြသည်။ အကြောင်းမှာ သူတို့၏ကောင်းသောဩဇာသက်ရောက်ခြင်းနှင့် ဘုရားသခင်၏ဘဏ္ဍာတိုက်၌ ကြေးငွေရှိဖို့ရန် အလှူငွေများပေးကမ်းခြင်းကြောင့်ဖြစ်သည်။ သေနေသောအမွေပစ္စည်းများသည် အသက်ရှင်နေ၍ ကောင်းမှုပြုလိုသောသဘောအဖို့ ဆန့်ကျင်ဘက်ကိုယ်စားဖြစ်၏။ ဘုရားသခင်၏ကျေးကျွန်များသည် နေ့စဉ်နေ့တိုင်း ကိုယ်တော်အဖို့ ကောင်းသောအမှုများပြုခြင်း၊ ရက်ရောသောအလှူငွေများပေးလှူခြင်းဖြင့် သေတမ်းစာ



များပြုလုပ်နေရမည်။ မိမိတို့သုံးစွဲမည့်ငွေနှင့် ဘုရားသခင်အားပေးကမ်းမည့်ငွေကိုနှိုင်းယှဉ်လိုက်သောအခါ ဘုရားသခင်အားပေးကမ်းရမည့်ငွေသည် အချိုးအစားအားဖြင့် နည်းလွန်းခြင်းမဖြစ်ပါစေနှင့်။ သူတို့သည် နေ့စဉ်နေ့တိုင်း သေတမ်းစာများကိုပြုလုပ်သောအခါ သူတို့လိုချင်တပ်မက်သောအရာများနှင့် မိတ်ဆွေများသည် သူတို့၏စိတ်နှလုံးတွင် အခင်မင်ဆုံးနေရာ၌ရှိကြသည်။

သူတို့၏အကောင်းဆုံးမိတ်ဆွေသည် ယေရှုဖြစ်သည်။ မိမိ၏အသက်ကို သူတို့ကိုမပေးဘဲနေတော်မမူ။ သူတို့သည် ကြွယ်ဝခြင်းသို့ရောက်ဖို့ရန် ကိုယ်တော်သည် သူတို့အဖို့ ဆင်းရဲခြင်းကိုခံတော်မူသည်။ ကိုယ်တော်သည် သူတို့စိတ်နှလုံး၏ အကြွင်းမဲ့ဥစ္စာပစ္စည်း၊ သူတို့၌ရှိသမျှအရာအားလုံးတို့ကို ခံထိုက်တော်မူသည်။ သို့သော်လည်း ခရစ်ယာန်များဖြစ်သည်ဟု ဝန်ခံသောသူတို့သည် သူတို့အသက်တာ၌ ကိုယ်တော်တောင်းဆိုတော်မူသောအရာကို လွှဲရှောင်လိုက်၍ သေဆုံးသောအချိန်၌ မရေရာသောအလှူငွေကလေးကို ကိုယ်တော်အားပေးကမ်း၍ ကိုယ်တော်ကိုမထီမဲ့မြင်ပြုကြသည်။

ဤကဲ့သို့ဘုရားသခင်၏ဘဏ္ဍာကိုလုယူခြင်းသည် စိတ်ဇောကြောင့်ပြုလုပ်ခြင်းမဟုတ်။ သေသေချာချာကြံစည်ပြီးမှ

စိတ်နှလုံးပြည့်ဝစွာဖြင့် လုပ်ကိုင်သောအလုပ်ဖြစ်သည်။ တစ်သက်တာပတ်လုံး ဘုရားသခင်၏အမှုတော်ကိုလုပ်ဆောင်ပြီးနောက် သေဆုံးခြင်း၏တစ်ဖက်ကမ်းအချိန်တိုင် လိမ်လည်ခြင်းကိုအတည်ဖြစ်စေသည်။ ဤအရာကိုပြုလုပ်ရာ၌ စိတ်၏တန်ခိုးအပြည့်အဝသဘောတူညီမှုကိုရရှိလေသည်။ ထိုကဲ့သို့သောသေတမ်းစာမျိုးဖြင့် အများသောသူတို့သည် သေလုဆဲဖြစ်နေချိန်၊ ခေါင်းအုံးပေါ်တွင်အိပ်လျက် စိတ်ကျေနပ်နေကြသည်။ သူတို့၏သေတမ်းစာသည် သူတို့သေဖို့ရန်ပြင်ဆင်နေခြင်း၏တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ထိုသို့ပြင်ဆင်ရာ၌ သူတို့၏ဥစ္စာပစ္စည်းများသည် သူတို့သေဆုံးနေချိန်၌ လာ၍နှောင့်ယှက်ခြင်းမပေးရန်ဖြစ်သည်။ သူတို့ဘဏ္ဍာစိုးဖြစ်ခဲ့ခြင်းကို စာရင်းရှင်းရန် သူတို့၌တောင်းခံခြင်းကို စိတ်သက်သာစွာဖြင့်ပေးနိုင်မည်လား။

ကျွန်ုပ်တို့သည် နောင်လာမည့်အချိန်၌ မသေမပျောက်နိုင်သောအသက်ကိုရရှိလိုလျှင် ဤအသက်၌ ကျွန်ုပ်တို့တွင် ကောင်းသောကောင်းမှုများဖြင့် ပြည့်ဝလျက်ရှိရမည်။ တရားစီရင်ရန် စာအုပ်များဖွင့်ထားသောအခါ လူတိုင်းတို့အား မိမိတို့အကျင့်အတိုင်း ဆပ်ပေးလိမ့်မည်။ အသင်းတော်၏စာအုပ်၌ စာရင်းဝင်သောသူတို့၏နာမည်များသည် ကောင်းကင်နိုင်ငံတော်၏လယ်ဂျာစာရင်းစာအုပ်၌လည်း မှတ်သားထားရာ အများသောသူတို့၏နာမည်နောက်၌ “လုယူသောသူများ” ဟုမှတ်သားထားသည်။ ဤကဲ့သို့သောသူများသည် နောင်တလည်းမရ၊ သခင်ယေရှုအဖို့ ကောင်းမှုပြုလိုသောစိတ်သဘောလည်းမရှိသောကြောင့် သစ္စာမရှိသောဘဏ္ဍာစိုးသွားရာလမ်းသို့လိုက်သွားရလိမ့်မည်။



## သေတမ်းစာမရှိ၍ဆုံးရှုံးခြင်းများ

အရောင်းအဝယ်ကောင်းနေသောကုန်သည်တစ်ယောက်သည် ရုတ်ခြည်းဆိုသလို အရောင်းအဝယ်အလုပ်ကျဆင်းသွားခြင်းကိုတွေ့ကြုံရမည်။ သူ၏အခြေအနေကိုစိစစ်လိုက်သောအခါ အစစအရာရာရှုပ်ထွေးလျက်ရှိနေသည်ကိုတွေ့မြင်ရသည်။ သူ၏အမှုကိစ္စကိုရှင်းလင်းရာ၌ ရှေ့နေခကိုမြောက်မြားစွာပေးရ၏။ သူပိုင်ပစ္စည်းများအားလုံးဆုံးရှုံးပေမည်။ သူ၏ဇနီး၊ သားသမီးများနှင့် ဘုရားသခင်၏အမှုတော်အတွက် ပေးရမည့်ငွေများကို လုယူလိုက်လေပြီ။ ဘုရားသခင်၏ကြေးငွေများကို ထိန်းသိမ်းရသော သစ္စာရှိသောဘဏ္ဍာစိုးများသည် သူတို့၏အရောင်းအဝယ်အလုပ်အကိုင်သည် မည်ကဲ့သို့သောအခြေအနေ၌ရှိသည်ကို သိကြလိမ့်မည်။ ပညာရှိများကဲ့သို့အရေးအခင်းဖြစ်ပေါ်လာခြင်း

အတွက် ပြင်ဆင်ထားခြင်းရှိလိမ့်မည်။ သူတို့ကိုပေးထားသော အချိန်သည် ရုတ်တရက်ကုန်ဆုံးသွားခဲ့လျှင် ကျန်ရစ်ခဲ့သော သူ၏အမွေကို ရှင်းလင်းပေးဖို့ရန် ရှုပ်ထွေးခြင်းဖြစ်စရာအကြောင်း မရှိပေ။

အများသောသူတို့သည် သူတို့၏သေတမ်းစာအမွေပေးခြင်းအလုပ်ကို ကျန်းမာနေစဉ်အခါ မပြုလုပ်လိုကြပေ။ ဤတင်ကူးစီမံခြင်းအလုပ်ကို ကျွန်ုပ်တို့၏ညီအစ်ကိုများသည် လုပ်ကိုင်ရမည်။ သူတို့သည် သူတို့၏ကြေးငွေအခြေအနေကိုသိရမည်။ သူတို့၏အလုပ်အကိုင်တွင် ရှုပ်ထွေးစေခြင်းမဖြစ်စေရ။ သူတို့၏အမွေဥစ္စာပစ္စည်းကို အစီအစဉ်ထားရာ၌ သူတို့သည် အချိန်မရွေး ကွယ်လွန်သွားသောအခါ ရှုပ်ထွေးခြင်းနှင့်ကင်းလွတ်နေသော အခြေအနေ၌ရှိရမည်။

သေတမ်းစာကိုရေးရာ၌ တရားဥပဒေနှင့်စစ်ဆေးသောအခါ ခိုင်လုံခြင်းရှိရမည်။ သေတမ်းစာကိုရေးဆွဲပြီးနောက် နှစ်ပေါင်းများစွာဤအတိုင်းနေလိမ့်မည်။ အမှုတော်အဖို့လိုအပ်သည်အတိုင်း ရံဖန်ရံခါအလှူငွေများဆက်လက်ရရှိနေပါကဘေးအန္တရာယ်မရှိပေ။ ညီအစ်ကို၊ သင်သည် သေတမ်းစာရေးပြီးဖြစ်၍ သေခြင်းသည် တစ်ရက်စော၍မကျရောက်ပေ။ သင်၏ဆွေမျိုးတို့အား သင်၏ဥစ္စာပစ္စည်းကိုအမွေခံဖို့ရန် သေတမ်းစာ



ရေးသောအခါ သင်သည် ဘုရားသခင်၏အမှုတော်အဖို့ပေးဖို့ရန် မမေ့ပါနှင့်။ သင်သည် ဘုရားသခင်၏ကိုယ်စားလှယ်ဖြစ်သည်။ ကိုယ်တော်၏ပစ္စည်းများကို ထိန်းသိမ်းထားသူဖြစ်သည်။ ကိုယ်တော်တောင်းဆိုခြင်းကို သင်သည် ဦးစားပေးရမည်။ သင်၏ဇနီးနှင့်သားသမီးများကို အခက်အခဲတွေ့ဆင်းရဲခြင်း၌မထားခဲ့ရ။ သူတို့၌လိုအပ်နေလျှင် စီမံထားခြင်းရှိရမည်။ ထုံးစံရှိသောကြောင့် လုပ်ကိုင်ရသည်ဟု မယူဆပါနှင့်။ မစဖို့ရန် မလိုအပ်သောဆွေမျိုးဉာတိအားလုံးတို့ကို သင်၏သေတမ်းစာထဲ၌ ရေးသွင်းခြင်းမပြုပါနှင့်။

## ပြောင်းလဲပြင်ဆင်ဖို့ရန်ခေါ်ခြင်း

ပစ္စည်းများကိုရောင်းချရာတွင် ယခုအချိန်၌ ကိုယ်ကျိုးကိုကြည့်၍ လိုက်နာနေသောနည်းလမ်းသည် ဘုရားသခင်၏အကြံအစည်မဟုတ်ကြောင်းကို သတိရမှတ်သားစေလိုသည်။ လူတို့၏အကြံအစည်ဖြစ်၏။ ခရစ်ယာန်များသည် ပြောင်းလဲပြင်ဆင်သောသူများဖြစ်ရမည်။ ဤခေတ်နည်းကိုပယ်ဖျက်၍ သေတမ်းစာကိုရေးရာ၌ အသစ်သောအနေအထားရှိရမည်။ သင်ပိုင်ဆိုင်နေ

သောပစ္စည်းသည် ဘုရားသခင်၏ပစ္စည်းဖြစ်ကြောင်း အစဉ်သတိပြုပါ။ ဤအရေး၌ ဘုရားသခင်၏အလိုဆန္ဒသည် တရားဥပဒေဖြစ်သည်။

သူတစ်ပါးသည် သင့်ကို သူ၏ဥစ္စာပစ္စည်း၏သေတမ်းစာအတည်ပြုသူအနေဖြင့် ခန့်ထားသော် သင်သည် သေတမ်းစာရေးထားသူ၏အလိုဆန္ဒကို သေချာစွာလေ့လာရမည်။ အနည်းငယ်ဆုံးဖြစ်သောကြေးငွေ၌ အလွဲအမှားပြုခြင်း မရှိရန် သင်သည် သတိထားမည်မဟုတ်လော။ ကောင်းကင်ရှိထာဝရဘုရားသခင်သည် သင့်အား ပစ္စည်းများကိုအပ်နှံထား၍ ကိုယ်တော်အတွက်သေတမ်းစာတွင် မည်ကဲ့သို့အသုံးပြုရမည်ကို သင့်၌အပ်ထားသည်။ ဤသေတမ်းစာကို ကိုယ်ကျိုးမရှာတတ်သောစိတ်နှလုံးဖြင့် လေ့လာပါက ဘုရားသခင်ပိုင်ပစ္စည်းဥစ္စာ၌ အလွဲအမှားပြုခြင်းကိုပြုမည်မဟုတ်ပေ။ ဘုရားသခင်၏အမှုတော်နှင့်ဆိုင်၍ အသရေငယ်ရလောက်အောင် ပျက်ကွက်ခဲ့ပြီ။ အရေးကြီးဖြစ်ပေါ်လာသောအခါ ရင်ဆိုင်နိုင်ရန် ကိုယ်တော်သည် လူတို့ကိုလုံလောက်သောကြေးငွေများကိုပေးထားသည်။ လူတို့၌ ကျေးဇူးတင်တတ်သောသဘော၊ နားထောင်တတ်သောသဘောရှိဖို့ရန်လိုသည်။



သေတမ်းစာကိုရေးသားသောသူတို့သည် ရေးသား၍ပြီးစီးသွားသောအခါ နောက်ထပ်လုပ်ကိုင်စရာမရှိဟု မထင်ပါနှင့်။ သူတို့၌ အစဉ်တစိုက်အပ်နှံထားသောအစွမ်းသတ္တိများကို အသုံးပြု၍ ဘုရားသခင်၏အမှုတော်ကို ဆောက်တည်ကြရမည်။ လူအားလုံးတို့သည် သူတို့၏ကြေးငွေများကို ဝေငှသုံးစွဲရာ၌ လိမ္မာစွာသုံးစွဲနိုင်ဖို့ရန် ဘုရားသခင်သည် နည်းလမ်းများကို တီထွင်ပေးထားသည်။ ကိုယ်တော်သည် မိမိ၏အမှုတော်ကို အံ့ဖွယ်အမှုများအားဖြင့် ထောက်ပံ့ရန် အကြံအစည်မရှိပေ။ ကိုယ်တော်၌သစ္စာရှိသောဘဏ္ဍာစိုးအနည်းငယ်ရှိ၍ ကိုယ်တော်၏အမှုတော်ကိုတိုးတက်ဖို့ရန် ကြေးငွေများကိုချွေတာသုံးစွဲနေသည်။ “ကိုယ်ကိုငြင်းပယ်ခြင်းနှင့် သူတထူးအားကောင်းမှုပြုလိုသောစိတ်ရှိရမည်” ဟူသောဆောင်ပုဒ်သည် အစဉ်ဥပဒေဖြစ်သင့်သည်။ ဘုရားသခင်၏အမှုတော်ကြီးပွားတိုးတက်ခြင်း၌ ကြေးငွေများလိုသည်။ မိခင်တိုင်းပြည်နှင့်ပင်လယ်ရပ်ခြားအမှုတော်များမှ သမ္မာတရားအလင်းဟောပြောနိုင်သောသူများကို စေလွှတ်ပေးရန်ခေါ်သံများအဆက်မပြတ်ရောက်ရှိနေပါသည်။ ဤခေါ်သံကိုလက်ခံပါက လုပ်ဆောင်သောသူများနှင့် သူတို့ကိုထောက်ပံ့ရန်ကြေးငွေများလိုမည်။ 4T 478-483.

## သင်၏ဥစ္စာပစ္စည်းကို မည်ကဲ့သို့လုံခြုံရန်လုပ်ကိုင်ခြင်း

သင်သည် သင်၏ဥစ္စာပစ္စည်းကိုလုံခြုံရန်ထားလိုသလား၊ လက်ဝါးကပ်တိုင်တော်၏သံချက်ရာများရှိသောပုဂ္ဂိုလ်၏ လက်ထဲ၌ထားပါ။ သင့်လက်ထဲ၌ထားရှိပါက ထာဝစဉ်ပျောက်ဆုံးသွားလိမ့်မည်။ ဘုရားသခင်ကိုပေးအပ်ထားပါ။ ထိုအချိန်မှစ၍ ကိုယ်တော်၏ကမ္ပည်းလိပ်စာရေးမှတ်ထားလိမ့်မည်။ ၎င်းကို ကိုယ်တော်၏မဖောက်ပြန်နိုင်သောတံဆိပ်ဖြင့် နှိပ်ခတ်ထားလိမ့်မည်။ သင်သည် သင်၏ပစ္စည်းကြောင့် ဝမ်းသာနေသလား။ သို့ဖြစ်လျှင် အခက်အခဲတွေ့ကြုံခံစားနေရသောသူတို့အဖို့ ကောင်းချီးမင်္ဂလာဖြစ်စေဖို့ရန် အသုံးပြုပါ။ 9T 51.

–ဝ–

## (၆၃) ဘဏ္ဍာစိုးဖြစ်ခြင်းသည်ကိုယ်တိုင်နှင့် ဆိုင်သောတာဝန်ဝတ္တရားဖြစ်ခြင်း

မိဘများသည် ဘုရားသခင်က သူတို့အားပေးသော ပိုင်ဆိုင်ခွင့်ကို ကျင့်သုံးရမည်။ ကိုယ်တော်၏တန်ခိုးတော် ထွန်းတောက်စေဖို့ရန် သူတို့အား အစွမ်းသတ္တိများပေးထားသည်။ ဖခင်၏အစွမ်းသတ္တိများအတွက် သားသမီးများသည် တာဝန်ခံ မဖြစ်ပါစေနှင့်။ သူတို့၌ဝေဖန်နိုင်သောစိတ်များနှင့် ကောင်းမွန်သောဆုံးဖြတ်ချက်ရှိနေစဉ်အချိန်တွင် မိဘများသည် ဆုတောင်းခြင်းဖြင့် ချင့်မှန်း၍ မြင့်မြတ်တော်မူသောသခင်၏အလိုဆန္ဒကို သိပြီးလျှင် မိမိတို့ကိုယ်တိုင် သမ္မာတရားတော်ဉာဏ်ပညာနှင့် ပြည့်စုံသောအကြံပေးနိုင်သည့်သူများ၏အကူအညီကိုယူ၍ သူတို့၏ဥစ္စာပစ္စည်းကို ခွဲဝေပေးရမည်။

သူတို့၏သားသမီးများသည် ဆင်းရဲခြင်းအခက်အခဲတွေ့နေကြသော်လည်း သူတို့သည် ငွေကြေးကို လိမ္မာစွာသုံးစွဲလိမ့်မည်ဟုယူဆပါက သူတို့အတွက် သက်ညှာစွာစဉ်းစားရမည်။ သို့သော်လည်း သူတို့၌ မယုံကြည်သောသားသမီးများရှိ၍ ဤလောက၏ဥစ္စာပစ္စည်းဖြင့် ကြွယ်ဝနေလျှင်လည်းကောင်း၊

သူတို့သည် ဤလောက၏အစေကိုခံနေသောသူများဖြစ်လျှင်လည်းကောင်း သူတို့၏လက်ထဲ၌ ကြေးငွေများကိုပေးအပ်ထားသောဘုရားသခင်ကို သူတို့သည် ပြစ်မှားလျက်ရှိကြသည်။ ဘုရားသခင်တောင်းဆိုတော်မူခြင်းများကို ပေါ့ပေါ့ဆဆမှတ်ယူခြင်းမပြုရ။

ပြုတ်သားရှင်းလင်းစွာနားလည်ရမည်မှာ သူတို့၏မိဘများသည် သေတမ်းစာကိုရေးခဲ့ပြီဖြစ်သောကြောင့် သူတို့အသက်ရှင်နေချိန်တွင် ဘုရားသခင်၏အမှုတော်အတွက် ကြေးငွေများကိုထောက်ပံ့ရန်မလိုဟု မယူဆရ။ ဤပေးကမ်းစွန့်ကြဲမှုကိုသူတို့ပြုလုပ်ရမည်။ သူတို့အသက်ရှင်နေစဉ်အချိန်တွင် ပိုလျှံနေသောကြေးငွေများကို စွန့်ကြဲပေးကမ်းခဲ့လျှင် ဤအသက်တာ၌စိတ်ကျေနပ်ခြင်းရရှိ၍ နောင်အသက်တာ၌ ဆုလာဘ်ကိုရရှိကြမည်။ ဘုရားသခင်၏အမှုတော်တိုးတက်ဖို့ရန် သူတို့၏တာဝန်ကိုလုပ်ကိုင်ရမည်။ ဘုရားသခင်သည် သူတို့အား ချေးငှားထားသောကြေးငွေများဖြင့် ကိုယ်တော်၏စပျစ်ဥယျာဉ်၌ လုပ်ကိုင်ဆောင်ရွက်ရမည့်အလုပ်၌ အသုံးပြုရမည်။

ကမ္ဘာပေါ်၌ကျူးလွန်နေကြသော ပြစ်မှုအားလုံးတို့၏အရင်းမူလသည် ငွေကိုတပ်မက်မောသောကြောင့်ဖြစ်သည်။ ဖခင်ဖြစ်သူများသည် သားသမီးများချမ်းသာဖို့ရန် သူတို့၏



ကြေးငွေများကို ကိုယ်ကျိုးအတွက်စုဆောင်းထားကြသည်။ သူတို့သည် ဘုရားသခင်၏အမှုတော်၌ လိုအပ်ခြင်းများကိုတွေ့မြင်သော်လည်း ဖြည့်စွက်မစဖို့ရန် လုပ်ကိုင်မပေးသောကြောင့် ကြောက်မက်ဖွယ်ရာကောင်းသောမှားယွင်းခြင်းပြုလုပ်နေကြသည်။ သူတို့၏ကြေးငွေများဖြင့် ကောင်းချီးမင်္ဂလာများရရှိမည်ဟုထင်သောသားသမီးများသည် ကျိန်ခြင်းကိုရရှိနေကြသည်။

## အမွေရသောဥစ္စာစနသည်မကြာခဏ ကျော့ကွင်းတစ်ခုဖြစ်ခြင်း

သားသမီးများအဖို့ကြေးငွေထားခြင်းသည် ခဏခဏစိတ်ဆင်းရဲရခြင်း၏အရင်းခံဖြစ်သည်။ သူတို့အဖို့ထားခဲ့သောအမွေဥစ္စာပစ္စည်းနှင့်ပတ်သက်၍ ခိုက်ရန်ဖြစ်ပွားကြသည်။ သေတမ်းစာနှင့်စပ်ဆိုင်သောအခါ၌လည်း ဖခင်ဖြစ်သူစီမံခဲ့သောအရာကို မည်သည့်အခါမျှ စိတ်ကျေနပ်ခြင်းမရှိကြပေ။ ဖခင်ထားခဲ့သောကြေးငွေများအတွက် မှတ်မိသတိရကျေးဇူးတင်အရိုအသေပေးရမည့်အစား မကျေနပ်ခြင်း၊ ညည်းညူခြင်း၊ မနာလိုခြင်းနှင့် ရိုသေခြင်းမရှိမှုများကိုဖြစ်ပွားစေသည်။ ငြိမ်ငြိမ်

သက်သက်နှင့်ချစ်ခင်နေကြသော ညီအစ်ကိုမောင်နှမတစ်စုတို့သည် တစ်ဦးကိုတစ်ဦးစောင်းမြောင်းလာကြ၍ နောက်ဆုံးအိမ်ထောင်ကွဲပြားခြင်းသို့ရောက်သွားကြခြင်းသည် အမွေပစ္စည်းခွဲဝေမှုမကျေနပ်သောကြောင့်ဖြစ်ရသည်။ ဥစ္စာဓနသည် ယခုအချိန်၌လိုအပ်သောအရာများရရှိဖို့ရန်နှင့် သူတစ်ပါးအားကောင်းမှုပြုဖို့ရန်လောက်သာ အလိုရှိသင့်သောအရာဖြစ်သည်။ သို့သော်လည်း အမွေခံပစ္စည်းအဖြစ်နှင့် ရရှိသောဥစ္စာဓနသည် ရရှိသောသူအဖို့ ကောင်းချီးမင်္ဂလာမဖြစ်စေဘဲ ကျော့ကွင်းပင်ဖြစ်လေသည်။ သို့ဖြစ်၍ မိဘဖြစ်သူတို့သည် သူတို့၏သားသမီးများကိုယ်တိုင် ကြိုးစားရှာဖွေခြင်းမရှိသောကြေးငွေများကို ထားခဲ့ခြင်းဖြင့် သူတို့ကိုစုံစမ်းနှောင့်ယှက်ခြင်းများနှင့်တွေ့ဆုံဖို့ရန် မလုပ်သင့်ပေ။

## ပစ္စည်းဥစ္စာကိုသားသမီးများအားလွှဲပြောင်းပေးခြင်း

အချို့သောသားသမီးများသည် သမ္မာတရားကိုယုံကြည်သည်ဟု ပြောဆိုခံဝန်ကြသော်လည်း သွယ်ဝိုက်သောနည်းဖြင့် ဖခင်ဖြစ်သူအသက်ရှင်နေစဉ်အချိန်တွင် ဘုရားသခင်၏အမှုတော်အတွက် ခွဲဝေခြင်းမပြုဘဲ သားသမီးများအဖို့ အမွေပေးရန်



ပြောဆိုနေကြောင်း ကျွန်ုပ်အားပြပါသည်။ သူတို့၏ဖခင်အပေါ်၌ ဩဇာသုံး၍ ဘဏ္ဍာစိုးအရာကို သူတို့အပေါ်သို့ပြောင်းပေးဖို့ရန် ပြောဆိုနေသူများသည် အဘယ်အမှုကိုပြုနေကြသည်ကို သူတို့မသိကြ။ သူတို့သည် တာဝန်နှစ်ခုကိုထမ်းဆောင်ဖို့ရန် ပြုလုပ်နေကြသည်။ ပထမအချက်၌ သူတို့သည် ဖခင်၏စိတ်ကို အပြန်အလှန်စဉ်းစားဖို့ရန် ဆွဲဆောင်နေကြသည်။ ဘုရားသခင်၏အမှုတော်အတွက် သူ့အားချေးငှားထားသောကြေးငွေများကို ခွဲဝေရာ၌ ဘုရားသခင်၏တရားတော်ထွန်းတောက်ဖို့ရန် အကြံအစည်အတိုင်းမပြုလုပ်ရန်ဖြစ်သည်။ ဒုတိယတာဝန်ဖြစ်သော ဘဏ္ဍာစိုးအရာကို ဖခင်ခန့်ထားသောငွေလွှဲငွေပြောင်းတာဝန်ခံများလက်မှ သူတို့ကိုယ်တိုင်လွှဲပြောင်းယူလိုက်ကြ၏။ ဘုရားသခင်သည် မိမိပိုင်ငွေများနှင့်အတိုးကိုပါ လုယူခြင်းခံရလေသည်။

အများသောမိဘတို့သည် ဘုရားသခင်က သူတို့အားအပ်ထားသောအစွမ်းသတ္တိများကို အသုံးချသည်ဖြစ်စေ၊ မတော်မမှန်ပြုလုပ်သည်ဖြစ်စေ သူတို့ကိုယ်တိုင်တာဝန်ယူနေရစဉ်အချိန်တွင် သူတို့၏ဥစ္စာပစ္စည်းကို သားသမီးတို့၏လက်တွင်းသို့ပေးအပ်ခြင်းသည် ကြီးကျယ်သောအမှားတစ်ခုပင်ဖြစ်သည်။ ဤကဲ့သို့ပစ္စည်းကိုလွှဲပြောင်းပေးခြင်းသည် မိဘများ၌လည်းကောင်း၊ သားသမီးများ၌လည်းကောင်း ပျော်ရွှင်ခြင်းမဖြစ်စေပါ။

မိဘများသည် နှစ်အနည်းငယ်ခန့်တိုး၍ အသက်ရှင်နေရသော်လည်း အများအားဖြင့် ဤကဲ့သို့အမွေခွဲဝေပေးခဲ့မိသောကြောင့် နောင်တရကြသည်။ မိဘသည် သားသမီးများကိုချစ်မြတ်နိုးရာ၌ ဤနည်းလမ်းသည် သူတို့၏စစ်မှန်သောမေတ္တာကို ပြသရာမရောက်ပေ။ မိဘများ၏ရက်ရောခြင်းကိုလည်း သားသမီးများအနေဖြင့် ပို၍ကျေးဇူးတင်ခြင်းမရှိကြပေ။ ဤအကြောင်းအရာ၏အရင်းအမြစ်၌ ကျိန်ခြင်းသည် တည်ရှိလျက်ရှိရာ သားသမီးများတို့တွင် တစ်ကိုယ်ကောင်းစိတ်များပေါ်လာသည်။ မိဘတို့၌လည်း ပျော်ရွှင်ခြင်းမရှိ၊ စိတ်ရှုပ်ထွေးလျက်ရှိကြသည်။

မိဘများသည် အသက်ရှင်နေစဉ်တွင် သူတို့၏သားသမီးများအား ကိုယ်ထူကိုယ်ထစနစ်ဖြင့် မစကူညီခဲ့လျှင် သေဆုံးသောအချိန်၌ သူတို့အဖို့ ငွေမြောက်မြားစွာထားရစ်ခဲ့သည်ထက်ကောင်းပေမည်။ သားသမီးများသည် မိမိတို့၏လုပ်အားဖြင့်ကြိုးပမ်း၍နေထိုင်ရမည်ဖြစ်သောကြောင့် သာ၍တင့်တယ်သောလူကြီးလူကောင်းများဖြစ်လာပြီး လက်တွေ့အသက်တာအဖို့သာ၍အဆင်ပြေလိမ့်မည်။ ထိုကဲ့သို့သောသားသမီးများသည် ဖခင်၏ကျန်ရစ်သောပစ္စည်းများကို မှီခိုနေရသူများထက်ကောင်း၏။ မိမိတို့၏လုပ်အားကို မှီခိုအားထားနေသောသားသမီးများသည် အများအားဖြင့် သူတို့၏စွမ်းရည်ကိုတန်ဖိုးထားကြ



သည်။ သူတို့၏အခွင့်အရေးများကို တိုးတက်စေ၍ အသက်တာ၌ တစ်စုံတစ်ခုကို ပြီးမြောက်ဖို့ရန် ရည်မှန်းလုပ်ကိုင်ကြသည်။ အများအားဖြင့် သူတို့၌ကြိုးစားခြင်း၊ အသုံးစေ့စပ်ခြင်းနှင့် အကျင့်ကောင်းမွန်ခြင်းများရှိ၍ ထိုအရည်အချင်းများသည် အောင်မြင်သောခရစ်ယာန်အသက်တာ၏အုတ်မြစ်ပင်ဖြစ်သည်။ 3T 121-123

–o–

## (၆၄) တာဝန်ဝတ္တရားကိုအခြားသောသူများအား ပြောင်းလွှဲပေးခြင်း

ဥပုသ်စောင့်ထိန်းနေသောညီအစ်ကိုများသည် သူတို့၏ ဘဏ္ဍာစိုးအလုပ်တာဝန်ကို သူတို့၏ဇနီးများလက်သို့ပြောင်းလွှဲ ပေးလိုက်ကြသည်။ ဤအလုပ်ကို သူတို့ကိုယ်တိုင်လုပ်ကိုင် နိုင်ဖို့ရန် အရည်အချင်းရှိလျက်နှင့် ဤကဲ့သို့ပြုလုပ်ခြင်း၌ ပညာ မရှိ၊ ပြောင်းလွှဲပေးခြင်းကို ဘုရားသခင်မနှစ်သက်ပေ။ ခင်ပွန်း၏ ဘဏ္ဍာစိုးအလုပ်ကို ဇနီးသို့ပြောင်းလွှဲမပေးနိုင်။ သို့သော်လည်း ဤကဲ့သို့ပြုလုပ်ရန် တစ်ခါတစ်ရံကြိုးစားအားထုတ်ကြရာ နှစ်ဦး စလုံးတို့၌ အကျိုးယုတ်ခြင်းရှိသည်။

ယုံကြည်ခြင်း၌တည်သောခင်ပွန်းသည် တစ်ခါတစ်ရံ သူ၏ဥစ္စာပစ္စည်းကိုမယုံကြည်သောဇနီးအား ပြောင်းလွှဲပေးလိုက် သည်။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် သူမ၏စိတ်ကျေနပ်ခြင်းရှိဖို့ရန် သူမ၏ဆန့်ကျင်ဘက်သဘောကိုငြိမ်းစေရန်နှင့် နောက်ဆုံး သူမသည် သမ္မာတရားကိုလက်ခံနိုင်ဖို့ရန်ကို မျှော်လင့်၍ပြုလုပ် ခဲ့သည်။ ဤကဲ့သို့ပြုလုပ်ခြင်းသည် ငြိမ်သက်ခြင်းကိုငွေပေး၍ ဝယ်ယူနိုင်ရန် ကြိုးစားခြင်းဖြစ်သည်၊ (သို့မဟုတ်) သမ္မာတရား





ကိုယုံကြည်ရန် မိန်းမကိုငှားရမ်းခြင်းဖြစ်သည်။ ဘုရားသခင်၏ အမှုတော်ပြီးစီးဖို့ရန် ခင်ပွန်းအားချေးငှားထားသောကြေးငွေ များဖြင့် အမှုတော်တိုးတက်ဖို့ရန်မလိုလား။ သမ္မာတရားတော်ကို ယုံကြည်ခြင်းမရှိသောသူ၏ဇနီးလက်ထဲသို့ ပြောင်းလွှဲပေးလိုက် သည်။ ကြီးမြတ်တော်မူသောသခင်သည် မိမိပိုင်ပစ္စည်းကို အတိုးနှင့်တောင်းဆိုသောအခါ ထိုကဲ့သို့သောဘဏ္ဍာစိုးသည် မည်သည့်စာရင်းကိုတင်ပြမည်နည်း။

ယုံကြည်သောမိဘတို့သည် အများအားဖြင့် သူတို့၏ ဥစ္စာပစ္စည်းကို ယုံကြည်ခြင်းမတူသောသားသမီးများလက်သို့ ပြောင်းလွှဲပေးလိုက်ကြရာ ဤနည်းဖြင့် ဘုရားသခင်နှင့်ဆိုင် သောအရာကို ဘုရားသခင်အားပေးဖို့ရန် သူတို့၌တန်ခိုးမရှိ တော့ပေ။ ဤကဲ့သို့ပြုလုပ်ခြင်းအားဖြင့် ဘုရားသခင်သည် သူတို့အားပေးထားသောတာဝန်ကိုပစ်ပယ်၍ ဆန့်ကျင်ဘက် တွင်းသို့ ဘုရားသခင်ရင်းနှီးဖို့ရန် ပေးထားသောကြေးငွေများကို ထည့်ပေးလိုက်လေသည်။

မိဘဖြစ်သူများသည် သူတို့၏အရောင်းအဝယ်ကိစ္စ၌ စီမံအုပ်ချုပ်ဖို့ရန် စွမ်းဆောင်နိုင်ခြင်းရှိသေးပါက သူတို့၏ သားသမီးများသည် ယုံကြည်ခြင်းတူသောသူများဖြစ်သော်လည်း သူတို့၏ဥစ္စာပစ္စည်းကို စီမံအုပ်ချုပ်ဖို့ရန်အခွင့်မပြုရ။ သူတို့သည်

တာဝန်ကိုကောင်းမွန်စွာမသိ၊ အခက်အခဲတွေ့၍ ဆင်းရဲခြင်းနှင့် စိတ်ပင်ပန်းခြင်း၌ ကောင်းမွန်စွာဗဟုသုတမရရှိသောကြောင့် မြေကြီးနှင့်ဆိုင်သောဘဏ္ဍာထက် ကောင်းကင်နှင့်ဆိုင်သော ဘဏ္ဍာကို အမြတ်တနိုးထားရန် မသိကြသေးပေ။ ဤကဲ့သို့သော သူတို့၏လက်တွင်း၌ရှိသောကြေးငွေများသည် အကြီးဆုံးသော မကောင်းမှုဖြစ်သည်။ သူတို့၏မြတ်နိုးခြင်းကို လောကနှင့်ဆိုင် သောအရာ၌ စွဲလမ်းစေခြင်း၊ ဥစ္စာပစ္စည်းများ၌ မာနထားခြင်း၊ ဤပစ္စည်းများရှိလျှင် အခြားအရာများအတွက် ပူပန်စရာမရှိဟု ထင်မြင်ခြင်းသည် သူတို့အဖို့စုံစမ်းနှောင့်ယှက်ခြင်းပင်ဖြစ်သည်။ သူတို့ကိုယ်တိုင်ကြိုးစားလုပ်ကိုင်ခြင်းမရှိသောကြေးငွေများသည် သူတို့၏လက်တွင်းသို့ရောက်လာသောအခါ သူတို့သည် လိမ္မာ စွာအသုံးမပြုကြပေ။

သူမသည် ယုံကြည်ခြင်းတူသောသူတစ်ယောက်သော် လည်းကောင်း၊ ယုံကြည်ခြင်းမတူသောသူသော်လည်းကောင်း ဖြစ်မည်။ ဇနီးဖြစ်သူအား သူ၏ပစ္စည်းများကိုလွှဲပြောင်းပေးသော ခင်ပွန်းသည် သူမအား ကျယ်သောစုံစမ်းနှောင့်ယှက်ခြင်းတံခါးကို ဖွင့်ပေးလိုက်လေသည်။ သူမသည် ယုံကြည်သောသူတစ်ယောက် ဖြစ်၍ စေးနဲ၏။ ကိုယ်ကျိုးကိုသာကြည့်ရှု၍ ရယူဆည်းပူးတတ် သောသဘောရှိ၏။ သူမအဖို့ ခင်ပွန်း၏ဘဏ္ဍာစိုးအလုပ်နှင့်



သူမ၏အလုပ်ကို တစ်ချိန်တည်း၌လုပ်ကိုင်လျက် ဆောင်ရွက် ဖို့ရန် သာ၍ခဲယဉ်းခြင်းဖြစ်မည်။ ကယ်တင်ခြင်းခံစားနိုင်ဖို့ရန် သူမ၌ရှိသောထူးခြားဆိုးညစ်သောဉာဏ်ကလေးကိုအောင်မြင်၍ သူမ၏မြင့်မြတ်သောဘုရားသခင်၏အကျင့်တော်ကိုအတုယူရ မည်။ အခြားသူများအား ကောင်းမှုပြုရန်ရှာဖွေ၍ ကျွန်ုပ်တို့ကို ခရစ်တော်ချစ်တော်မူသကဲ့သို့ သူတစ်ပါးကိုလည်းချစ်ရမည်။ ကယ်တင်ရှင်၌ရှိသောမေတ္တာဆုကျေးဇူးမျိုးရှိရန် သူမကြိုးစားရ မည်။ ခရစ်တော်၏အသက်တာသည် မြင့်မြတ်၍ ဖောက်ပြန်ခြင်း မရှိသော ကောင်းမှုပြုလိုသည့်သဘောဖြင့် သီးခြားထင်ရှားလျက် ရှိသည်။ ကိုယ်တော်၏အသက်တာတစ်ခုလုံး၌ ကိုယ်ကျိုးရှာ သောအပြုအမူတစ်ခုမျှမတွေ့မြင်ရပေ။

ခင်ပွန်းဖြစ်သူ၏အကြံအစည်သည် မည်သည့်အရာပင် ဖြစ်စေ၊ သူမ၏အောင်မြင်ခြင်းအလုပ်၌ နှောင့်နှေးစေဖို့ရန် သူမ၏ သွားသောလမ်း၌ ကြောက်မက်ဖွယ်ရာကောင်းသောအတား အဆီးများကိုချထားသည်။ သားသမီးများအား ပြောင်းလွှဲပေး စေကာမူ ဤမကောင်းသောအကျိုးသည်လည်း သက်ရောက်ခြင်း ရှိမည်။ ဘုရားသခင်သည် သူ၏အကြံအစည်များကို သိနားလည် တော်မူသည်။ ခင်ပွန်းသည် ကိုယ်ကျိုးရှာ၍ သူ၏တပ်မက်မော ခြင်းကိုဖုံးကွယ်ရန် ဇနီးလက်သို့ပြောင်းလွှဲပေးခြင်းကို ပြုလုပ် ခဲ့လျှင်လည်းကောင်း၊ ဘုရားသခင်၏အမှုတော်တိုးတက်ဖို့ရန်

မလုပ်ကိုင်လိုသောကြောင့် ဆင်ခြေပေးလျှင်လည်းကောင်း ကောင်းကင်ဘုံ၏ကျိန်ခြင်းသည် ဧကန်အမှန်သူ့အပေါ်သို့ ကျရောက်လာလိမ့်မည်။

ဘုရားသခင်သည် စိတ်နှလုံး၏အကြံအစည်များနှင့် စိတ်ပြဋ္ဌာန်းခြင်းများကိုသိနားလည်တော်မူသည်။ လူတို့၏သားသမီးများတို့၏ရည်ရွယ်ရင်းများကို စုံစမ်းတော်မူသည်။ ကိုယ်တော်၏မနှစ်သက်တော်မူခြင်းကို အာနနိနှင့်ရှဖိရေတို့၏ကိစ္စများ၌ ဖော်ပြသကဲ့သို့ဖော်ပြမည်မဟုတ်ပေ။ သို့သော်လည်း အဆုံး၌ ဒဏ်ပေးခြင်းသည် ပေါ့လိမ့်မည်မဟုတ်။ လူကိုလိမ်လည်ရာ၌ သူတို့သည် ဘုရားသခင်ကိုလှည့်စားနေကြသည်။ "ပြစ်မှားသောဝိညာဉ်သည်သေရမည်။"

မိမိတို့၏တာဝန်ကို ဇနီး (သို့မဟုတ်) သားသမီးများအပေါ်သို့ ပြောင်းလွှဲပေးနိုင်သည်ဟုပြောဆိုသောသူများသည် ရန်သူ၏လှည့်ဖြားခြင်းကိုခံနေရသည်။ ဥစ္စာပစ္စည်းကို လွှဲပြောင်းပေးရုံမျှနှင့် သူတို့၏တာဝန်သည် ပေါ့မသွားခဲ့ပေ။ ဘုရားသခင်သည် သူတို့အားကြည့်ရှုဖို့ရန် အပ်နှံထားသောကြေးငွေများကို စာရင်းတောင်းလိမ့်မည်။ ဘုရားသခင်က သူတို့အား ပေးအပ်ထားသောအရာကိုပြန်၍မပေးမချင်း သူတို့သည် တာဝန်ဝတ္တရားမှ ဆင်ခြင်ပေးရန် နည်းလမ်းမရှိပေ။ 1T 528-530.

–ဝ–

# (၆၅) ဆုလာဘ်၏နေရာသည်အမှုတော် ဆောင်ရွက်ခြင်း၏အကြောင်းရင်းဖြစ်ခြင်း

ကယ်တင်ရှင်သည် ထပ်တလဲလဲ "နောက်ကျသောသူအများတို့သည် အလျင်အဦးကျကြလိမ့်မည်။ အလျင်အဦးကျသောသူအများတို့သည် နောက်ကျကြလိမ့်မည်" ဟုမိန့်တော်မူသည်။ ကိုယ်တော်၏အမှုတော်၌ ဆောင်ရွက်လုပ်ကိုင်နေသောသူများသည် ဆုလာဘ်ရရှိဖို့ရန်လည်းကောင်း၊ သူတို့လုပ်ကိုင်နေသောအလုပ်အားလုံးအတွက် လျော်ကြေးရရှိဖို့ရန်လည်းကောင်း စိတ်စွဲလမ်းခြင်းမရှိရန် သခင်ယေရှုအလိုတော်ရှိသည်။ ဘုရားသခင်သည် လူမြင်သကဲ့သို့မြင်တော်မမူသောကြောင့် ကျွန်ုပ်တို့၏စိတ်ကို ခြားနားသောလမ်းကြောင်းသို့ကြည့်ရှုရန် အလိုတော်ရှိသည်။ ကိုယ်တော်သည် အပေါ်ယံတွေ့မြင်တော်မူခြင်းဖြင့် စီရင်ဆုံးဖြတ်တော်မမူ။ လူတစ်ယောက်၏စိတ်နှလုံး၌ ဖြောင့်မှန်ခြင်းကိုကြည့်ရှုတော်မူ၍ ဆုံးဖြတ်တော်မူသည်။

အမှုတော်ကိုဆောင်ရွက်သောသူတို့သည် သူတို့၏အလုပ်အကိုင်၌ မှန်ကန်သောအနစ်နာခံခြင်းနှင့် ကိုယ့်ကိုကိုယ်နှိမ့်ချခြင်းရှိသောသူတို့သည် နောက်ဆုံး၌ အလျင်အဦးကျကြ

လိမ့်မည်။ ပထမငှားရမ်းခဲ့သောလုပ်သားများသည် မနာလိုသောသူ၊ ကိုယ့်ကိုကိုယ်ဖြောင့်မြတ်သောသူ၊ သူတို့၏လုပ်ကိုင်ဆောင်ရွက်ခြင်းကြောင့် သူများထက်ပို၍ အခွင့်အရေးပေးရမည်ဟူသောလူစားမျိုးကိုပုံဆောင်သည်။ အခြားသောသူများကိုသူ့ထက်ပို၍ပေးရမည်လားဟုမေးမြန်းသောသူအား အိမ်ရှင်ကပြောဆိုသည်မှာ "အဆွေ၊ သင်၌မတရားသောအမှုကိုငါမပြု၊ ဒေနာရီတစ်ပြားကိုအမှတ်ပြု၍ သင်သည် ငါနှင့်ခံဝန်သည်မဟုတ်လော၊ ငါခံဝန်ချက်ထားသည်အတိုင်း ငါပြုပြီ။"

ကျွန်ုပ်တို့သည် ဆုလာဘ်ရခြင်း၌ ကျေနပ်ခြင်းရှိရမည်။ ကျွန်ုပ်တို့သည် ကောင်းချီးမင်္ဂလာခံစားရမည့်ကတိတော်ကို နှစ်သက်နေချိန်တွင် ကျွန်ုပ်တို့သည် သခင်ခရစ်တော်၌ လုံးဝစိတ်ချခြင်းရှိ၍ ကိုယ်တော်သည် မှန်ကန်ရာကိုလုပ်ကိုင်တော်မူ၍ ကျွန်ုပ်တို့လုပ်ကိုင်ပြီးစီးခဲ့သည့်အတိုင်း ဆုလာဘ်ကိုပေးတော်မူမည်ဟုယုံကြည်ရမည်။ ဘုရားသခင်၏ဆုကျေးဇူးသည် ထာဝရအသက်ဖြစ်၏။ သို့သော်လည်း ကျွန်ုပ်တို့သည် ဆုလာဘ်အတွက်စိတ်ပူပန်ခြင်းမဖြစ်စေရန် သခင်ယေရှုအလိုတော်ရှိသည်။ ဘုရားသခင်၏အလိုတော်အတိုင်း လိုက်နာနိုင်သည်။ အကြောင်းမှာ မှန်ကန်ရာကိုလုပ်ကိုင်ခြင်းဖြစ်၍ အမြတ်အစွန်းရရှိဖို့ရန် မကြည့်ရှုရပေ။



ပေါလုသည် သူ့အားပေးမည့်အသက်သရဖူကို ကြည့်ရှုလျက်နေသည်။ သူ့အဖို့သာမဟုတ်ဘဲ ကိုယ်တော်ကြွလာတော်မူမည်ကို စောင့်မျှော်နေသောသူတို့အဖို့လည်းဖြစ်သည်။ သခင်ယေရှုကိုယုံကြည်ခြင်းအားဖြင့် ရရှိသောအောင်မြင်ခြင်းဖြစ်၍ သရဖူကိုရရှိဖို့ရန် ဆန္ဒပြင်းပြလျက်ရှိသည်။ ဘုရားသခင်သည် ခရစ်တော်ကို အစဉ်ချီးမြှောက်တော်မူသည်။ ကျွန်ုပ်တို့၌ရှိသောအစွမ်းသတ္တိ၊ အောင်မြင်ခြင်းရှိကြောင်းကို ဝါကြွားခြင်းသည် နေရာမကျသောအချည်းနှီးသက်သက်ဖြစ်သည်။ ထာဝရဘုရားသခင်မိန့်တော်မူသည်ကား၊ "ပညာရှိသောသူသည် မိမိပညာ၌မဝါကြွားစေနှင့်၊ ခွန်အားကြီးသောသူသည် မိမိခွန်အားသတ္တိ၌မဝါကြွားစေနှင့်၊ ဥစ္စာရတတ်သောသူသည် မိမိဥစ္စာ၌မဝါကြွားစေနှင့်။ ဝါကြွားသောသူမည်သည်ကား၊ ငါသည် မြေကြီးပေါ်မှာချစ်သနားခြင်း၊ တရားသဖြင့်စီရင်ခြင်း၊ ဖြောင့်မတ်ခြင်းကိုပြုသောထာဝရဘုရားသခင်ဖြစ်ကြောင်းတည်းဟူသော ငါ့သဘောကိုသိနားလည်ခြင်း၌ ဝါကြွားစေ၊ ငါသည် ထိုအရာတို့၌ ပျော်မွေ့သည်ဟု ထာဝရဘုရားသခင်မိန့်တော်မူ၏။"

အကြွယ်ဝဆုံးသောဆုလာဘ်ရမည့်သူများသည် သူတို့၏လုပ်ကိုင်ဆောင်ရွက်ခြင်း၌ ဆင်းရဲသောသူ၊ မိဘမရှိသောသူ၊ ညှဉ်းဆဲနှိပ်စက်ခံရသောသူ၊ အခက်အခဲတွေ့နေရသောသူများကို

ကိုယ်ဖိရင်ဖိကြည့်ရှုစောင့်ရှောက်သောသူများဖြစ်သည်။ သို့သော်လည်း မျက်ကွယ်သို့လှည့်သွားသောသူများ၊ ခရစ်တော်၏အသွေးတော်ဖြင့်ဝယ်ယူထားသောသူများကို ကြည့်ရှုစောင့်ရှောက်ဖို့ရန်အချိန်မရှိသောသူများ၊ ကြီးကျယ်သောအလုပ်အကိုင်များကိုလုပ်ကိုင်နေသောသူများသည် အငယ်ဆုံးနှင့်နောက်ဆုံးဖြစ်ကြလိမ့်မည်။

လူသည် စိတ်နှလုံး၌ရှိသောအရာကို ပြင်ပ၌ပြမူခြင်းဖြင့်ပြသည်။ ကျွန်ုပ်တို့တွင် စိတ်နူးညံ့သိမ်မွေ့၊ စိတ်နှိမ့်ချသောသူများ၊ ခရစ်တော်၏စိတ်သဘောမျိုးရှိသောသူများ၊ သူတို့နံဘေးပတ်လည်၌ရှိကြသောသူတို့အား သေးငယ်သောအရာကလေးများကို ဆောင်ရွက်ပေးသောသူများ ထိုသို့လုပ်ကိုင်ပေးရသည်ကို ဂုဏ်မယူသောသူများရှိကြသည်။ စိတ်ပျက်နေသောသူများအား ကြင်နာသောစကားကိုပြောဆိုခဲ့ခြင်း၊ သူတို့ကိုယ်ကိုငြင်းပယ်၍ ဆင်းရဲသောသူများအား ပေးကမ်းခဲ့ခြင်းကို သခင်ယေရှုသိမြင်တော်မူသောကြောင့် သူတို့၌အံ့ဩခြင်းဖြစ်ကြလိမ့်မည်။ ဘုရားသခင်သည် စိတ်သဘောကိုတိုင်းတာ၍ ဆုလာဘ်ကိုဆပ်ပေးမည်။ ကြည်လင်ခြင်း၊ နှိမ့်ချခြင်း၊ ကလေးကဲ့သို့ချစ်တတ်သောသဘောသည် ပေးသောအလှူငွေကို ဘုရားသခင်ရှေ့တော်၌ အဖိုးထိုက်တန်စေသည်။ R & H, July 3, 1894.



## ဆုလာဘ်အဖြစ်ပေးသည်၊ ရထိုက်သောကြောင့်မဟုတ်

ထိုအခါ ပေတရုက၊ "အကျွန်ုပ်တို့သည် ရှိသမျှကိုစွန့်ပစ်၍ ကိုယ်တော်နောက်သို့လိုက်ကြပါပြီ။ အဘယ်အကျိုးကိုရကြပါမည်နည်း" ဟုလျှောက်၏။ ပေတရုသည် ဤမေးခွန်းကိုမေးမြန်းခြင်းဖြင့် တမန်တော်တို့သည် အလုပ်တစ်ခုကိုလုပ်ကိုင်ဆောင်ရွက်ခြင်း၌ တစ်စုံတစ်ခုသောဆုလာဘ်ကိုရရှိလိမ့်မည်ဟုထင်မြင်သောကြောင့် မေးမြန်းခြင်းဖြစ်သည်။ တပည့်တော်တို့တွင် မိမိကိုယ်ကိုချီးမြှင့်လိုသောသဘောရှိ၍ သူတို့အချင်းချင်းနှိုင်းယှဉ်ခြင်းများပြုကြသည်။ တစ်ဦးတစ်ယောက်သည် ပျက်ကွက်ဆုံးရှုံးသွားခဲ့လျှင် အခြားသောသူတို့သည် သူတို့ကိုယ်ကို သာ၍ထူးကဲသည်ဟုထင်မြင်ကြသည်။ ထိုကဲ့သို့စိတ်ဝင်လာသောသဘောမျိုးကိုရပ်တန့်ပစ်ရမည်ဟု သခင်ယေရှုမြင်တော်မူသည်။ ကိုယ်တော်သည် လူတို့၏စိတ်နှလုံးကိုတတ်နိုင်တော်မူသည်။ "အဘယ်အကျိုးကိုရကြပါမည်နည်း" ဟုမေးသောမေးခွန်းအားဖြင့် သူတို့၌ ကိုယ်ကျိုးကိုသာကြည့်တတ်သောသဘောမျိုးကို တွေ့မြင်တော်မူသည်။ ဤမကောင်းမှုကြီးထွားမလာမီ အချိန်မီတားဆီးရပေမည်။

တပည့်တော်များသည် ဧဝံဂေလိတရားတော်၏မှန်ကန်သောကျင့်ဝတ်များမှ မျက်ခြည်ပြတ်သွားမည်ကို စိုးရိမ်ဖွယ်ရာအခြေအနေသို့ရောက်နေကြသည်။ (လုပ်ဆောင်သောသူများကိုခေါ်ခြင်း) ဥပမာပုံပြင်ကိုအသုံးပြု၍ ဆုလာဘ်သည် သူတို့ကြွားဝါတတ်သောအလုပ်၌မတည်၊ ကျေးဇူးတော်အားလုံးပင်ဖြစ်ကြောင်းကိုယ်တော်သည် လူတို့ကိုသွန်သင်တော်မူသည်။ နေ့အစပြုချိန်၌အလုပ်သမားများကိုခေါ်၍ သူ့ကိုပေးသောအခ၌ ကျေးဇူးတော်ပါ၏။ သို့သော်လည်း နောက်ဆုံးအချိန်၌ ခေါ်ခြင်းခံရသောသူသည် ပထမအချိန်ကလာသောသူကဲ့သို့ တူညီသောကျေးဇူးတော်ကိုခံရသည်။ အလုပ်သည် ကျေးဇူးတော်ပင်ဖြစ်၍ မည်သူမျှတစ်ဦးပေါ်တစ်ဦးကြွားဝါစရာမရှိပေ။ တစ်ဦးကိုတစ်ဦးလည်းရန်ငြိုးထားစရာမလိုပေ။ မည်သူမျှအခွင့်အရေးပို၍မရကြပေ။ မည်သူမျှ မိမိရသင့်ရထိုက်သည်ဟု ပြောဆိုဖို့ရန်မရှိပေ။ ပေတရုသည် အငှားလုပ်သူတစ်ယောက်၏စိတ်သဘောမျိုးကိုဖော်ပြသည်။ R & H, July 10, 1894.

–၀–

# (၆၆) ကောင်းကင်ဘုံ၌ရှိသောဘဏ္ဍာ

"သင်တို့၏ဘဏ္ဍာကို ကောင်းကင်ဘုံ၌ဆည်းပူးလော့" ဟုသခင်ယေရှုသည် အတင်းအကျပ်တောင်းပန်သည်။ သင်၏ဥစ္စာပစ္စည်းများကို အထက်ကောင်းကင်သို့လွှဲပြောင်းခြင်းသည် သင်၌အကောင်းဆုံးခွန်အားဖြင့်စိုက်ထုတ်၍ လုပ်ကိုင်ရမည့်အလုပ်ဖြစ်သည်။ ၎င်းသည် အလွန်အရေးကြီး၍ သင်၌ ထာဝစဉ်စိတ်ဝင်စားခြင်းရှိစေရမည်။ ဘုရားသခင်၏အမှုတော်အတွက်သင်ပေးကမ်းသောအရာသည် ပျောက်ပျက်၍မသွားပေ။ အသက်ဝိညာဉ်များကယ်တင်ခြင်းရရှိရန်နှင့် ဘုရားသခင်၏တန်ခိုးတော်ထွန်းတောက်ဖို့သည် ဤအသက်တာနှင့်နောင်လာမည့်အသက်တာအတွက် အကျိုးအရှိဆုံးသောလုပ်ငန်း၌ ရင်းနှီးထားခြင်းဖြစ်သည်။ သင်၏ရွှေငွေနှင့်အစွမ်းသတ္တိများကို အသင်းတော်၏ဘဏ္ဍာထိန်းများထံ၌အပ်နှံထားလိုက်လျှင် တန်ဖိုးသည် အစဉ်တိုးတက်လျက် ကောင်းကင်နိုင်ငံတော်ရှိ သင်၏စာရင်း၌ထည့်သွင်းထားလိမ့်မည်။ အသင်းတော်၏ဘဏ္ဍာထိန်းလက်၌ တိုးပွားနေသောထာဝရဥစ္စာခနေကို သင်သည် ရရှိသောသူတစ်ယောက်ဖြစ်လိမ့်မည်။ ဘုရားသခင်၏အမှုတော်အတွက်ပေးကမ်းသောကြောင့်

သင်သည် ကိုယ့်အဖို့ကောင်းကင်ဘုံ၌ ဘဏ္ဍာကိုဆည်းပူးနေသောသူဖြစ်သည်။ သင်သည် အထက်ကောင်းကင်၌ဆည်းပူးထားသမျှသည် ပျက်စီးခြင်းနှင့်ဆုံးရှုံးခြင်းမှလွတ်ကင်းလုံခြုံ၍ ထာဝစဉ်တည်တံ့သောပစ္စည်းအဖြစ် တိုးပွားလျက်ရှိသည်။

## ကာလအချိန်နှင့်ထာဝရကာလအဖို့အမြတ်အစွန်း

ခရစ်တော်၏အမှုတော်ကိုဆောင်ရွက်ရာ၌ သင်၏ကာယ၊ ဉာဏ၊ အစွမ်းခွန်အားရှိသမျှအားလုံးကိုစိုက်ထုတ်ဖို့ရန် သင်၏ဆုံးဖြတ်ချက်ချထားသောအကြံအစည်ဖြစ်ရမည်။ အဘယ်ကြောင့်နည်း၊ ကိုယ်တော်၏အမှုတော်သည် ယခုအသက်တာနှင့် နောင်လာမည့်အသက်တာအဖို့ပါ အမြတ်အစွန်းရှိသည်။

"မျက်စိကား ကိုယ်၏ဆီမီးဖြစ်၏။ ထို့ကြောင့် မျက်စိကြည်လင်လျှင် တစ်ကိုယ်လုံးလင်းလိမ့်မည်။ မျက်စိသည် ကြည်လင်၍ ကောင်းကင်သို့ကြည့်ရှုနေလျှင် ကောင်းကင်၏အလင်းသည် စိတ်၌ပြည့်ဝ၍ မြေကြီးနှင့်ဆိုင်သောအရာများသည် မရေရာသောအခြေအနေ၊ စိတ်ဝင်စားသောအရာများကဲ့သို့ဖြစ်သွားလိမ့်မည်။ စိတ်နှလုံး၏အကြံအစည်သည် ပြောင်းလဲသွား၍ သခင်ယေရှု၏ဆုံးမသွန်သင်ခြင်းကို ခံယူရလိမ့်မည်။ သင်၏



ဘဏ္ဍာကို ကောင်းကင်ဘုံ၌ဆည်းပူးလိမ့်မည်။ သင်၏စိတ်နှလုံးအကြံအစည်များကိုလည်း ထာဝရကာလ၏ကြီးကျယ်သောဆုလာဘ်များ၌ စွဲမြဲစေလိမ့်မည်။ သင်၏အကြံအစည်များကိုလည်း နောင်လာမည့်အချိန်၌ မသေမပျောက်နိုင်သောအသက်တာကို မျှော်မှန်း၍ပြုလုပ်လိမ့်မည်။ သင်၏ဘဏ္ဍာရှိရာနေရာသို့ သင့်ကိုဆွဲဆောင်လိမ့်မည်။ သင်၏လောကနှင့်ဆိုင်သောစိတ်ဝင်စားခြင်းများကိုလေ့လာမည်မဟုတ်။ သင်လုပ်ကိုင်သမျှတို့၌ သင်၏မေးမြန်းခြင်းသည် "သခင်၊ အကျွန်ုပ်သည် အဘယ်သို့ပြုရပါမည်နည်း။" သမ္မာကျမ်းစာ၏ဘာသာတရားသည် သင်၏နေ့စဉ်အသက်တာ၌ ဖွဲ့စည်းပေါင်းစပ်ထားလျက်ရှိလိမ့်မည်။

မှန်ကန်သောခရစ်ယာန်သည် မြေကြီးနှင့်စပ်ဆိုင်သောဆင်ခြင်ခြင်းများကို မိမိအသက်ဝိညာဉ်နှင့် ဘုရားသခင်စပ်ကြား၌ ရောစပ်လာဖို့ရန် ခွင့်မပြုပေ။ သင်၏ခင်တွယ်မှုနှင့်လှုပ်ရှားခြင်းများအပေါ်၌ ဘုရားသခင်၏ပညတ်တော်သည် ဩဇာတန်ခိုးလွှမ်းမိုးလျက်ရှိနေသည်။ ဘုရားသခင်၏နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရားကို အစဉ်ရှာဖွေနေသောသူများသည် ခရစ်တော်၏အမှုတော်များကိုလုပ်ကိုင်ဆောင်ရွက်လျှင် ကောင်းကင်သို့သွားသောလမ်းသည် မည်မျှလွယ်ကူခြင်းရှိလိမ့်မည်နည်း။

မျက်စိသည် ဘုရားသခင်၏တရားတော်၌ ကြည်လင်၍ နေလျှင် ကောင်းကင်၌ ဘဏ္ဍာဆည်းပူးထားခြင်းရှိ၍ ပျက်စီး ယိုယွင်းခြင်းမှကင်းလွတ်လိမ့်မည်။ "အကြင်အရပ်၌ သင်တို့၏ ဘဏ္ဍာရှိ၏။ ထိုအရပ်သို့ သင်တို့၏စိတ်နှလုံးရောက်လိမ့်မည်။" သခင်ယေရှုသည် ပုံပမာဖြစ်၍ သင်သည် အတုယူရန်ရှာကြံလိမ့်မည်။ ဘုရားသခင်၏တရားတော်သည် သင့်အဖို့နှစ်သက်စရာ ဖြစ်၍ နောက်ဆုံးစာရင်းရှင်းသောနေ့သို့ရောက်သောအခါ သင်ကြားရမည့်ဝမ်းမြောက်ဖွယ်ရာစကားသည် "ကတိတည်ရှိ သောငယ်သားကောင်း၊ သင်သည် အမှုငယ်၌ ကတိတည်လေပြီ။ များစွာသောအမှုအခွင့်ကို သင်၌ငါအပ်ပေးမည်။ သင်၏သခင်နှင့် အတူ စည်းစိမ်ကိုဝင်စားလော့" ဟုမိန့်တော်မူသည်။ R & H, Jan. 24, 1888.

## စည်းလုံးညီညွတ်ခြင်းအနှောင်အဖွဲ့ကိုတိုး၍ခိုင်ခံ့စေခြင်း

ဘုရားသခင်သည် ကျွန်ုပ်တို့အား အလှူဝတ္ထုများကို တစ်ဆင့်စွန့်ကြဲပေးကမ်းရသူအနေဖြင့် ခန့်ထားတော်မူသည်။ ဆင်းရဲနွမ်းပါးနေသောသူတို့ကိုခွဲဝေပေးဖို့ရန် ဘုရားသခင်သည် ကျွန်ုပ်တို့၏လက်ထဲ၌ ကိုယ်တော်၏ဆုလာဘ်များကို အပ်ထား



တော်မူသည်။ ဤသို့လက်တွေ့ပေးကမ်းစွန့်ကြဲခြင်းဖြင့် ကျွန်ုပ်တို့၌စွဲကပ်နေသောရောဂါအနာတစ်ခုတွင် အပါအဝင် ဖြစ်သော ကိုယ့်အကျိုးကိုကြည့်ရှုတတ်ခြင်း၊ တစ်ကိုယ်ကောင်း စိတ်ရောဂါကိုကုစားနိုင်ရန်ဖြစ်သည်။ ဤနည်းဖြင့် ဆင်းရဲ နွမ်းပါးသောသူတို့ကို မေတ္တာစိတ်ဓာတ်ဖော်ပြခြင်းဖြင့် ဆင်းရဲ နွမ်းပါးသောသူတို့၏စိတ်နှလုံးသည် ဘုရားသခင်ကိုယ်တော်မြတ် ကို ချီးမွမ်းထောမနာပြုကြမည်။ ကိုယ်တော်သည် ညီအစ်ကို များအပေါ်သို့ ကောင်းမှုပြုလိုသောသဘော၏ကျေးဇူးတော်ကို ချပေးတော်မူသည်။ ဆင်းရဲနွမ်းပါးနေသောသူတို့၏အခြေအနေ ကိုသက်သာစေသည်။

ဤလက်တွေ့မေတ္တာတရားကိုကျင့်သုံးခြင်းဖြင့် အသင်း တော်များသည် ခရစ်ယာန်ညီညွတ်ခြင်းသို့ အတူတကွရောက်ရှိ ကြသည်။ ညီအစ်ကိုများကိုချစ်ခြင်းအားဖြင့် ဘုရားသခင်ကို ချစ်ခြင်းသည် တိုးတက်လာသည်။ အကြောင်းမူကား ကိုယ်တော် သည် အခက်အခဲတွေ့နေသောသူများကို မမေ့လျော့သောကြောင့် ကျေးဇူးတင်သောအလှူငွေများသည် ကိုယ်တော်ကြည့်ရှုမစဖို့ရန် ကိုယ်တော်အထံတော်သို့ရောက်ရှိသည်။ "ဤလုပ်ကျွေးခြင်းအမှု သည် သန့်ရှင်းသူတို့၏ဆင်းရဲခြင်းကိုမစသည်သာမက ဘုရား သခင်၏ကျေးဇူးတော်ကိုချီးမွမ်းစရာအကြောင်းများနှင့်ပြည့်စုံလျက်

ရှိ၏။” ဘုရားသခင်၌ ညီအစ်ကိုတို့၏ယုံကြည်ခြင်းသည် တိုးတက်လာခဲ့၍ သူတို့၏အသက်ဝိညာဉ်နှင့် ကိုယ်ခန္ဓာများကို သစ္စာရှိစွာဖန်ဆင်းတော်မူသော ဘုရားသခင်အား ပေးအပ်ကြသည်။ ထိုသန့်ရှင်းသူတို့မှစသော လူအပေါင်းတို့အား ကြည်ညိုသောစေတနာစိတ်နှင့် ရက်ရောစွာစွန့်ကြဲပေးကမ်းခြင်းအရာကို သူတို့သည်အောက်မေ့သောအခါ ဤလုပ်ကျွေးခြင်းအမှု၏ လက္ခဏာသက်သေကိုထောက်၍ ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းတတ်ကြ၏။” R & H, Aug. 21, 1894.

## ခရစ်တော်၏လက်များပေါ်၌အက္ခရာတင်ထားခြင်း

ယုံကြည်ခြင်းနှင့်ချစ်ခြင်းမေတ္တာစင်မြင့်ပေါ်၌ ပေးအပ်အနစ်နာခံရခြင်းသည် တန်ဖိုးများခြင်းမရှိဟု ယူဆသောသူတို့၏ နာမည်များကို ခရစ်တော်၏လက်ဝယ်သိမ်းဆည်းထားလိမ့်မည်။ ကိုယ်တော်သည် အပြစ်သို့ကျရောက်နေသောလူသားတို့အဖို့ ရှိသမျှကိုစွန့်တော်မူသည်။ နားထောင်ခြင်း၊ ကိုယ်တိုင်အနစ်နာခံခြင်းနှင့် သစ္စာရှိသောသူတို့၏နာမည်များကို ခရစ်တော်၏ လက်ဝါးပေါ်၌ အက္ခရာတင်ထားမည်။ သူတို့ကို ကိုယ်တော်၏ ခံတွင်းမှထွေးပစ်မည်မဟုတ်။ နှုတ်တော်အားဖြင့် ကိုယ်တော်တိုင်



အဖဘုရားသခင်ရှေ့တော်၌ သူတို့အဖို့အထူးတောင်းလျှောက်လိမ့်မည်။ တစ်ကိုယ်ကောင်းစိတ်နှင့် မာနထောင်လွှားသောသဘောကိုစွန့်သောအခါ သူတို့၏နာမည်များကိုအောက်မေ့တော်မူမည်။ သူတို့၏နာမည်သည် ထာဝရတည်မြဲခြင်းရှိလိမ့်မည်။ ကျွန်ုပ်တို့ကိုယ်တိုင် ပျော်ရွှင်သောသူများဖြစ်လိုပါက အခြားသူများကိုလည်း ပျော်ရွှင်အောင် ပြုလုပ်ပေးရမည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ပိုင်ဆိုင်သောအရာများ၊ ကျွန်ုပ်တို့၏ အစွမ်းသတ္တိများနှင့် ကျွန်ုပ်တို့၏ခင်မင်ခြင်းများကို ကျေးဇူးတင်သောသဘောဖြင့် ခရစ်တော်အားပေးအပ်ဖို့ရန် ကောင်းပေသည်။ ဤနည်းဖြင့် အသက်တာတွင် ပျော်ရွှင်ခြင်းကိုရရှိ၍ နောင်အသက်တာ၌ ထာဝရတည်မြဲသောစည်းစိမ်ကိုခံစားရမည်။ 3T 250, 251.

–o–

## (၆၇) သူ့အကျိုးကိုရှာလိုသောသူအဖို့ လောကနှင့်ဆိုင်သောကောင်းချီးမင်္ဂလာများ

လူသားတို့၏ကိုယ်ချင်းစာနာတတ်သောသဘောသည် မေတ္တာနှင့်ကောင်းမှုပြုလိုသောသဘောနှင့်ပေါင်းစပ်လိုက်၍ ခရစ်တော်၏ဝိညာဉ်တော်ဖြင့် သန့်ရှင်းခြင်းသို့ရောက်စေသောအခါ ကြီးစွာသောကောင်းမှုကိုဖြစ်စေနိုင်သော စိတ်တစ်ခုဖြစ်လာလေသည်။ ကောင်းမှုပြုလိုသောသဘောကို ပျိုးထောင်ပေးသောသူတို့သည် အခြားသူများအဖို့ ကောင်းမှုကိုပြုလုပ်ပေး၍ ကောင်းမွန်သောပြုမူခြင်းကြောင့် ကောင်းချီးမင်္ဂလာများကိုခံစားနေရသည်။ ထို့အပြင် သူတို့၏စိတ်နှလုံးကို မှန်ကန်သောကောင်းမှုပြုလိုသည့်သဘော၌ ကျေးဇူးပြုတတ်သောဩဇာသက်ရောက်ခြင်းရှိသောကြောင့် မှန်သောကောင်းမှုပြုလိုသောသဘောကိုရရှိကြသည်။

အခြားသူများအပေါ်သို့ အလင်းကိုထိန်လင်းစေခြင်းသည် ကျွန်ုပ်တို့၏စိတ်နှလုံးများပေါ်၌ ရောင်ပြန်ဟပ်လိမ့်မည်။ ဝမ်းနည်းပူဆွေးဖြစ်နေသောသူတို့ကို ကြင်နာ၍ ကိုယ်ချင်းစာနာသောစကားပြောခြင်း၊ ညှဉ်းဆဲခံနေရသောသူတို့ကိုသက်သာ





စေခြင်း၊ အချင်းချင်းယိုင်းပင်းကူညီမစခြင်း ထိုသို့သောအမှုများကိုလုပ်ကိုင်ရာတွင် ဘုရားသခင်၏တရားတော်ကိုထောက်ရှု၍ လုပ်ကိုင်ခဲ့လျှင် ပေးကမ်းစွန့်ကြဲသောသူသည် ကောင်းချီးမင်္ဂလာကိုရရှိလိမ့်မည်။ ဤကဲ့သို့သောကောင်းမှုများကို ပြုလုပ်နေသောသူများသည် ကောင်းကင်နိုင်ငံတော်၏စည်းကမ်းတစ်ခုကို လိုက်နာနားထောင်နေကြသောကြောင့် ဘုရားသခင်၏နှစ်သက်တော်မူခြင်းကိုရရှိကြမည်။ အခြားသူများအား ကောင်းမှုပြုလုပ်ပေးလိုသောသဘောသည် ကိုယ်တိုင်ပီတိခံစားရ၍ ကိုယ်စိတ်နှစ်ဖြာကျန်းမာခြင်းသို့ရောက်စေသည်။ 4T 56.

### ရောဂါပျောက်ကင်းခြင်းကောင်းချီးမင်္ဂလာ

စိတ်အတွင်း၌ရှိသော ကိုယ်ချင်းစာနာခြင်းတရားသည် အလွန်ကြီးမားပေသည်။ စိတ်ထိခိုက်နေသောအခါ ကိုယ်ခန္ဓာ၌လည်း ကျန်းမာခြင်းကိုထိခိုက်စေနိုင်သည်။ စိတ်၏အခြေအနေသည် ကိုယ်ခန္ဓာတစ်ခုလုံး၏ကျန်းမာခြင်းအခြေအနေနှင့် များစွာသက်ဆိုင်သည်။ မှန်ကန်စွာလုပ်ကိုင်ခြင်းနှင့် အခြားသောသူတို့အား ဝမ်းမြောက်ဝမ်းသာဖြစ်စေခြင်း၌ ကျေနပ်ခြင်းရှိလျှင် စိတ်သည် လွတ်လပ်၍ ပျော်ရွှင်ခြင်းရှိလျက် ကိုယ်ခန္ဓာ

တစ်ခုလုံး၏ သွေးသွားလာလှုပ်ရှားခြင်း၌ အဆီးအတားကင်းပြီးလျှင် တစ်ကိုယ်လုံးကျန်းမာလျက် ပျော်ရွှင်ခြင်းရှိသည်။ ဘုရားသခင်၏ကောင်းချီးမင်္ဂလာသည် အနာရောဂါကိုပျောက်ကင်းစေသည်။ သူတစ်ပါးအား မြောက်မြားစွာသောအကျိုးကို ဖြစ်ထွန်းစေသောသူတို့၏စိတ်နှလုံးနှင့်အသက်တာများ၌ အံ့သြဖွယ်ရာကောင်းသောကောင်းချီးမင်္ဂလာဖြစ်စေကြောင်း သိရှိကြမည်။ 4T 60, 61.

## ကောင်းမှုပြုလိုသောသဘော၏အလုပ်သည် နှစ်ထပ်သောကောင်းချီးမင်္ဂလာခံရမည်

မြင့်မြတ်သောဘုရားသခင်သည် ကယ်တင်တော်မူခြင်းအကြံအစည်၌ လှုပ်ရှားခြင်းနှင့်တန်ပြန်လှုပ်ရှားခြင်းတရားဥပဒေတွင် ကောင်းမှုပြုလိုသောသဘောနှင့် အခက်အလက်တို့တွင် နှစ်ထပ်သောကောင်းချီးမင်္ဂလာဖြစ်စေရန် စီမံထားတော်မူသည်။ လူ၏ကူညီမစခြင်းကိုမယူဘဲ ဘုရားသခင်သည် လူကိုကယ်တင်ခြင်း၌ ပြီးစီးအောင်ဆောင်ရွက်တော်မူနိုင်သည်။ သို့သော်လည်း ဤမျှကြီးကျယ်သောကယ်တင်ခြင်းအလုပ်၌ လူသည် ပါဝင်ခြင်းမရှိပါက ပျော်ရွှင်ခြင်းရှိလိမ့်မည်မဟုတ်



ကြောင်းကို ကိုယ်တော်သိတော်မူသည်။ လူသည် ကောင်းမှုပြုလိုသောသဘော၏အကျိုးအပြစ်ကိုမပျောက်ပျက်စေရန် ကျွန်ုပ်တို့၏ကယ်တင်သခင်သည် လူကို ကိုယ်တော်နှင့်အတူ လုပ်ဖော်ဆောင်ဖက်အနေဖြင့် စာရင်းသွင်းပါဝင်စေသည်။ R & H, March 23, 1897.

## မြေကြီး၏တန်ခိုးကိုချိုးနှိမ်ခြင်း

ခရစ်တော်သည် လူအား ထာဝရကာလ၏ကြွယ်ဝပေါ်များခြင်းကိုပေးဖို့ရန် ကြွလာတော်မူသည်။ ကိုယ်တော်နှင့်ဆက်သွယ်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် အပေးအယူပြုလုပ်ပေးကမ်းရမည်။ ဓမ္မဆရာများသာမဟုတ်ဘဲ ယုံကြည်သောသူတို့အားလည်း ကမ္ဘာကြီးသည် မှောင်အတိဖုံးလွှမ်းနေသည်ဟု သခင်ခရစ်တော်မိန့်တော်မူသည်။ သူတစ်ပါးတို့သည် သင်တို့၏ကောင်းသောအကျင့်ကိုမြင်၍ ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့အဖကိုချီးမွမ်းစေခြင်းငှာ သူတစ်ပါးရှေ့၌ သင်တို့၏အလင်းကိုလင်းစေကြလော့။ ဘုရားသခင်ကိုအမှန်ချစ်သောသူတို့သည် လောက၌အလင်းဖြစ်လိမ့်မည်။

ကောင်းကင်နိုင်ငံတော်၏နိုင်ငံသားဖြစ်သောသူတစ်ယောက်သည် မမြင်ရသောအရာများကို အစဉ်ကြည့်ရှုနေရမည်။ စိတ်နှင့်အကျင့်ပေါ်၌ စိုးမိုးနေသောမြေကြီးတန်ခိုးသည် ပျက်စီးသွားခဲ့ပြီ။ ကတိတော်အတိုင်း ဘုရားသခင်သည် သူ၌ အစဉ်တည်ရှိခြင်းရှိသည်။ "ငါသည် သူ့ကိုချစ်မည်၊ ငါ့ကိုယ်ကို သူ့အားဖော်ပြမည်။" ဧနောက်နှင့်အတူ ဘုရားသခင်လမ်းလျှောက်သကဲ့သို့ သူနှင့်အတူလျှောက်မည်။ အစဉ်မိတ်သဟာယဖွဲ့ခြင်းရှိလိမ့်မည်။ R & H, Nov. 10, 1910.

## မြေကြီးအသက်တာ၌ကြွယ်ဝခြင်း

ဤအသက်တာ၏အချိန်အနည်းငယ်တွင် မည်သည့်အရာကိုမျှ ပြီးစီးအောင်ဆောင်ရွက်လုပ်ကိုင်နိုင်မည်မဟုတ်ပေ။ ၎င်းပြင် အဆုံးမရှိသောနောင်ကာလအဖို့ မည်သည့်အရာကိုမျှ စီမံနိုင်မည်မဟုတ်ပေ။ သို့ဖြစ်၍ လူငယ်လူရွယ်တို့သည် ထာဝရကာလကို သူတို့၏စီမံကိန်းရေတွက်ခြင်းတွင်ပါဝင်ပါစေ။ ကောင်းသောကျင့်ဝတ္တရားများကို ရွေးချယ်စေ၍ မြဲမြံသောစည်းစိမ်များကိုရှာဖွေပါစေ။ "သံချေးပိုးရွမဖျက်ဆီး၊ သူခိုးမထွင်းဖောက်နိုင်သောဘဏ္ဍာကို" ဆည်းပူးကြပါစေ။ သင်တို့သည်



စုတေသောအခါ အစဉ်အမြဲတည်သောဗိမာန်၌ သင်တို့ကို လက်ခံလတ္တံ့သောဆွေမျိုးရှိစေခြင်းငှာ "ကောင်းကင်ဘုံ၏မကုန်မဆုံးနိုင်သောဘဏ္ဍာကို" ဆည်းပူးကြလော့။ လု၊ ၁၂း၃၃။ ၁၆း၉။

ဤအရာကိုလုပ်ကိုင်သောသူအပေါင်းတို့သည် ဤလောကအတွက် ပြင်ဆင်ခြင်းကို ပြုလုပ်နေကြသည်။ ဤမြေကြီးပေါ်၌ အသက်ရှင်နေစဉ် ကြွယ်ဝခြင်းနှင့်မြင့်မြတ်ခြင်းအသက်တာကို မတွေ့ရှိသောသူတစ်စုံတစ်ယောက်မျှ ကောင်းကင်ဘုံ၌ ဘဏ္ဍာကိုဆည်းပူး၍မရနိုင်ပေ။

"ဘုရားသခင်ဝတ်၌မွေ့လျော်ခြင်းမှုကား၊ ယခုဘဝ၊ နောင်ဘဝနှင့်စပ်ဆိုင်သောကတိတော်ကိုရသည်။" ၁တိ၊ ၄း၈။ Ed 145.

## ပေးကမ်းသောသူ၏စိတ်နှလုံးကြွယ်ဝခြင်း

အဖိုးထိုက်တန်သော ကယ်တင်ခြင်းသမ္မာတရားအလင်းကို ကျယ်ဝန်းလာစေဖို့ရန် ကိုယ်ကိုငြင်းပယ်၍ ပေးကမ်းသောဆင်းရဲသားများ၏အလှူငွေသည် ဘုရားသခင်ရှေ့တော်၌ မွှေးကြိုင်သောအနံ့အရသာ၊ ဘုရားသခင်လုံးဝလက်ခံနိုင်သောလက်ဆောင်ပဏ္ဏာဖြစ်သည်သာမက ပေးကမ်းခြင်းပင်လျှင်

ပေးကမ်းသောသူ၏စိတ်နှလုံးကိုကြွယ်ဝလာစေပြီး လောကကြီး၏ ကယ်တင်ရှင်နှင့် ပို၍ပူးပေါင်းလာစေသည်။ R & H, Oct. 31, 1878.

## ဘုရားသခင်၏အမြဲတည်သောကတိတော်

ကမ္ဘာကြီး၏ခေတ်ကာလအပိုင်းပိုင်းတို့၌ ဘုရားသခင်၏ လူများသည် လက်ဆောင်ပဏ္ဏာများနှင့်အလှူငွေများကို ကောင်းမှုပြုလိုသောသဘောဖြင့် စည်းကမ်းတကျကိုယ်တော်၏အကြံ အစည်အတိုင်း ဝမ်းမြောက်ဝမ်းသာစွာဖြင့် စေတနာပါလျက် ဆောင်ရွက်သောအခါ သူတို့သည် ဘုရားသခင်ထားတော်မူသည့် အမြဲတည်သောကတိတော်အတိုင်း သူတို့၏ဆောင်ရွက်လုပ်ကိုင်ခြင်းတို့၌ ဘုရားသခင်လိုအပ်သောအရာများကို နားထောင်ခြင်း၏ အချိုးအစားအတိုင်း စီးပွားတိုးတက်ခြင်းရှိမည်အကြောင်းကို သိရှိကြသည်။ သူတို့သည် ဘုရားသခင်တောင်းဆိုခြင်းကို အသိအမှတ်ပြု၍ ကိုယ်တော်၏လိုအပ်ခြင်းအတိုင်း လိုက်နာပြီးလျှင် ကိုယ်တော်ကို ဝတ္ထုပစ္စည်းဖြင့်ချီးမြှင့်ပါက သူတို့၏ ကျီသည် ပြည့်လျှံ၍နေလိမ့်မည်။ 3T 395.

–ဝ–

## (၆၈) ကယ်တင်ခြင်းခံရသောသူတို့၏ ပျော်ရွှင်ခြင်း၌ပါဝင်ခြင်း

စိတ်အားထက်သန်စွာဖြင့် ကိုယ့်အကျိုးမကြည့်ရှုတတ်သောအမှုတော်ဆောင်များသည် ဤနယ်ပယ်သို့ဝင်ရောက်အမှုတော်ဆောင်ရွက်ပါက သူတို့အဖို့ဆုလာဘ်ရှိသည်။ ၎င်းပြင် သူတို့ကို စေတနာဖြင့်ထောက်ပံ့သောသူတို့အဖို့လည်း ဆုလာဘ်ရှိသည်။ နယ်ပယ်၌ဆောင်ရွက်လုပ်ကိုင်ကြသောသူတို့အား သူတို့၏ကြေးငွေအားဖြင့် ထောက်ပံ့သောသူတို့သည် ကတိတည်သောသူတို့၏ဆုလာဘ်ဝေစုကို ခံစားခြင်းရရှိကြသည်။

ကြေးငွေအပ်နှံထားခြင်းခံရသည့် လိမ္မာသောဘဏ္ဍာစိုးတိုင်းတို့သည် ဘုရားသခင်၏ပျော်မွေ့ရာသို့ဝင်စားရလိမ့်မည်။ "ထိုနည်းတူ ဘုရားသခင်၏ကောင်းကင်တမန်တို့သည် နောင်တရသောလူဆိုးတစ်ယောက်၌ ဝမ်းမြောက်ခြင်းရှိကြသည်" ဟုမိန့်တော်မူ၏။ ဝိညာဉ်များကို ကတိတည်စွာဖြင့် အောင်မြင်သောသူတို့အဖို့ မင်္ဂလာရှိသောချီးမွမ်းခြင်း၊ သန့်ရှင်းသောမေတ္တာပို့ခြင်းရှိလိမ့်မည်။ ကောက်လှိုင်းများကိုယူဆောင်လာသောသူတို့ကို လက်ခံသောကောင်းကင်နိုင်ငံ၌ ပျော်ရွှင်နေသောသူတို့နှင့်ပူးပေါင်း၍ ပျော်ရွှင်ကြလိမ့်မည်။

ကယ်တင်ခြင်းခံရသောသူတို့သည် တွေ့ဆုံကြသောအခါ ပျော်ရွှင်ခြင်းသည် မည်မျှကြီးကျယ်အံ့နည်း။ သူတို့အဖို့ပြင်ဆင်ထားသောမင်းအိမ်များ၌ စုဝေးကြမည်။ မျက်နှာမလိုက်၊ ဤမြေပေါ်၌ ကိုယ်တော်၏အမှုတော်တိုးတက်ဖို့ရန် ကိုယ်တော်နှင့်အတူ လုပ်ကိုင်ဆောင်ရွက်သောသူတို့အဖို့ မည်မျှပျော်ရွှင်ခြင်းရှိအံ့နည်း။ "ငါ့ခမည်းတော်ထံ ကောင်းချီးမင်္ဂလာခံသောသူတို့၊ ကမ္ဘာဦးကပင် သင်တို့အဖို့ပြင်ဆင်သောနိုင်ငံကိုလာ၍ အမွေခံကြလော့။ ငါ၏သခင်နှင့်အတူ စည်းစိမ်ကိုဝင်စားလော့" ဟု ပီသကြည်လင်သော သခင်ယေရှု၏အသံကိုကြားရသောအခါ ကျွန်ုပ်တို့၌ မည်မျှကျေနပ်ခြင်းရှိကြမည်နည်း။

ကယ်တင်ရှင်သည် တန်ခိုးအသရေရှိတော်မူ၏။ အကြောင်းမှာ ကိုယ်တော်သည် အချည်းနှီးသေဆုံးတော်မူသည် မဟုတ်။ ဘုရားသခင်နှင့်အတူ လုပ်ဆောင်သောသူတို့သည် ဝမ်းမြောက်ရွှင်လန်းသောစိတ်များဖြင့် သူတို့၏အသက်ဝိညာဉ်သည် ပျက်စီးသေဆုံးနေသောသူတို့အဖို့ ရောဂါခံစားနေသည်ကို တွေ့ရ၍ စိတ်ကျေနပ်လျက်ရှိကြသည်။ သူတို့၏ငြိမ်သက်ခြင်းအတွက် စိတ်ပူပန်နေရသောအချိန်များ၊ ရှုပ်ထွေးနေသောအချိန်များကို တွေ့ဆုံရခြင်းများ၊ စိတ်ဝမ်းနည်းခြင်းများသည် မေ့ပျောက်သွားခဲ့သည်။ အမှုတော်ကိုထောက်ပံ့ဖို့ရန် သူတို့ကိုယ်ကိုငြင်းပယ်ခံရခြင်းများသည်လည်း မေ့ပျောက်သွားခဲ့လေပြီ။ သခင်ယေရှုအဖို့ သူတို့၏အောင်မြင်လာသောအသက်ဝိညာဉ်များကို တွေ့မြင်ရသောအချိန်၌ သူတို့သည် ထာဝရကယ်တင်ခြင်းခံစားနေရသည်ကိုလည်း တွေ့မြင်ပြန်သည်။ သူတို့သည် ဘုရားသခင်၏ သနားကြင်နာမှုမှတ်တိုင်နှင့် ကယ်တင်ရှင်၏မေတ္တာတော်လည်းဖြစ်သောကြောင့် ကောင်းကင်တစ်ခုလုံးသည် ချီးမွမ်းခြင်း၊ ကျေးဇူးတင်ခြင်းအသံတို့ဖြင့် ပဲ့တင်ထပ်၍သွားခဲ့လေသည်။ R & H, Oct. 10, 1907.



## မျှော်မှန်းထားသည်ထက်သာ၍ကြီးသောအဖြစ်မှန်

ခရစ်တော်သည် လူဇာတိကိုလက်ခံ၍ ဤမြေကြီးပေါ်၌ သန့်ရှင်းစင်ကြယ်သောအသက်တာဖြင့် နေထိုင်ခဲ့လေသည်။ ဤအကြောင်းကြောင့် ကိုယ်တော်သည် တရားသူကြီးရာထူးကို ရရှိသည်။ တရားသူကြီးရာထူးကိုရသောသူသည် လူ၏အသွေးအသား၌ ဘုရားသခင်ကိုဖော်ပြခြင်းဖြစ်သည်။ ကိုယ်တော်ကို ကျွန်ုပ်တို့၏ကယ်တင်ရှင်ဖြစ်ကြောင်း မှတ်မိသောကြောင့် ဝမ်းမြောက်စရာပင်ဖြစ်သည်။ ကိုယ်တော်၏လက်ဝါးကပ်တိုင်၏ ဒဏ်ချက်များရှိသေး၍ ထိုနေရာမှတန်ခိုးတော်သည် ထွန်းတောက်

လျက်ရှိသည်။ ငါသည် ကမ္ဘာကုန်ဆုံးသည်တိုင်အောင် သင်တို့နှင့် အတူရှိမည်ဟု မိန့်တော်မူသောအသံသည် ကယ်တင်ခြင်းခံရသောသူတို့အား ကိုယ်တော်၏ရှေ့တော်သို့လာရောက်ရန် ဝမ်းသာစွာကြိုဆိုနေသည်။

သူတို့အဖို့ အဖိုးထိုက်တန်သော မိမိအသက်ကိုပေးတော်မူသောသခင်၊ ကိုယ်တော်၏ကျေးဇူးတော်ဖြင့် သူတို့၏စိတ်နှလုံးကိုနှောင်တရစေသောသခင်သည် ယခုအချိန်၌ သူတို့ကို မိမိပျော်မွေ့ရာသို့လက်ခံတော်မူသည်။ သူတို့သည် ကိုယ်တော်ကို မည်မျှချစ်ကြသနည်း။ သူတို့၏မျှော်လင့်ခြင်းသည် မျှော်မှန်းထားသည်ထက် သာ၍ကြီးသောအဖြစ်မှန်သို့ရောက်ရှိခဲ့ပြီ။ သူတို့၏ပျော်ရွှင်ခြင်းသည် ပြည့်စုံပြီ။ သူတို့၏တောက်ပနေသောသရဖူများကိုယူ၍ ကယ်တင်ရှင်၏ခြေတော်ရင်း၌ ချထားကြသည်။ R & H, June 18, 1901.

## ကတိတော်သည်မြဲမြံ၏

ကယ်တင်ရှင်ကြွလာတော်မူခြင်းကို ကြာမြင့်စွာစောင့်မျှော်နေကြသည်။ သို့ငြားသော်လည်း ကတိတော်သည်မြဲမြံ၏။ များမကြာမီ ကျွန်ုပ်တို့သည် ကတိထားသောအိမ်တော်သို့ရောက်



ကြတော့မည်။ ထိုနေရာ၌ သခင်ယေရှုသည် ကျွန်ုပ်တို့ကို ဘုရားသခင်၏အထံတော်မှစီးဆင်းလာသော အသက်စမ်းရေနားသို့ ပို့ဆောင်တော်မူမည်။ ထိုနောက် ကျွန်ုပ်တို့၏အကျင့်ကိုပြည့်စုံစေနိုင်ဖို့ရန် ကိုယ်တော်သည် ကျွန်ုပ်တို့ကို ခေါ်ဆောင်လာရသောအကြောင်းများကိုဖော်ပြမည်။ ကျွန်ုပ်တို့သည် နေရာတိုင်း၌ ပါရဒိသုဘုံ၏လှပသောသစ်ပင်များကိုတွေ့မြင်ရမည်။ ၎င်းသစ်ပင်တို့၏အလယ်၌ အသက်ပင်ရှိ၏။ ထိုနေရာ၌ ကျွန်ုပ်တို့သည် ဒေဝဥယျာဉ်ပြန်၍ပေါ်လာသည်ကို ကြည်လင်သောမျက်စိဖြင့် တွေ့မြင်ကြမည်။ ထိုနေရာ၌ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဦးခေါင်းပေါ်၌တင်ထားသောသရဖူများကို ကယ်တင်ရှင်၏ခြေတော်ရင်း၌ချထားကြမည်။ ကျွန်ုပ်တို့သည် ရွှေစောင်းများကိုကိုင်၍ စင်မြင့်ပေါ်၌ထိုင်နေတော်မူသောသခင်ကို ချီးမွမ်းကျေးဇူးတင်ခြင်းသီချင်းများဖြင့် ချီးမွမ်းထောမနာပြုကြမည်။ R & H, Sept. 3, 1903.

## အချိန်အနည်းငယ်ကြာသောအခါ

များမကြာမီအချိန်တွင် သခင်ယေရှုသည် မိမိ၏လူများကို ကယ်တင်ရန် ကြွလာတော်မူ၍ သူတို့အားမသေနိုင်သောအသက်ကို ပေးတော်မူလိမ့်မည်။ "ယခုမျက်မှောက်၌ ပုပ်တတ်သော

အရာသည် မပုပ်နိုင်သောအဖြစ်သို့လည်းကောင်း၊ ယခု မျက်မှောက်၌ သေတတ်သောအရာသည် မသေနိုင်သောအဖြစ်သို့လည်းကောင်း ဝင်စားရမည်။ သင်္ချိုင်းတို့သည် ပွင့်သွားကြလိမ့်မည်။ သေဆုံးနေသောသူတို့သည် သင်္ချိုင်းတွင်းမှထွက်လာကြ၍ အို၊ သေမင်း၊ သင်၏လက်နက်ကား အဘယ်မှာနည်း။ အို၊ သေမင်းနိုင်ငံ၊ သင်၏အောင်မြင်ခြင်းကား အဘယ်မှာနည်း" ဟု ပြောဆိုကြမည်။ ခရစ်တော်၌အိပ်ပျော်နေသော ကျွန်ုပ်တို့၏ ချစ်သူများသည် မသေနိုင်သောအဖြစ်နှင့် ထမြောက်လာကြလိမ့်မည်။

ကယ်တင်ခြင်းခံရသောသူတို့သည် ကောင်းကင်သို့ တက်သွားသောအခါ ဘုရားသခင်၏မြို့တော်တံခါးသည် ပွင့်လာ၍ ကတိတရားကိုစောင့်ထိန်းသောသူတို့သည် အထဲသို့ ဝင်သွားကြလိမ့်မည်။ တေးသံထက်နက်သောအသံကို ကျွန်ုပ်တို့ ကြားရကြမည်။ ထိုအသံက၊ "ငါ့ခမည်းတော်ထံ ကောင်းချီးမင်္ဂလာခံသောသူတို့၊ ကမ္ဘာဦးကပင် သင်တို့အဖို့ပြင်ဆင်သော နိုင်ငံကိုလာ၍ အမွေခံကြလော့" ဟုပြောဆိုသည်။ ထိုနောက် သန့်ရှင်းသူတို့သည် ဆုလာဘ်ကို ရရှိကြမည်။ သူတို့၏ အသက်တာသည် ယေဟောဝါဘုရားသခင်၏အသက်တာနှင့် ယှဉ်ပြိုင်သွားလိမ့်မည်။ သူတို့သည် သူတို့၏သရဖူများကို



ကယ်တင်ရှင်၏ခြေတော်ရင်း၌ချထားကြမည်။ ရွှေစောင်းများကို ကိုင်၍ ကောင်းကင်တစ်ဝန်းလုံး သာယာနာပျော်ဖွယ်ကောင်းသောတေးသံဖြင့် ပဲ့တင်ထပ်စေလိမ့်မည်။ Signs, April 15, 1889.

–o–